ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)

၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်၊ တနင်္လာနေ့။ Monday 9 July 2018 ၉၃၄၂

# ဒုတိယသမ္မတ ဦးမြင့်ဆွေ တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် ဗဟိုကော်မတီ၏ ပြန်ကြားရေးဌာန ဝန်ကြီးအား လက်ခံတွေ့ဆုံ

## မြန်မာ-တရုတ် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဇူလိုင် ၈

**ဒုတိယသမ္မတ ဦးမြင့်ဆွေသည် တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်၊ အတွင်းရေးမှူးချုပ်ရုံး၏ အတွင်းရေးမှူးနှင့် ဗဟိုကော်မတီ၏ ပြန်ကြားရေးဌာနဝန်ကြီး H.E. Mr. Huang Kunming ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၆ နာရီ ၄၅ မိနစ်တွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ ရွှေစံအိမ်ဟိုတယ်၌ လက်ခံတွေ့ဆုံသည်။**



ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်၊ အတွင်းရေးမှူးချုပ်ရုံး၏ အတွင်းရေးမှူးနှင့် ဗဟိုကော်မတီ၏ ပြန်ကြားရေးဌာနဝန်ကြီး H.E. Mr. Huang Kunming ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တက်ရောက်လာသော ဧည့်သည်တော်များ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ကူညီပေးနေမှု အခြေအနေ၊ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဂုဏ်ပြုညစာ**

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် ဧည့်သည်တော် တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်၊ အတွင်းရေးမှူးချုပ်ရုံး၏ အတွင်းရေးမှူးနှင့် ဗဟိုကော်မတီ၏ ပြန်ကြားရေးဌာနဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရွှေစံအိမ်ဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**သတင်းစဉ်**

အနာဂတ်မြန်မာနိုင်ငံနှင့် ပတ်သက်၍ စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

စာမျက်နှာ - ၂

ဘာမထီ ဒီလူသားကို ကမ္ဘာတည်အစဉ် ညွတ်တွားလို့ မမေ့အားနိုင် လွမ်း

စာမျက်နှာ - ၆

**ရာနှုန်းပြည့်မိုး** (၉-၇-၂၀၁၈)

| | | |
|---|---|---|
| **နေပြည်တော်** | - | မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။ |
| **ရန်ကုန်** | - | မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။ |
| **မန္တလေး** | - | နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။ |



ကြေးမုံ

## ချစ်ခင်ရင်းနှီးမှုဖြင့် ငြိမ်းချမ်းခြင်းကို ရယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အဓိကလိုအပ်ချက်မှာ ထာဝရ ငြိမ်းချမ်းရေး ဖြစ်သည်။ ငြိမ်းချမ်းခြင်းသည် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းခြင်း ဖြစ်သည်။ တိုင်းရင်းသားပြည်သူများ၏ ပကတိလိုလားချက်မှာ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်လာရေးမှာ ငြိမ်းချမ်းရေးဖြစ်သည်။ တိုင်းရင်းသားပြည်သူများ တန်းတူညီမျှ လူမှုဘဝမြင့်မားတိုးတက်ရေးမှာ ငြိမ်းချမ်းရေးဖြစ်သည်။ ငြိမ်းချမ်းရေးမှာ မြန်မာနိုင်ငံအတွက် အထူးလိုအပ်နေသောကိစ္စ ဖြစ်သည်။

မျက်မှောက်ကာလ တိုင်းရင်းသားပြည်သူများ မျှော်မှန်းထားသော လမ်းစဉ်မှာ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စု တည်ဆောက်ရန်ဖြစ်သည်။ လက်နက်ကိုင်လမ်းစဉ်ဖြင့် ထာဝရ ငြိမ်းချမ်းရေးကို မတည်ဆောက်နိုင်။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးလည်း အလှမ်းဝေးနေမည်ဖြစ်သည်။ ထို့ကြောင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရေးအတွက် လက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းရေးကို ဦးစွာကြိုးပမ်းအားထုတ်ကြရမည် ဖြစ်သည်။

ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် NCA တွင် ပါဝင်လက်မှတ်ရေးထိုးရန် လိုအပ်သည်။ NCA သည် ငြိမ်းချမ်းရေးအတွက် တစ်ခုတည်းသော မဟာဗျူဟာဖြစ်သည်။ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ဆယ်ဂဏန်း နှစ်ခုမျှရှိသည်။ ထိုအဖွဲ့အစည်းများအားလုံး ပေါင်းစည်းမိရန် ကြိုးပမ်းအားထုတ်မှုမှာ လွယ်ကူလှသည် မဟုတ်ချေ။ ထို့ကြောင့် နှစ်ပေါင်း ၇၀ နီးပါး မငြိမ်းချမ်းသေးသော နိုင်ငံအဖြစ် သတ်မှတ်ခံရသည်။

အမှန်တကယ်တွင် လက်နက်ကိုင်အဖွဲ့အစည်းများ အပါအဝင် တိုင်းရင်းသားပြည်သူအားလုံး ငြိမ်းချမ်းရေးကို လိုလားနေကြသည်။ ဆယ်ဂဏန်း နှစ်ခုမျှရှိသော လက်နက်ကိုင်အဖွဲ့အစည်းများအနက် ဆယ်ဂဏန်းတစ်ခု NCA တွင် လက်မှတ်ရေးထိုးခဲ့ကြပြီးဖြစ်သည်။ လက်မှတ်ရေးထိုးပြီးသော်လည်း တစ်ခါတစ်ရံတွင် ပဋိပက္ခအချို့ရှိခဲ့သည်။ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား စာချုပ်ပါ သဘောတူညီချက်များ ပျက်ကွက်သဖြင့် အငြင်းပွားမှုများ၊ အပြန်အလှန်တိုင်ကြားမှုများအား ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ JMC-U က ဖြေရှင်းဆောင်ရွက်ပေးရသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်သာမက မည်သည့်အကြောင်းကိစ္စတွင်မဆို သံသယသည် အကြီးမားဆုံးပျက်စီးမှုကို ဖြစ်စေနိုင်သော စေ့ဆော်မှုဖြစ်သည်။ သံသယပျောက်မှသာ အမှန်ဘဝသို့ရောက်နိုင်သည်။ ယနေ့ ဖြစ်ပွားခဲ့သော ပဋိပက္ခများတွင် အမှန်တကယ် တစ်ဝက်၊ သံသယ တစ်ဝက်ရှိလိမ့်မည်။ ပြဿနာတစ်ရပ်ကို ဖြေရှင်းရာ၌ သံသယတံတိုင်း ခံနေသရွေ့ ဖြေရှင်းနိုင်လိမ့်မည် မဟုတ်ချေ။ သံသယကိုဖျောက်၍ ယုံကြည်မှုကို တည်ဆောက်ကြရန် လိုအပ်နေသည်။

မြန်မာနိုင်ငံတွင် လက်နက်ကိုင်ပဋိပက္ခများမှာ ရှည်လျားလှသည်။ ခါးသီးသောအတွေ့အကြုံများမှာ ရှည်ကြာခဲ့ပြီ။ ယုံကြည်မှုကို တည်ဆောက်ရာမှာ တိုတောင်းသေးသည်။ ထို့ကြောင့် ငြိမ်းချမ်းရေး ခရီးစဉ်အတွင်း သံသယစိတ်နှင့် စိုးရိမ်စိတ်များ ရှိနေကြသည်မှာ ယုံမှားဖွယ်မရှိချေ။ နှစ်ဖက်လက်နက်ကိုင်အဖွဲ့အစည်းများအကြား စိုးရိမ်ပူပန်မှုကို လျှော့ချနိုင်ပြီး ယုံကြည်မှုကို မြှင့်တင်နိုင်မည့် နည်းလမ်းသစ်များကို ညှိနှိုင်းရှာဖွေ အကောင်အထည်ဖော်နိုင်ကြစေရန် တိုက်တွန်း အပ်ပါသည်။

ကျွန်ုပ်တို့သည် တစ်မြေတည်းနေ တစ်ရေတည်းဖွားသည့် ညီအစ်ကိုမောင်နှမများဖြစ်ကြသည်။ သမိုင်းဆိုးမွေများကို နောက်ပြန်မကြည့်ဘဲ ကောင်းမွန်သောအနာဂတ်ကို ရှေးရှု၍ အပြုသဘောဆောင် ညှိနှိုင်းအဖြေရှာနေသည်။ အပြန်အလှန်ယုံကြည်မှုကို ခိုင်မာစွာ တည်ဆောက်နိုင်ရန်အတွက် ပုဂ္ဂိုလ်ချင်း ချစ်ခင်ရင်းနှီးမှုကို အရှည်ရယူ ခြင်းဖြင့် ငြိမ်းချမ်းမှုအား ခိုင်မာစွာတည်ဆောက်နိုင်မည်ဟု ကြေးမုံက ရှုမြင်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## အနာဂတ်မြန်မာနိုင်ငံနှင့်ပတ်သက်၍ စကားဝိုင်းဆွေးနွေးပွဲကျင်းပ



**ရန်ကုန် ဇူလိုင် ၈**

အနာဂတ်မြန်မာနိုင်ငံ ၂၀၅၀ ပြည့်နှစ်အတွက် ဖြစ်နိုင်ခြေလားရာမေးခွန်းများကို ကဏ္ဍအသီးသီးမှ အတွေ့အကြုံရှိ လုပ်ငန်းရှင်များ၊ ပညာရှင်များက ဖြေဆိုကြသည့် ယောမင်းကြီးဇရပ် စကားဝိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။

ယင်းအစီအစဉ်တွင် သက်ဆိုင်ရာ ကဏ္ဍအသီးသီးမှ ပညာရှင်များ၊ လက်တွေ့အားထုတ်ဆောင်ရွက်နေကြသူများကိုဖိတ်ကြား၍ မြန်မာ့လူ့ဘောင်၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ တန်ဖိုးထားမှုများနှင့် ပြဿနာများကို ဆန်းစစ်သုံးသပ်ကြပြီး အနာဂတ်သစ် ပုံဖော်နိုင်ရေး ဝေဖန်ပြောဆိုမှုများ၊ မြော်မြင်ချက်လားရာများကို ဆွေးနွေးကြရာ ဆွေးနွေးမှုများသည် နိုင်ငံတော်တည်ဆောက်ရေး၊ ပြည်ထောင်စုဝိသေသနှင့် စိတ်ဓာတ် တည်ဆောက်ရေး၊ လူမှုအဖွဲ့အစည်း အားကောင်းခိုင်မာရေးတို့အတွက် တစ်တပ်တစ်အားဖြစ်စေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် စစ်ကိုင်းအပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာပညာရေးစင်တာ၏ ကျောင်းအုပ်ကြီး စတော့ဟုမ်းငြိမ်းချမ်းရေးဆု ရရှိခဲ့သည့် ဆရာတော် အရှင်သောဘိတ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူး စိုင်းညွန့်လွင်၊ သမိုင်းပညာရှင်နှင့် စာရေးဆရာ ဒေါက်တာသန့်မြင့်ဦး၊ စာရေးဆရာမဂျူး၊ Myanmar Information Technology Pte.Ltd. ၏ အမှုဆောင်အရာရှိချုပ် ဒေါက်တာထွန်းသူရသက်၊ မုဒြာရဲ့ခေါ်သံ၊ ဥပါယ်တံမျဉ်စသည့် ရုပ်ရှင်ဇာတ်ကားများ၏ ဒါရိုက်တာ ခရစ္စတီးနားခီ၊ မြန်မာ့ဆန်စပါးအဖွဲ့ချုပ်၏ ဗဟိုအလုပ်အမှုဆောင်နှင့် မြန်မာနိုင်ငံမော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရေးအဖွဲ့ချုပ်၏ ဥက္ကဋ္ဌ ဒေါက်တာစိုးထွန်း၊ မြန်မာနိုင်ငံ၏ သဘာဝဝန်းကျင်အဖွဲ့အစည်းဖြစ်သော Ecodev Myanmar ၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးဝင်းမျိုးသူ၊ AP သတင်းဌာနတွင် နှစ်ပေါင်း ၂၅ နှစ်ကျော်လုပ်ကိုင်ခဲ့သူဖြစ်ပြီး ၂၀၁၃ ခုနှစ်တွင် မစ်ဇူရီ ဂျာနယ်လစ်ဇင်ကျောင်းမှ Honor Medal for Distinguished Service ဆုရရှိခဲ့သူ ဒေါ်အေးအေးဝင်း၊ ISP-Myanmar ၏ အမှုဆောင်ဒါရိုက်တာဦးမင်းဇင်နှင့် ISP-Myanmar ၏ ဆက်ဆံဆက်သွယ်ရေး ဒါရိုက်တာ ဦးအောင်သူငြိမ်းတို့က အနာဂတ်မြန်မာနိုင်ငံ ၂၀၅၀ ပြည့်နှစ်အတွက် ဖြစ်နိုင်ခြေအလားအလာများနှင့်ပတ်သက်၍ ကဏ္ဍပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံမှ ဆွေးနွေးခဲ့ကြသည်။

ယောမင်းကြီးဇရပ် စကားဝိုင်းဆွေးနွေးပွဲသည် အခြားသောဆွေးနွေးပွဲဖိုရမ်များနှင့် မတူခြားနားချက်မှာ လတ်တလော ကြုံတွေ့နေရသည့် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး ပြဿနာများကို ဆွေးနွေးကြသည် မဟုတ်ဘဲ ရေရှည်သဘောဆောင်သည့် အကြောင်းအရာများ၊ အလယ်အလတ်ကာလ သဘောဆောင်သည့် အကြောင်းခြင်းရာများကို ဆန်းစစ်ဆွေးနွေးခဲ့ကြပြီး အဆိုပါ စကားဝိုင်းဆွေးနွေးပွဲကို လစဉ်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းစကားဝိုင်းဆွေးနွေးပွဲသည် ကုန်းဘောင်ခေတ်တွင် ထင်ရှားခဲ့သော ပညာကျော်အမတ်တစ်ဦးဖြစ်သည့် ယောမင်းကြီးဦးဘိုးလှိုင်ကို ဂုဏ်ပြုကျင်းပခြင်းဖြစ်ပြီး ဇရပ်ဟူသည့် အဓိပ္ပာယ်သည် လူအများတို့ လက်ဖက်ရည်ကြမ်းဝိုင်းထိုင် ဒူးတိုက်ဆွေးနွေးရာနေရာ၊ အရေးအကြောင်းရှိပါက စုဝေးတိုင်ပင်နှီးနှောကြရာနေရာနှင့် အများပြည်သူပါဝင်နိုင်မှုကိုလည်း ဖော်ညွှန်းခြင်းကြောင့် ယောမင်းကြီးဇရပ် စကားဝိုင်းဆွေးနွေးပွဲဟု အမည်ပေးထားခြင်း ဖြစ်သည်။

**အေးမင်းသူ၊ ဇာနည်မောင်**

## မြေပုံမြို့၌ လွှတ်တော်ကိုယ်စားလှယ်များနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ တွေ့ဆုံ



**မြေပုံ ဇူလိုင် ၈**

မြောက်ဦးခရိုင် မြေပုံမြို့၌ လွှတ်တော်ကိုယ်စားလှယ်များနှင့် အိုင်အာရ်စီတက်လမ်းစီမံကိန်းဝင် မြေပုံမြို့နယ်နှင့် မင်းပြားမြို့နယ် အတွင်းရှိ ကျေးရွာ ၅၂ ရွာမှ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲကိစ္စရပ်များကို ဆွေးနွေးရန် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ တွေ့ဆုံပွဲအခမ်းအနားကို ဇူလိုင် ၈ ရက် နံနက် ၁၀ နာရီခွဲတွင် မြို့နယ်ခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားသို့ မြေပုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း၊ မင်းပြားမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလှအောင်ညွန့်နှင့် ဦးလှသိန်းမောင်၊ အိုင်အာရ်စီ တက်လမ်းစီမံကိန်းမှ စီမံချက်ဒါရိုက်တာ Marcel Alel Brun၊ လူထုဖွံ့ဖြိုးရေးညှိနှိုင်းမှု မန်နေဂျာ ဦးဝင်းနိုင်ဦးနှင့် တာဝန်ခံများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ တက်ရောက်ကြပြီး အိုင်အာရ်စီ တက်လမ်းစီမံကိန်း၊ စီမံချက်ဒါရိုက်တာက အဖွင့်အမှာစကား ပြောကြား၍ လူထုဖွံ့ဖြိုးရေးညှိနှိုင်းမှု မန်နေဂျာက ရည်ရွယ်ချက်နှင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များက မိမိကျေးရွာရှိ ပညာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး လိုအပ်ချက်များကို တင်ပြဆွေးနွေးကြသည်။ ထို့နောက် သက်ဆိုင်ရာမြို့နယ်၏ လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူများ၏ လိုအပ်ချက်များကို သက်ဆိုင်သည့် ဌာနဆိုင်ရာ အသီးသီးတို့နှင့် ပေါင်းစပ်ညှိနှိုင်းကာ လွှတ်တော်ရန်ပုံငွေ၊ ပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေနှင့် ပြည်ထောင်စုရန်ပုံငွေတို့ဖြင့် ပြန်လည်ဖြည့်ဆည်းပေးနိုင်ရန် စီစဉ်တင်ပြ ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

ကြေးမုံ

ခေတ္တစာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

## ဝံသာနုရက္ခိတတရား

လူမျိုးဆိုသည်မှာ သုခ ဒုက္ခ အတူခံစားကြ၍ နီးနီးစပ်စပ်အကျိုးချင်းထပ်ပြီးလျှင် နှစ်ပရိစ္ဆေဒ ရှည်လျားစွာ တစ်မျိုးတစ်စား တည်းပင်ဟု စိတ်ထားရှိသူတို့ကို တစ်စုတည်းပေါင်း၍ ခေါ်ဝေါ်ခြင်းသာ ဖြစ်ပေသည်။ အမျိုးအနွယ်၊ ကိုးကွယ်သည့်ဘာသာတရား၊ ပြောဆိုသည့်စကားတို့ကို အရေးထားရမည် ဖြစ်သော်လည်း စင်စစ်မှာ အေးအတူပူအမျှ၊ ကောင်းတူဆိုးဖက် ပူးပေါင်းနေလိုသော အစဉ်အလာ ဆန္ဒအပေါ်တွင် ဝံသာနုရက္ခိတတရားသည် တည်နေပေ၏။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၆ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့ ရွှေတိဂုံအလယ်ပစ္စယံညီလာခံ၌ ပြောကြားခဲ့သော မိန့်ခွန်းမှ ကောက်နုတ်ချက်)





## ဂုဏ်ပြုညစာ တည်ခင်းဧည့်ခံ

ဒုတိယသမ္မတ ဦးမြင့်ဆွေ တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်၊ အတွင်းရေးမှူးချုပ်ရုံး၏ အတွင်းရေးမှူးနှင့် ဗဟိုကော်မတီ၏ ပြန်ကြားရေးဌာနဝန်ကြီး H.E. Mr. Huang Kunming ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံစဉ်။

**(သတင်း- ရွှေဖုံး)**

# ခရီးသွားပြခန်း ပါဝင်ပြသနိုင်ရေးနှင့် ခရီးသွားမြှင့်တင်ရေး အကောင်အထည်ဖော်ဆောင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၈**

JATA Tourism Expo 2018 တွင် ခရီးသွားပြခန်း ပါဝင်ပြသနိုင်ရေးနှင့် ခရီးသွားမြှင့်တင်ရေး Digital Marketing အကောင်အထည်ဖော် ဆောင်ရွက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးအသင်းနှင့် Digital Marketing ဆောင်ရွက်နေကြသည့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသို့ ကိုရီးယား၊ တရုတ်နှင့် ဂျပန်နိုင်ငံများမှ ခရီးသွားဧည့်သည် လာရောက်လည်ပတ်မှု မြင့်တက်လျက်ရှိသောကြောင့် ဂျပန်နိုင်ငံမှ ခရီးသွားဧည့်သည်များ တိုးတက်ရောက်ရှိရေးဆောင်ရွက်ရန်၊ နိုင်ငံတကာခရီးသွားပြပွဲများတွင် နိုင်ငံကိုယ်စားပြုခရီးသွားပြခန်းများ ပါဝင်ပြသရာ၌ နိုင်ငံအကြောင်းကိုသိရှိရန် စိတ်ဝင်စားဖွယ် ခရီးစဉ်များကို ရှင်းလင်းပြောကြားရန် လိုအပ်ပါကြောင်း၊ ပြီးခဲ့သော ဇွန်လအတွင်း ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် ကျင်းပခဲ့သော (၃၃)ကြိမ်မြောက် ကိုရီးယား ကမ္ဘာ့ခရီးသွားပြပွဲတွင် မြန်မာနိုင်ငံပြခန်းအနေဖြင့် The Best Booth Operation Award ကို ရရှိခဲ့ပါကြောင်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဂျပန်ဈေးကွက်သာမက ကိုရီးယားနှင့် တရုတ်နိုင်ငံ၏ ခရီးသွားလုပ်ငန်းဈေးကွက်များကို ချဲ့ထွင်ရန်အတွက် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံများမှ ခရီးသွားဧည့်သည်များကို Visa Policy လျှော့ပေါ့ပေးရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ပါကြောင်း၊ ခရီးသွားမြှင့်တင်ရေးအတွက် ရန်ပုံငွေရရှိရေးကိုလည်း အထူးကြိုးပမ်း ဆောင်ရွက်နေပါကြောင်း၊ ခရီးသွားမြှင့်တင်ရေး ဆောင်ရွက်ရာတွင် Tourism Promotion အတွက်သာမက Country Promotion အတွက်ပါ ထည့်သွင်းစဉ်းစားစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဆွေက ၂၀၁၈ ခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း ဂျပန်နိုင်ငံရှိ မြို့လေးမြို့သို့ ပထမဆုံးအကြိမ်အဖြစ် Japan Tourism Road Show နှင့် Myanmar Festival 2018 သို့ သွားရောက်ခဲ့မှုကိုလည်းကောင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မေမြတ်မွန်ဝင်းက JATA Tourism Expo 2018 တွင် မြန်မာနိုင်ငံကိုယ်စားပြုခရီးသွားပြခန်း ပါဝင်ပြသနိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် Digital Marketing မြှင့်တင်ရေး နည်းဗျူဟာများ အကောင်အထည်ဖော်ရန် ကိစ္စရပ်များအား အကြံပြုဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်နယ်လွှတ်တော်ကော်မတီနှင့် ကျိုက်ထိုမြို့နယ်ဒေသခံပြည်သူများ တွေ့ဆုံ

**ကျိုက်ထို ဇူလိုင် ၈**

မွန်ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီက ကျိုက်ထိုမြို့နယ် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲကို ဇူလိုင် ၈ ရက် နံနက် ၉ နာရီခွဲတွင် ကျိုက်ထိုမြို့နယ် သာသနာ့ဗိမာန်၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် မွန်ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးထွန်းမင်းအောင် (ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်)က ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ တိုင်းရင်းသားလူမျိုးများ၏ အခန်းကဏ္ဍများ၊ မွန်ပြည်နယ်လွှတ်တော်၌ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများက အခြေခံပညာအထက်တန်းကျောင်းများတွင် တိုင်းရင်းသားစာပေ သင်ကြားပေးနေသည့် ဆရာ ဆရာမများအား ဝန်ထမ်းအဖြစ် တရားဝင်ခန့်ပေးစေလိုကြောင်း၊ တိုင်းရင်းသားစာပေသင်ကြားရေး ဆရာ ဆရာမ လျှောက်ထားသူ များပြားသော်လည်း ခေါ်ယူသည့် အနေအထားနည်းပါးကြောင်း၊ နွေရာသီကျောင်းပိတ်ရက်များတွင် တိုင်းရင်းသားစာပေသင်ကြားမှုအတွက် ကုန်ကျစရိတ်များအား ပြည်နယ်အစိုးရမှ ကူညီဆောင်ရွက်ပေးစေလိုကြောင်း၊ တိုင်းရင်းသားများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ရာတွင် အခက်အခဲများစွာ ဖြစ်ပေါ်လျက်ရှိကြောင်း စသည်ဖြင့် တင်ပြဆွေးနွေးကြရာ ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးထွန်းမင်းအောင်နှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်စိုးတို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

**ဝင်းမောင်(ကျိုက်ထို)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများအား ဂုဏ်ပြုဆုချီးမြှင့်





**နေပြည်တော် ဇူလိုင် ၈**

၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော စစ်သည်များ၊ တပ်မတော်သားမိသားစုဝင်သားသမီးများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၏ သားသမီးများနှင့် ဘက်စုံပညာထူးချွန်လူငယ်များအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

**ပေးအပ်**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် တပ်မတော်အခြေခံပညာအထက်တန်းကျောင်း၊ တပ်မတော်ပညာရေးကျောင်းများမှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံး ပထမဆုရရှိသော အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(မင်္ဂလာဒုံ) အောင်ဆန်းသူရိယ လှသောင်းကျောင်း၊ ဒုတိယဆုရရှိသည့် အခြေခံပညာအထက်တန်းကျောင်း (ရွှေနတ်တောင်)၊ တတိယဆုရရှိသည့် အမှတ်(၁၈)အခြေခံပညာအထက်တန်း ကျောင်း (မန္တလေး)တို့မှ ကျောင်းအုပ်ချုပ်မှုတာဝန်ခံအရာရှိများအား လည်းကောင်း၊ အောင်ချက်အကောင်းဆုံးပထမဆုရရှိသော အမှတ်(၂) တပ်မတော်ပညာရေးကျောင်း (မိတ္ထီလာ)၊ အမှတ်(၁၁)တပ်မတော်ပညာရေး ကျောင်း(မုံရွာ)နှင့် တတိယဆုရရှိသော အမှတ်(၃)တပ်မတော်ပညာရေး ကျောင်း(အောင်ပန်း)တို့မှ ကျောင်းအုပ်ကြီးများအားလည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က ခြောက်ဘာသာဂုဏ်ထူးရှင်များနှင့် (၇၂)ကြိမ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် နိုင်ငံတော်အဆင့် (ပထမဆု)၊ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အကြိမ်(၂၀)မြောက် ပိုစတာပြိုင်ပွဲ၊ နိုင်ငံတော် အဆင့် စာစီစာကုံးပြိုင်ပွဲတွင် (ဒုတိယဆု)၊ ၂၀၁၇ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဗဟိုအဆင့်ဆောင်းပါး၊ စာစီစာကုံး၊ ကဗျာနှင့် ပိုစတာပြိုင်ပွဲတွင် (ဒုတိယဆု)၊ နိုင်ငံတော်အဆင့် Singapore and Asia Schools Math Olympiads (Bronze Award) ၂၀၁၈ ပြိုင်ပွဲတွင်(တတိယဆု) ရရှိခဲ့သူများ အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့်ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းနှင့်ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်နှင့်ဇနီးတို့က ငါးဘာသာဂုဏ်ထူးရှင် ၁၅ ဦးအား ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ ထို့နောက် တာဝန်ရှိသူများက ငါးဘာသာ၊ လေးဘာသာ၊ သုံးဘာသာ၊ နှစ်ဘာသာနှင့် တစ်ဘာသာဂုဏ်ထူးရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

**ချီးမြှင့်**

ယနေ့ကျင်းပသော ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံးဖြစ်သည့် တပ်မတော်အခြေခံပညာအထက်တန်းကျောင်း သုံးကျောင်း၊ တပ်မတော်ပညာ ရေးကျောင်း သုံးကျောင်း၊ တစ်ဘာသာနှင့်နှစ်ဘာသာဂုဏ်ထူးရရှိခဲ့သူ စစ်သည် ၃၂ ဦး၊ တပ်မတော်သားမိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းမိသားစုဝင်သား သမီးများနှင့် စစ်သည်အစားခန့်အရပ်သားအမှုထမ်းများ၏ သားသမီးများ ဖြစ်ကြသည့် ခြောက်ဘာသာ ဂုဏ်ထူးရှင် ၅၀၊ ငါးဘာသာဂုဏ်ထူးရှင် ၁၁၉ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၅၆ ဦး၊ နိုင်ငံတော်အဆင့် ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၄ ဦးအား လည်းကောင်း၊ နိုင်ငံတော် အဆင့်ဆောင်းပါး၊ စာစီစာကုံးပြိုင်ပွဲဆုရရှိသူ လေးဦး၊ အဆင့်မြင့်ပညာအဆင့် အသက်မွေးဝမ်းကျောင်းတက္ကသိုလ်ပညာသင်ဆုရရှိသော တပ်မတော်သား မိသားစုဝင်များနှင့် စစ်မှုထမ်းဟောင်းမိသားစုဝင်သားသမီး ၈၄ ဦး စုစုပေါင်း ၄၇၉ ဦးတို့အား ဂုဏ်ပြုရွှေပြားဆု၊ ဂုဏ်ပြုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့အတူ ပညာဒါနစေတနာရှင်အလှူရှင်များ၏ လှူဒါန်းငွေများဖြင့် တပ်မတော်သား မိသားစုဝင်သားသမီးများ၊ စစ်မှုထမ်း ဟောင်း မိသားစုဝင်သားသမီးများမှ တစ်ဘာသာဂုဏ်ထူးရရှိသူ ၁၁၃၈ ဦးနှင့် နှစ်ဘာသာဂုဏ်ထူးရရှိသူ ၃၀၅ ဦး စုစုပေါင်း ၁၄၄၃ ဦးတို့အား ဂုဏ်ထူး တစ်ဘာသာလျှင် ဂုဏ်ပြုငွေကျပ် ၆၀၀၀၀ နှုန်းဖြင့် လည်းကောင်း၊ သုံးဘာသာဂုဏ်ထူးရရှိသူ ၂၂၁ ဦးအား ရွှေပြားဆုများကိုလည်းကောင်း အဝေးရောက်ချီးမြှင့်ခဲ့သည်။

တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော စစ်သည်များ၊ တပ်မတော်သားမိသားစုဝင်သားသမီးများ၊ စစ်မှုထမ်းဟောင်းမိသားစုဝင် သားသမီးများနှင့် စစ်သည်အစားခန့်အရပ်သားအမှုထမ်းများ၏ သားသမီးများ အား ဂုဏ်ပြုဆုချီးမြှင့်ခြင်းကို ၂၀၁၁-၂၀၁၂ ခုနှစ်မှစတင်ပေးအပ်ခဲ့ရာ ယခုအကြိမ်သည် သတ္တမအကြိမ်မြောက်ဖြစ်ပြီး စုစုပေါင်း ခြောက်ဘာသာ ဂုဏ်ထူးရှင် ၂၇၃ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၅၅၅ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၉၁၃ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၀၆၄ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၃၅၆ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၄၇၁၀ တို့အား ဂုဏ်ပြုရွှေသားဆုနှင့် ငွေသားဆုများချီးမြှင့်ပေးခဲ့သည်။ ထို့ပြင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစတင်၍ အဆင့်မြင့်ပညာအဆင့် အသက်မွေးဝမ်းကျောင်းတက္ကသိုလ် ပညာသင်ဆုများ ကိုလည်း ချီးမြှင့်ခဲ့ရာ ၂၀၁၄ ခုနှစ်တွင် ၇၂ ဦး၊ ၂၀၁၅ ခုနှစ်တွင် ၈၆ ဦး၊ ၂၀၁၆ ခုနှစ်တွင် ၈၂ ဦး၊ ၂၀၁၇ ခုနှစ်တွင် ၈၁ ဦးနှင့် ယခုနှစ်တွင် ၈၄ ဦး ပေးအပ်ခဲ့ပြီးဖြစ်သဖြင့် စုစုပေါင်း ၄၀၅ ဦးအား လစဉ်ချီးမြှင့်ထောက်ပံ့ငွေများ ပေးအပ်လျက်ရှိကြောင်းနှင့် ဆုရရှိသူများအနက် ထူးချွန်စစ်သည်များနှင့် ဘက်စုံထူးချွန်လူငယ်များအား ၂၀၁၃ ခုနှစ်မှစတင်၍ ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီးစဉ်များ စီစဉ်စေလွှတ်ပေးခဲ့ပြီး ယခုနှစ်တွင်လည်းထပ်မံ၍ ပြည်ပလေ့လာရေးခရီး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တန်ဖိုးမြှင့်ထုတ်ကုန်တင်ပို့ရောင်းချနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၈**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ဇူလိုင် ၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ အိသဥ္စာအောင် ကျောက်မျက်အချောထည်စက်ရုံသို့ ရောက်ရှိပြီး စက်ရုံအတွင်း ကျောက်စိမ်းအသားကျောက် အား တန်ဖိုးမြှင့်ထုတ်ကုန် ကျောက်စိမ်းလက်ကောက် ထုတ်လုပ်နေမှုအခြေအနေကို ကြည့်ရှုအားပေး၍ လိုအပ် သည်များ ဆွေးနွေးမှာကြားသည်။ အဆိုပါကုမ္ပဏီသည် ကျောက်စိမ်းအသားကျောက် အဆင့် C နှင့် D တို့ကို ဝယ်ယူ၍ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ကျောက်စိမ်း လက်ကောက်များ ထုတ်လုပ်ကာ အိမ်နီးချင်း တရုတ် နိုင်ငံနှင့် ထိုင်းနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့ မြန်မာနိုင်ငံ သစ်တောကျောင်း ကျွန်း ရတနာခန်းမ၌ ဆရာများနှင့် သင်တန်းသားများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံသစ်တောကျောင်း သင်တန်းသားများ လက်တွေ့လုပ်ငန်း ကွင်းဆင်း ဆောင်ရွက်သည့် လေ့ကျင့်ရေးသစ်တောကို ကြည့်ရှု စစ်ဆေး၍ မြေနေရာလပ်များတွင် ဝါးအမျိုးမျိုးစိုက်ပျိုး ရန်နှင့် ကျေးလက်ဒေသများ၌ ဝါးစိုက်ပျိုးခြင်းဖြင့် အချိန်တိုအတွင်း ဝင်ငွေတိုးနိုင်သည့်အတွက် ဝါးစိုက်ပျိုးမှု နည်းစနစ်၊ ပြုစု၊ ထိန်းသိမ်း၊ ထုတ်ယူသုံးစွဲမှုတို့ကို ဒေသခံ ပြည်သူများအား ဆင့်ပွားပညာပေးနိုင်ရေး သင်တန်းသား များအား စနစ်တကျသင်ကြားပို့ချပေးရန် မှာကြားသည်။ ဆက်လက်၍ လေ့ကျင့်ရေးသစ်တောအတွင်း သဘာဝ တောနှင့် ကော်ဖီပင်များ တွဲဖက်စိုက်ပျိုးထားရှိမှုနှင့် ပြင်ဦးလွင်မြို့နယ် သစ်တောဦးစီးဌာနက စမ်းသပ်စိုက်ပျိုး ထားရှိသည့် ကော်ဖီစမ်းသပ်စိုက်ခင်းကို ကြည့်ရှုစစ်ဆေး ၍ လိုအပ်သည်များဆွေးနွေးမှာကြားသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စဉ့်ကိုင်မြို့နယ် မြန်မာ့သစ်လုပ်ငန်း ပုလိပ်သစ်ဆိပ်မြေ နေရာ၌ ဖမ်းဆီးရမိပုံစံ(၈) သစ်များစုပုံထားရှိမှုနှင့် လေလံတင်ရောင်းချနိုင်မှုအခြေအနေကို ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာ ခရိုင် မလှိုင်မြို့နယ် မယ်ညိုတောင်ကြိုးဝိုင်း အကွက် အမှတ် ၁၅ ၌ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီး ဌာနက စိုက်ပျိုးတည်ထောင်ထားရှိသည့် ၂၀၁၇ ခုနှစ် ကျေးရွာသုံးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။ စိုက်ခင်း ယာယီရှင်းလင်းဆောင်တွင် စိုက်ခင်းတာဝန်ခံ ဦးစီးအရာရှိ ဦးမောင်မောင်နိုင်က စိုက်ခင်းရှင်သန်အောင်မြင်မှုအခြေ အနေ၊ မိုးရွာသွန်းမှုအခြေအနေနှင့် စိုက်ခင်းပြုစု ထိန်းသိမ်းရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြ သည်။ ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးသည့်နေရာဒေသ၊ ရာသီဥတုနှင့် မိုးရေချိန်ရရှိမှုတို့အပေါ် မူတည်၍ စိုက်ခင်း စိုက်ပျိုးမှုနည်းစနစ်များကို မှန်ကန်စွာရွေးချယ်ရန် လိုအပ်ကြောင်း၊ စိုက်ခင်းအတွင်း ကျန်းမာသန်စွမ်းသည့် ပျိုးပင်များဖြင့် စိုက်ပင်အပြည့်အဝရှိအောင် စိုက်ပျိုးရန် လိုအပ်ကြောင်း၊ သေပင်များကိုလည်း စစ်ဆေး၍ မိုးရွာသွန်းချိန်အမီ အချိန်နှင့်တစ်ပြေးညီ ဖြည့်စွက်စိုက်ပျိုး ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

## စပါးမျိုးသန့်မျိုးစေ့များ ထောက်ပံ့ပေး

**တပ်ကုန်း ဇူလိုင် ၈**

၂၀၁၈ ခုနှစ် မိုးစပါးရာသီတွင် နေပြည်တော် တပ်ကုန်း မြို့နယ်အတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုစီမံကိန်းကျေးရွာများရှိ မျိုးသန့်မျိုးပွား ထုတ်လုပ်မည့် တောင်သူများအား မျိုးသန့် မျိုးစေ့ ထောက်ပံ့ပေးအပ်ခြင်းနှင့် မိုးကြိုပဲတီစိမ်းဧက ၅၀၀ GAP လက်မှတ်ပေးအပ်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပ သည်။

ပေးအပ်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နှင့် တာဝန်ရှိသူများက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုစီမံကိန်းကျေးရွာများရှိ တောင်သူ ၁၀၆ ဦး လက်ဝယ်အရောက် စိုက်ဧက ၂၆၅ ဧကအတွက် ဆင်းသုခ၊ ဧရာမင်း၊ မနောသုခမျိုးသန့်မျိုးစေ့ ၂၆၅ အိတ် ထောက်ပံ့ပေးအပ်သည်။ ယင်းနောက် ရှောက်ကုန်းကျေးရွာ အုပ်စု ရှောက်ကုန်းကျေးရွာ မိုးကြိုပဲတီစိမ်းစိုက်တောင်သူ များအား GAP လက်မှတ်များပေးအပ်ခဲ့ကြောင်း သိရ သည်။

**တင်စိုးလွင်**

## လေဖိအားနည်းရပ်ဝန်း အားလျော့သွားပြီဖြစ်

**နေပြည်တော် ဇူလိုင် ၈**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ ကုန်းတွင်းပိုင်းသို့ ဝင်ရောက်ခဲ့ကာ အားလျော့သွားပြီ ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်ထားသည်။

**ကြေးမုံ**

# မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် စစ်ဆေး

**နေပြည်တော် ဇူလိုင် ၈**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်သည် ဇူလိုင် ၅ ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီးဝင်းနိုင်ဦးနှင့်အတူ မော်လမြိုင်မြို့ရှိ မွန်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ ရောက်ရှိစစ်ဆေးရာ မွန်ပြည်နယ် ညွှန်ကြားရေးမှူးက နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် အုပ်ချုပ်မှုဆိုင်ရာအခြေအနေများကို ရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပြီး ဝန်ထမ်းများနှင့်တွေ့ဆုံကာ ရုံးဝင်းအတွင်းရှိ ယန္တရားသိုလှောင်ရုံနှင့် ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် မုဒုံမြို့ရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသို့ ရောက်ရှိပြီး လေ့ကျင့်သင်ကြားပေးနေသော အခြေခံအိမ်တွင်းမှုသင်တန်း၊ ခေတ်မီ မော်တာစက်ချုပ်သင်တန်းနှင့် သင်တန်းသားအိပ်ဆောင်၊ စားရိပ်သာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၁၈-၂၀၁၉ ပထမခြောက်လ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကျိုက်မရောမြို့နယ် တံတားဦး(မူလွန်) ကျောင်းနှင့် ဖာသိမ်(အထက-ခွဲ)ကျောင်းများမှ ဆရာဆရာမများအတွက် တန်ဖိုးနည်းနေအိမ် တည်ဆောက်ခြင်းလုပ်ငန်းကိုကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရေးမြို့နယ် မော့ကနင်-ဘဲလမု-ဘီဆိုင်-ကွမ်းသီးတောလမ်း(၃၄/၆)မိုင် လမ်းလုပ်ငန်းခွင်သို့ရောက်ရှိ၍နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သော ကျောက်လမ်း(၂/၀)မိုင်နှင့်၂၀၁၈ ၂၀၁၉ ပထမခြောက်လ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသော ကျောက်ခင်းခြင်း (၁/၄) မိုင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၆ ရက် နံနက်ပိုင်းတွင် ရေးမြို့ရှိ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းနှင့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့သွားရောက်၍ သက်ဆိုင်ရာကျောင်းအုပ်များ၊ သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံမှာကြားပြီး လေ့ကျင့်သင်ကြားပေးနေသော အခြေခံအိမ်တွင်းမှုသင်တန်း၊ စားရိပ်သာများနှင့် အိပ်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေဖြူမြို့နယ်အတွင်း၂၀၁၈-၂၀၁၉ ပထမခြောက်လဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ပေါက်ပင်ကွင်း-မလွဲတောင် ကျေးရွာချင်းဆက် ကျောက်ခင်းခြင်း (၁/၄)မိုင်နှင့် ဖားချောင်း-တောင်ရင်းအင်း-ဆယ်အိမ်စုကျေးရွာချင်းဆက် ကျောက်ခင်းခြင်း(၁/၄) မိုင် လုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ထားဝယ်မြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းသို့ ရောက်ရှိ၍ ကျောင်းအုပ်၊ နည်းပြနှင့်သင်တန်းသားများအား တွေ့ဆုံ၍ လက်တွေ့သင်ကြားပို့ချလျက်ရှိသော အခြေခံစက်ပြင်၊ လျှပ်စစ်နှင့်ဂဟေဆက်ခြင်း၊ အခြေခံမော်တော်ကားပြုပြင်ခြင်းနှင့် လက်ကိုင်ဖုန်းပြုပြင်ခြင်းသင်တန်းများ လေ့ကျင့်ပို့ချနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇူလိုင် ၇ ရက် နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးရုံးသို့ ရောက်ရှိပြီး တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအခြေအနေများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် ၂၀၁၈-၂၀၁၉ ပထမခြောက်လပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်နေသော ထားဝယ်မြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်း ဆောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နယ်စပ်ရေးရာဝန်ကြီးဌာန ၂၀၁၈-၂၀၁၉ ပထမခြောက်လ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော လောင်းလုံးမြို့နယ် စမ်းလှမ်းကျေးရွာအဝင်လမ်း(၄/၀) မိုင် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကိုကြည့်ရှု၍ စမ်းလှမ်းကျေးရွာ အခြေခံအလယ်တန်းကျောင်းခွဲမှ ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးစာအုပ်နှင့် ကျောင်းဝတ်စုံများ ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပရဟိတဂေဟာများသို့ သွားရောက်လေ့လာ

**ရန်ကုန် ဇူလိုင် ၈**

ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အသင်းအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာမြသီတာ ဦးဆောင်သည့် အဖွဲ့ဝင် ငါးဦးပါဝင်သော အဖွဲ့သည် ဇူလိုင် ၆ ရက်က ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ အောင်ဇေယျာမင်း မိဘမဲ့ပရဟိတဂေဟာ၊ ကွမ်းခြံကုန်းမြို့နယ်ရှိ ရွှေကျင်ကျောင်း ပရိယတ္တိစာသင်တိုက်နှင့် ဝိဇယမင်္ဂလာ ပရိယတ္တိစာသင်တိုက်များသို့ သွားရောက်လေ့လာပြီး အဆိုပါ ပရဟိတဂေဟာများမှ ဦးစီးပဓာန နာယကဆရာတော်များ၊ ကျောင်းအကျိုးဆောင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း၏ မူဝါဒ၊ ဆောင်ရွက်ချက်များ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရရှိနိုင်သည့် ကူညီစောင့်ရှောက်မှုများ၊ ထောက်ပံ့မှုများကို ဆွေးနွေးပြောကြားကာ ပရဟိတဂေဟာများအသင်းအဖွဲ့မှတ်ပုံတင်ပြုလုပ်ရာတွင် ကြန့်ကြာမှုမရှိရေး ချိတ်ဆက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်မှုများနှင့် ပတ်သက်၍ အောင်ဇေယျာမင်းမိဘမဲ့ပရဟိတဂေဟာမှ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဇေယျာနန္ဒက "အခုလိုဘုန်းကြီးတို့ လိုအပ်ချက်တွေကိုလာရောက်မေးမြန်းပြီး သက်သာရာသက်သာကြောင်း နည်းလမ်းတွေပေးတဲ့အတွက် ဘုန်းကြီးမှာအားဆေးရသလို ဖြစ်သွားတာပေါ့။ ဘုန်းကြီးရဲ့ အခက်အခဲတွေ ဒီနေ့ကစပြီးကျော်လွှားနိုင်ပြီ။ စိတ်လေးတာတွေလည်းပေါ့သွားပြီဆိုတော့ ဝမ်းသာပါတယ်"ဟု မိန့်ကြားသည်။

အောင်ဇေယျာမင်းမိဘမဲ့ပရဟိတဂေဟာကို ၂၀၀၈ ခုနှစ်မှ စတင်တည်ထောင်ခဲ့ပြီး ယခုအချိန်တွင် မိဘမဲ့ကလေးသူငယ်များ အပါအဝင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၇၀၀ ကျော်ရှိသည်။ ရွှေကျင်ကျောင်းပရိယတ္တိစာသင်တိုက်တွင် မိဘမဲ့ကလေးသူငယ်များ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၂၃ ဦးနှင့် ဝိဇယမင်္ဂလာ ပရိယတ္တိစာသင်တိုက်တွင် မိဘမဲ့ကလေးသူငယ်များ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၇၀ ကျော်ရှိကြောင်း သိရသည်။

ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ လမ်းညွှန်မှုဖြင့် ၂၀၁၇ ခုနှစ် ဧပြီလမှ စတင်ဖွဲ့စည်းခဲ့ပြီး အသိပညာပေးလုပ်ငန်းများ၊ ရင်ခွင်မဲ့ကလေးငယ်များ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့် တစ်ကိုယ်ရေမိခင်များအား ပြုစုစောင့်ရှောက်သော လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

**သတင်း - နန္ဒာဝင်း**
**ဓာတ်ပုံ-လှမိုး**



**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး**




# အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အထိမ်းအမှတ် ဈေးရောင်းပွဲတော် ဝယ်ယူသူများနှင့် စည်ကားလျက်ရှိ

**နေပြည်တော် ဇူလိုင် ၈**

၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အထိမ်းအမှတ် ဈေးရောင်းပွဲတော်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန သမဝါယမ ဦးစီးဌာန ရုံးအမှတ်(၁၆)၌ ကျင်းပရာ နေပြည်တော်ဝန်းကျင်ရှိ ပြည်သူများနှင့် ဝန်ထမ်းများ လာရောက်အားပေးသဖြင့် အထူးစည်ကားလျက်ရှိသည်။

တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ သမဝါယမအသင်းများ၏ ထုတ်ကုန်ပစ္စည်းများနှင့် ဒေသထွက်ကုန်ပစ္စည်းများဖြစ်သည့် အဝတ်အထည် အမျိုးမျိုး၊ စားသောက်ကုန်အမျိုးမျိုး၊ လူသုံး၊ အိမ်သုံးပစ္စည်းအမျိုးမျိုးကို ဇူလိုင် ၅ ရက်မှစ၍ ရောင်းချပေးခဲ့ရာ ယနေ့အထိ ကျပ်သိန်းပေါင်း ၁၂၁၄ သိန်း ရောင်းချနိုင်ခဲ့ပြီး ဖြစ်သည်။ ဆက်လက်၍ ဇူလိုင် ၉ ရက်အထိ ရောင်းချသွားမည်ဖြစ်ရာ ပြည်သူများအနေဖြင့် တစ်နေရာတည်းတွင် ဒေသထွက်ကုန်ပစ္စည်း အမျိုးမျိုးကို ဈေးနှုန်းချိုသာစွာဖြင့် လာရောက်ဝယ်ယူ အားပေးနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**အာဇာနည်နေ့အကြို ဆောင်းပါး**

# ဘာမထီ ဒီလူသားကို ကမ္ဘာတည်အစဉ်ညွတ်တွားလို့ မမေ့အားနိုင် လွမ်း

**လဇူလိုင် တစ်ဆယ့်ကိုး**
**သွန်းဖြိုးတဲ့ မိုးနဲ့အပြိုင်**
**ကျမျက်ရည်ဖြိုင်။**
**ပြန်မလာနိုင် သိသည့်တိုင်**
**မျှော်ရည်တမ်း**
**အောင်ဆန်းတဲ့ဇာနည်။**
**ဘာမထီ ဒီလူသားကို ကမ္ဘာတည်အစဉ်ညွတ်တွားလို့**
**မမေ့အားနိုင် လွမ်း။** တဲ့။



လူမှုကွန်ရက် စာမျက်နှာပေါ်မှာ ဖတ်ရတဲ့ကလောင်အမည် ဒေါင်းရင်သွေးရေးတဲ့ ကဗျာလေးတစ်ပုဒ်ဖတ်ရင်း အာဇာနည်နေ့ရောက်တိုင်း မျက်ရည်လည်ခဲ့ကြတဲ့ အဖြစ်တွေကို ပြန်မြင်ယောင်စေခဲ့ပါတယ်။ အမှန်တော့လည်း ဒီကဗျာလေးထဲမှာ ကဗျာဆရာရေးထားသလို ဒီလိုမိုးတွေ ဖြိုင်ဖြိုင်ရွာတဲ့ ဇူလိုင်လရောက်တိုင်း ကျွန်တော်တို့ကိုယ်စီ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ကျဆုံးသွားရှာပြီဖြစ်တဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေကို အထူးအမှတ်ရနေတတ်ကြတာ အခု ဇူလိုင် ၁၉ ရက်နေ့ဆိုရင် ၇၁ နှစ်တောင် ရှိခဲ့ပါပြီ။

**နှစ်စဉ်နှစ်တိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြ**

အမှတ်မရဘဲလည်း ဘယ်လိုနေနိုင်ပါ့မလဲ။ ကျွန်တော်တို့ လူလတ်ပိုင်း အသက် ၃၅ နဲ့အထက် သူတွေဆိုရင် လူမှန်းသိတတ်စအချိန်ကတည်းကနေ အထက်တန်းပြီးဆုံးသည်အထိ နှစ်စဉ်နှစ်တိုင်း ယခုလို ဇူလိုင်လမိုးတွေ ရွာတဲ့အချိန် အာဇာနည်နေ့မရောက်ခင်ကတည်းက ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေအကြောင်းကို ဆရာ ဆရာမကြီးတွေက ပောပြောပြပေးတာ၊ နောက် ဗိုလ်ချုပ်တို့နဲ့ ပတ်သက်တဲ့ ကဗျာပြိုင်ပွဲ၊ တေးသရုပ်ဖော်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲတွေ ကျင်းပပေးတာတွေ လုပ်ပေးခဲ့ကြပါတယ်။ ဒါ့အပြင် ဇူလိုင်လ ၁၉ ရက်နေ့ရောက်ပြီဆိုရင်လည်း ကျောင်းပိတ်ရက်နဲ့ တိုက်နေပါစေ၊ ကျောင်းကို သွားကြရပြီး ဗိုလ်ချုပ်တို့ ကျဆုံးတဲ့အချိန် နံနက် ၁၀ နာရီ ၃၇ မိနစ်ရောက်ရင် အလံတစ်ဝက်ချထားတဲ့ နိုင်ငံတော်အလံတိုင်ရှေ့မှာ မိုးရွာရွာ၊ နေပူပူ စုရုံးမတ်တတ်ရပ်ပြီး တစ်မိနစ်ငြိမ်သက်လို့ မျက်ရည်ဖြိုင်ဖြိုင်ကျပြီး ဝမ်းနည်းခဲ့ကြရတာတွေကို ပြန်ပြောင်းသတိရနေတတ်ကြပါတယ်။ မြို့တွေမှာဆိုရင်လည်း အဲဒီအချိန်ရောက်ပြီဆိုတာနဲ့ ဥဩသံရှည်ကြီးဆွဲလိုက်ရင် လမ်းတစ်လျှောက်သွားလာနေကြတဲ့ လူတွေ၊ ယာဉ်တွေ မှန်သမျှ မိမိရောက်တဲ့နေရာမှာတင်ရပ်လို့ ဥဩသံရှည်ကြီး ဆုံးသည်အထိ ငြိမ်သက်လို့ဝမ်းနည်းကြောင်း ပြခဲ့ကြတာ။ နောက်ဆုံးသွားနေတဲ့ မီးရထားကြီးတွေတောင် ရောက်လက်စဖြစ်တဲ့ လယ်ကွင်းတွေ အလယ်မှာရပ်ပြီး သူလည်း ဥဩသံရှည်ကြီးဆွဲတာတွေ လုပ်ခဲ့ကြတာ အခုအချိန် ပြန်တွေး ပြန်ရေးရင်းနဲ့တောင် ကျွန်တော် မျက်ရည်လည်မိနေပါတယ်။

**မျှော်မှန်းပြီးတမ်းတ လွမ်းခဲ့ကြ**

အမှန်ဆိုရင် ဗိုလ်ချုပ်နဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေ ပြန်ပေါ်မလာမှန်းသိသိနဲ့ပဲ နှစ်စဉ်နှစ်တိုင်း ပြည်သူအပေါင်းက လွမ်းတသသဖြစ်ပြီး သတိရကြ၊ အလေးပြုကြ၊ ကုသိုလ်လုပ်ပေးကြ ဖြစ်နေခဲ့ကြတာ။ သူတို့ကို ပြည်သူတွေက မမေ့နိုင်အားဘဲ ကမ္ဘာတည်သရွေ့ သတိရနေကြမှာ အမှန်ပါပဲ။ ဒါဆိုရင် ဘာဖြစ်လို့ ဒီလိုတွေ သတိရနေကြတာလဲ။ သူတို့က ဘယ်လိုစိတ်ထားတွေရှိခဲ့လို့လဲဆိုတာကို အားလုံးလည်း သိပြီးသားတွေ ဆိုပေမယ့်လည်း ဒီလို အာဇာနည်နေ့နီးလာချိန်မှာတော့ အလွမ်းပြေ ပြန်ပြောင်းပြောပြချင်မိပါတယ်။ ဒီနေရာမှာ အဓိက ပြောမိချင်တာက ဗိုလ်ချုပ်အောင်ဆန်း အကြောင်းပါပဲ။ သူ့အကြောင်းပြောရမယ်ဆိုရင် ထမင်းမေ့ ဟင်းမေ့ဆိုသလို မမောနိုင်၊ မပန်းနိုင် ပြောမိကြမှာဖြစ်သလို ပြောလို့လည်း ကုန်နိုင်မယ် မထင်ပါဘူး။ အမှန်တော့ ဗိုလ်ချုပ်အောင်ဆန်းမှာ သာမန်လူတွေထက် ထူးခြားတဲ့စိတ်စွမ်းရည်တွေ ပိုင်ဆိုင်ထားတာအားလုံးလည်း သိကြမှာပါပဲ။ ဒါကြောင့်မို့ ဗိုလ်ချုပ်ကို မမေ့ကြသလို အာဇာနည်သူရဲကောင်းအဖြစ် မှတ်တမ်းတင်ပြီး လွမ်းတသသ ဖြစ်နေကြရတာပဲ ဖြစ်ပါတယ်။

**မိဘတိုင်းက မွေးမြူကြရမယ်**

ဒါကြောင့်မို့ပဲ အာရှသူရဲကောင်းသီချင်းထဲကလို "ငါတို့မြန်မာပြည်ဝယ် မိဘတိုင်းကကွယ်၊ ဗိုလ်အောင်ဆန်းလို သူရဲကောင်းတွေမွေးရမယ်။ ငါတို့ မြန်မာပြည် မိဘတိုင်းကကွယ်--- အာဇာနည်အစစ်တွေကို ရှိဖို့မွေးရမယ်" လို့ဆိုတဲ့အတိုင်း ကျွန်တော်တို့နိုင်ငံတော်အတွက် အဓိကလိုအပ်နေတဲ့ ဗိုလ်ချုပ်အောင်ဆန်းလို သူရဲကောင်း၊ အာဇာနည်အစစ်တွေ ပေါ်ထွန်းလာဖို့ဆိုရင် မိဘတိုင်းက ကိုယ့်သားသမီးတွေကို ပြုစုပျိုးထောင်သင်ကြားလေ့ကျင့်ပေးရမယ်လို့ ဆိုလိုရင်းပဲဖြစ်ပါတယ်။

**စံပြခေါင်းဆောင်ဗိုလ်ချုပ်၏ ဂုဏ်အင်္ဂါများ**

အမှန်တကယ်လည်း ဗိုလ်ချုပ်ဟာ လက်ရုံးရည် နှလုံးရည်တွေအပြင် ကိုယ်ကျင့်တရား အထူးကောင်းမွန်တဲ့ စံပြခေါင်းဆောင်ကြီးဖြစ်သူဆိုတာ ခြွင်းချက်မရှိ လက်ခံထားရတဲ့အချက်ပါ။ စံပြခေါင်းဆောင်ကြီးဖြစ်တာနဲ့အညီ ဗိုလ်ချုပ်ကို အတုခိုးပြီး ယနေ့ခေတ်ခေါင်းဆောင်တွေကလည်း ကျင့်ကြံလုပ်ဆောင်ကြရမှာဖြစ်သလို ကျွန်တော်တို့ ပြည်သူအပေါင်းကလည်း ဗိုလ်ချုပ်ချမှတ်ထားတဲ့ လမ်းစဉ်၊ ဗိုလ်ချုပ်ဖြစ်စေချင်တဲ့ တိုင်းပြည်ကြီးဖြစ်အောင် ဝိုင်းဝန်းကြိုးစားကြရမှာပါ။ ဗိုလ်ချုပ်ဟာ ရိုးသားသလို အလွန်ကြိုးစားသူ၊ အမှန်တရားကို မြတ်နိုးပြီး တိုင်းပြည်ကို ချစ်တဲ့သူ၊ ကိုယ်ကျိုးဟူသမျှ မြူမှုန်မျှမတွေးဘဲ တိုင်းပြည်အတွက်သာ ကိုယ်ကျိုးစွန့်ခဲ့သူ၊ သူရရှိထားတဲ့ ရာထူးအာဏာပါဝါကို ကိုယ်ကျိုးအတွက် တစ်ခုတလေမျှ အသုံးမချခဲ့သူ၊ ရိုးရိုးပဲ ဝတ်စားနေထိုင်ပြီး နိုင်ငံ့ဘဏ္ဍာထဲက အခွင့်အရေးတစ်စုံတစ်ရာမယူခဲ့သူ၊ ကိုယ်ကျင့်တရားကောင်းမွန်ပြီး မိမိကြင်သူဇနီးမယားအပေါ်မှာသာ ချစ်ခင်သစ္စာစောင့်သိသူ စသဖြင့် ဗိုလ်ချုပ်ရဲ့ ဂုဏ်တွေကို ပြောရင် မကုန်နိုင်တာ အားလုံးလည်း သိကြပြီးသားတွေပါပဲ။

**အဂတိကိုရှုံ့ရှာ ကိုယ်ကျိုးစွန့်အနစ်နာခံ**

အထူးသဖြင့် လေးစားစရာကောင်းလွန်းတဲ့အချက်ကတော့ အဂတိတရားကို အလွန်ရှုံ့ရှာ စက်ဆုပ်ခြင်းပဲဆိုတာကိုလည်း မြင်တွေ့ရသလို သူ့ကိုယ်ကျိုးအတွက် သုံးစွဲဖို့ ပေးကမ်းလာကြတဲ့ ရွှေငွေတွေကိုပင် တိုင်းပြည်လွတ်လပ်ရေးအတွက် သုံးဖို့ ပြန်ပေးခဲ့တာကိုကြည့်ရင် တိုင်းပြည်ဘဏ္ဍာဆိုရင် ပိုလို့တောင် သူ့ကိုယ်ကျိုးအတွက် မစဉ်းစားဘူးဆိုတာ မြင်နိုင်မှာပါ။ သူတွေးတာ၊ လုပ်တာမှန်သမျှ နိုင်ငံနဲ့လူမျိုးအတွက်သာ ဖြစ်စေရမယ်လို့ စိတ်ထားကို ဖြူဖြူစင်စင်ထားတာ၊ မာန်မာနမရှိတာ၊ တိုင်းပြည်အကျိုး ကောင်းရာကောင်းကျိုးလုပ်နေတာဖြစ်တဲ့အတွက် သူ့အပေါ် မလိုမုန်းထားမယ့်သူမရှိ၊ ဒီအတွက် အနားမှာ လုံခြုံရေးပင်မထားတာလည်း ဖတ်ရ၊ သိရပြန်ပါတယ်။

**ဗိုလ်ချုပ်ထံမှ အတုယူလိုက်နာရမယ့် အရာများစွာ**

ဗိုလ်ချုပ်အောင်ဆန်းဟာ ကျွန်တော်တို့ နိုင်ငံရဲ့ လွတ်လပ်ရေးဖခင်ကြီးတစ်ဦးဖြစ်သလို လူတိုင်းအတုယူလေးစားရမယ့် စံပြပုဂ္ဂိုလ်ကြီးလည်း ဖြစ်ပါတယ်။ လူတစ်ယောက်ဖြစ်လာရင်၊ နိုင်ငံသားတစ်ယောက်ဖြစ်လာရင် ဘယ်လိုနေရမယ်၊ ဘယ်လိုထိုင်ရမယ်၊ နိုင်ငံနဲ့လူမျိုးအတွက် ဘယ်လိုတာဝန်ကျေရမယ် ဆိုတာတွေကို သူ့ဆီက သင်ယူလို့ရတဲ့အထိ စံနူန်းတွေပြည့်ဝပါတယ်။ ဝေးဝေးလံလံနိုင်ငံတကာမှ ခေါင်းဆောင်တွေအကြောင်းတောင် ဖတ်မှတ်လေ့လာပြီး အတုယူစရာမလိုအောင်ကို မိမိကိုယ်ကို မှတ်ကျောက်တင်ခံနိုင်လောက်တဲ့အထိ ရပ်တည်ရမယ့် စိတ်ဓာတ်နဲ့ သေမယ့်နေ့အထိ တိုင်းပြည်အတွက် မမောနိုင် မပန်းနိုင်အလုပ်လုပ်ကြရမယ်ဆိုတာတွေလည်း နောင်လာနောက်သားတွေအတွက် ပြသသွားခဲ့ပါတယ်။ နိုင်ငံနဲ့လူမျိုးအတွက် ကောင်းရာကောင်းကျိုး လုပ်တဲ့နေရာမှာ စိတ်ကောင်းစေတနာထားပြီး စိတ်ဓာတ် မာကျောဖို့လိုတာကိုလည်း သင်ယူကြရမှာပါ။

အခုလက်ရှိ လူငယ်တွေအနေနဲ့ ဗိုလ်ချုပ်ရဲ့ အတ္ထုပ္ပတ္တိကို ကြေညက်အောင် သိရှိလေ့လာကြစေလိုတာပါ။ ဗိုလ်ချုပ်ပုံတွေ မြင်ခဲ့ရင်တောင် ဒီအဝတ်အစားက ဂျပန်ကို စစ်ပညာသင်ယူစဉ်ကဝတ်ခဲ့တာ၊ ဒီပုံကတော့ ဂျပန်ခေတ်မှာ စစ်ဝန်ကြီးဖြစ်ခဲ့စဉ်က ဝတ်ခဲ့တာ၊ ဒီပုံကတော့ ဖဆပလညီလာခံမှာ မိန့်ခွန်းပြောရင်းဝတ်ခဲ့တာ၊ ဒီပုံကတော့ လန်ဒန်ကို သွားတုန်းက ဝတ်ထားတာ၊ ဒီပုံကတော့ တိုင်းပြုပြည်ပြုလွှတ်တော်မှာ အမတ်ဘဝနဲ့ ဝတ်ခဲ့တာ၊ ဒီပုံကတော့ အင်္ဂလိပ်နယ်ချဲ့တွေကို တွန်းလှန်တိုက်ထုတ်ခဲ့စဉ်ကဝတ်ခဲ့တာစသဖြင့် လူငယ်တွေအနေနဲ့ ခွဲခွဲခြားခြား မြင်ကြည့်တတ်ကြတဲ့အထိ ဖြစ်စေချင်ပါတယ်။

**ဗိုလ်ချုပ်၏ ဝါဒနဲ့လမ်းစဉ်ကို လိုက်နာ တိုင်းပြည်အကျိုးလုပ်**

ဒီအတွက် နိဂုံးချုပ်ရရင် အခုလိုမိုးတွေဖြိုင်တဲ့ ဇူလိုင်လရောက်တိုင်း ကျင်းပလေ့ရှိတဲ့ အာဇာနည်နေ့တွင်မှ မဟုတ်ဘဲ ကျန်တဲ့ကာလ အချိန်တိုင်းမှာလည်း ဗိုလ်ချုပ်နဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေကို သတိရကြစေချင်ပါတယ်။ ယနေ့အချိန်မှာ ကျွန်တော်တို့နိုင်ငံအတွက် လိုအပ်နေတဲ့ တိုင်းရင်းသားအားလုံး ချစ်ကြည်စည်းရုံးပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ကြရမယ့် လုပ်ငန်းစဉ်တွေ၊ နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးအောင် လုပ်ဆောင်ကြရမယ့် အလုပ်တွေအားလုံးမှာ ဗိုလ်ချုပ်လို သတ္တိ၊ ဗိုလ်ချုပ်လို စိတ်ထား၊ ဗိုလ်ချုပ်လို ကိုယ်ကျိုးမဖက်တဲ့ အနစ်နာခံတဲ့စိတ်တွေထားပြီး လုပ်ကြစေချင်ပါတယ်။ ဗိုလ်ချုပ်ကို ပြည်သူအားလုံးက ကမ္ဘာတည်သရွေ့ သတိရ လွမ်းနေကြသလို ကျွန်တော်တို့အားလုံးကလည်း ဗိုလ်ချုပ်လိုဖြစ်အောင် ကြိုးစားကြပါစို့၊ မိဘအပေါင်းကလည်း မိမိတို့ရဲ့သားသမီးတွေကို ဗိုလ်ချုပ်လို အာဇာနည်သူရဲကောင်းဖြစ်အောင် ပြုစုပျိုးထောင်ကြပါစို့လို့ တိုက်တွန်းရေးသား တင်ပြလိုက်ရပါတယ်။ ။

**သန်းဖြိုးနိုင်(ကညင်ကျိုး)**

## ရှိနေရာက သာစုခေါ်ပါ

❍ ဝေနေသောခါ ထုံသင်းပါသည်
ကမ္ဘာပေါ်က ပန်းတစ်မျိုး။
❍ ကြွေလေသောခါ သင်းပျံ့ပါသည်
ကမ္ဘာပေါ်က ပန်းတစ်မျိုး။
❍ ကမ္ဘာပေါ်တွင် ပန်းစုံလင်မို့
မြင်ဖို့၊ သိဖို့ ခက်ပါဘိ။
❍ ပန်းတစ်မျိုးက ကြိုင်သင်းလှလည်း
ကြွေကျသည့်ခါ မမွှေးတော့။
❍ တစ်မျိုးပန်းက ကြိုင်သင်းစွတည့်
မြေခသည့်တိုင် ရနံ့လှိုင်လည်း
လှိုင်သည့်ရနံ့ ပြယ်တတ်သည်။
❍ ဤသည့်ပန်းက ကြိုင်သင်းလှ၏
မြေခသည့်တိုင် ရနံ့လှိုင်၏
လှိုင်သည့်ရနံ့ ပို၍ပျံ့၏
ပျံ့သည့်ရနံ့ ကမ္ဘာနံ့၏
ပျံ့၏ နံ့၏ မွှေးပါဘိ
ပြိုင်ရာမဲ့ကင်း သင်းပါဘိ။
❍ ဤပန်းငယ်သည်
ဝေနေသောခါ ကြိုင်သင်းစွာနှင့်
ကြွေလေသောခါ ကြိုင်သင်းစွာနှင့်
ကမ္ဘာဆုံးတိုင် ရနံ့လှိုင်မို့
ကမ္ဘာမြေမှာ ရှားပါးပါလည်း
မြန်မာပြည်မှာ ရှင်သန်လာ၍
ချိန်ခါမရွေး ရနံ့မွှေးလျက်
သေးငယ်သော်လည်း မွှေးနေမြဲကား
ပြည့်သည်း ချစ်ပန်း ဗိုလ်အောင်ဆန်း
အာဇာနည်ပန်း ဦးအောင်ဆန်း
ဗိုလ်ချုပ်အောင်ဆန်း မညှိုးပန်း။
❍ အာဇာနည်ပန်း မညှိုးပန်းတည့်
လန်းဆန်းမြဲ "နောင်"မွှေးကြိုင် "နောင်"ပေါ့
နောင်တွင်အမြဲ မစဲမျက်ရည်
ကျဆင်းနေလျက် ဦးညွတ်ဆက်မည်
မပျက်စေပါ အာဇာနည်နေ့။
သက်သေအရာ ကမ္ဘာတည်သရွေ့။
❍ ဗိုလ်ချုပ်မျှော်မှန်း "ဒီ၊ ဖက်၊ ပြည်"လမ်းဝယ်
လမ်းခုလတ်မှာ ကျဆုံးရှာသည့်
အာဇာနည် ကိုးဦး "သွေးကျေးဇူး"ကို
အထူးတစေ အောက်မေ့နေလျက်
ပြည်သူအားလုံး ပူမဆုံးဖြင့်
မြင့်ရာရောက်စေ လှူမျှဝေသည်
ရှိနေရာက သာစုခေါ်ပါ။ ။

*မှတ်ချက်။ ။*
*ဒီ၊ ဖက်၊ ပြည် = ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု*
*(၇၁) နှစ်မြောက် အာဇာနည်နေ့ကို ဦးညွတ် အလေးပြုလျက်။*

**ကိုရဲ(ဥပဒေ)**

# ပြစ်မှုကျူးလွန်ခြင်းနှင့် ပြစ်မှုမကင်းသောစိတ်

**■ လွင်သွင်ဦး**

ပြစ်မှုကျူးလွန်ရာတွင် အချို့သောပြစ်မှုများ၌ ပြစ်မှုကျူးလွန်သူ၏ ကြံရွယ်ချက်(ပြစ်မှုမကင်းသောစိတ်)သည် ပြစ်မှုမြောက်၊ မမြောက်နှင့် ပြစ်ဒဏ်ကို သုံးသပ်ရာတွင် အလွန်အရေးကြီးပါသည်။ ပြစ်မှုကျူးလွန်ရာတွင် ပြစ်မှုကျူးလွန်ရန် ကြံစည်ခြင်း၊ ပြင်ဆင်ခြင်း၊ အားထုတ်ခြင်းနှင့် ပြစ်မှုကျူးလွန်ခြင်းဟု အဆင့်ဆင့်ရှိပါသည်။ ပြစ်မှုကျူးလွန်ရန် ကြံစည်ရုံမျှဖြင့် သာမန်အားဖြင့် ပြစ်မှုမမြောက်နိုင်ပါ။ ဥပမာ လူတစ်ယောက်သည် အခြားသူတစ်ယောက်အား မုန်းတီးနေသဖြင့် ဆဲဆိုလိုသည့်စိတ်၊ ရိုက်ပုတ်လိုသည့်စိတ်ဖြစ်ပေါ်နေသည်၊ ကြံစည်နေသည်။ သို့ရာတွင် ကာယကံမြောက် ကျူးလွန်ခြင်းမရှိသေးပါက ထိုသို့ စိတ်ထဲတွင် ကြံစည်နေရုံဖြင့် ပြစ်မှုမမြောက်နိုင်ပါ။ ပြစ်မှုကျူးလွန်ရန် ပြင်ဆင်ခြင်းတွင်လည်း အချို့ အနည်းငယ်သော ပြစ်မှုများမှလွဲ၍ ပြစ်မှုမမြောက်သေးပါ။ ပြစ်ဒဏ်မချနိုင်ပါ။ ပြစ်မှုကျူးလွန်ရန် အားထုတ်ခြင်း ဆိုသည်မှာ ပြစ်မှုကို ရှေးရှုသော ပြုလုပ်မှုကို ပြုလုပ်ရာတွင် ထိုပြစ်မှုအထမြောက်ပါက ပြစ်မှုကျူးလွန်ရန် အားထုတ်ခြင်းမြောက်ပါသည်။

ထိုပြုလုပ်မှု အထမြောက်သွားပါက ပြစ်မှုကျူးလွန်ရာ ရောက်ပါသည်။ ဥပမာ လူတစ်ယောက်သည် အခြား လူတစ်ယောက်၏ လက်ရှိဖြစ်သော သော့ခတ်ထားသည့် သေတ္တာထဲမှ ပစ္စည်းများကို မရိုးမဖြောင့်သော သဘောဖြင့် ခိုးယူရန်ကြံရွယ်၍ ထိုသေတ္တာသော့ကို ဖွင့်သည်။ သို့ရာတွင် သေတ္တာထဲ၌ ဘာပစ္စည်းမျှမရှိသဖြင့် မယူခဲ့ရလျှင် ခိုးမှုမမြောက်ပါ။ သို့ရာတွင် ထိုသူသည် ခိုးမှုကျူးလွန်ရန် အားထုတ်မှုမြောက်ပါသည်။ အကယ်၍ သေတ္တာထဲတွင် ပစ္စည်းများရှိပြီး ယူဆောင်သွားပါက ခိုးမှုကျူးလွန်ရာ ရောက်ပါသည်။ ထို့ကြောင့် ပြစ်မှုကျူးလွန်ရာတွင် ကျူးလွန်သည့် အဆင့်အတိုင်းအတာအရ ပြစ်ဒဏ်ချမှတ်ရပါသည်။

ပြစ်မှုကျူးလွန်ရာတွင် ပြစ်မှုကျူးလွန်သူ၏ ပါဝင်ဆောင်ရွက်မှုပေါ်တွင် မူတည်၍လည်း ပြစ်မှုပြစ်ဒဏ် ခြားနားပါသည်။ ပြစ်မှုကျူးလွန်ရာတွင် ကိုယ်တိုင်ကျူးလွန်သူ၊ အားပေးကူညီသူ၊ ပူးပေါင်းကြံစည်သူစသည်ဖြင့် ပါဝင်ဆောင်ရွက်မှု အတိုင်းအတာ ခြားနားပါသည်။ ကိုယ်တိုင် ကျူးလွန်သူသည် ပြစ်မှုတွင် ပြဋ္ဌာန်းထားသည့် အတိုင်း ပြစ်ဒဏ်ကျခံရမည်ဖြစ်သည်။ အားပေးကူညီသူသည် အားပေးကူညီမှုအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ကို ကျခံရမည်ဖြစ်ပါသည်။

**ပြစ်မှုကျူးလွန်လိုသော ရည်ရွယ်ချက် ရှိ၊ မရှိ**

ပြစ်မှုကျူးလွန်ရာတွင် ပြစ်မှုကျူးလွန်သူ၏ ရည်ရွယ်ချက်၊ ပြစ်မှုမကင်းသောစိတ်သည် ပြစ်မှုမြောက်၊ မမြောက်နှင့် ပြစ်ဒဏ်၏ အတိုင်းအတာကို သုံးသပ်ချိန်ဆရာ၌ အလွန်အရေးကြီးပါသည်။ အချို့သော ပြစ်မှုများသည် ပြစ်မှုမကင်းသောစိတ်ကို ထည့်သွင်းစဉ်းစားရန် မလိုပါ။ သို့ရာတွင် အချို့သောပြစ်မှုများသည် ပြစ်မှုမကင်းသောစိတ်နှင့် ပြစ်မှုကျူးလွန်လိုသော ရည်ရွယ်ချက် ရှိ၊ မရှိမှာ အလွန်အရေးကြီးပါသည်။ ဘာသာတရားတွင်လည်း မကောင်းသောစိတ်သည် သီလချိုးဖောက်ခြင်း ရှိ၊ မရှိကို သုံးသပ်ရာတွင် အလွန်အရေးကြီးပါသည်။ ငါးပါးသီလတွင် ပါဏာတိပါတာကံကို ကျူးလွန်ရာ၌ စိတ်သည် အဓိကကျပါသည်။ ဥပမာအားဖြင့် လူတစ်ယောက်သည် လမ်းလျှောက်သွားရာတွင် ၎င်း လျှောက်သွားသောလမ်း၌ ပုရွက်ဆိတ်များရှိသည်ကို မသိသဖြင့် သေစေလိုသောဆန္ဒမရှိဘဲ တက်နင်းမိပြီး ပုရွက်ဆိတ်များ သေသွားသည်။ ထိုဖြစ်စဉ်တွင် ထိုသူသည် ပါဏာတိပါတာကံကို ချိုးဖောက်ရာ မရောက်နိုင်ပါ။ သို့ရာတွင် သေစေလိုသောဆန္ဒဖြင့် ပုရွက်ဆိတ်များကို တမင်တက်နင်းသတ်ဖြတ်ခဲ့ပါက ပါဏာတိပါတာကံကို ကျူးလွန်ရာ ရောက်မည်ဖြစ်ပါသည်။

ရာဇသတ်ကြီးပုဒ်မ ၈၀ တွင် "ဥပဒေနှင့်ညီသော ပြုလုပ်မှုကို ဥပဒေနှင့်ညီသော နည်းလမ်းအတိုင်း ဥပဒေနှင့်ညီသော အပြုအမူဖြင့် သတိကောင်းစွာထား၍ ပြုရာတွင် မတော်တဆ သို့တည်းမဟုတ် ကံဆိုး၍ ပြုသည်လည်းဖြစ်၍ ရာဇဝတ်မကင်းသောအကြံ၊ သို့တည်းမဟုတ် အသိဉာဏ်မရှိဘဲနှင့် ပြုသည်လည်း ဖြစ်သော ပြုလုပ်မှုသည် ပြစ်မှုမမြောက်" ဟု ပြဋ္ဌာန်းထားပါသည်။ ထိုပြဋ္ဌာန်းချက်၏ ဥပမာတွင် မောင်ဖြူသည် ပုဆိန်တစ်လက်ဖြင့် အလုပ်လုပ်နေရာ ပုဆိန်ခေါင်းကျွတ်ပြီးလျှင် အနီးတွင်ရပ်နေသော လူတစ်ယောက်ကို ထိမှန်၍ ထိုလူသေဆုံးလေ၏။ အကယ်၍ မောင်ဖြူသည် ထားသင့်သော သတိကင်းမဲ့ခြင်းမရှိဘဲ ပြုလုပ်ခဲ့လျှင် ခွင့်လွှတ်နိုင်သည်ဖြစ်၍ ပြစ်မှုမမြောက်ဟု ဖော်ပြထားပါသည်။

အထက်ပါပြဋ္ဌာန်းချက်သည် ပြစ်မှုများတွင် ကင်းလွတ်ရမြဲအချက်များ၌ ဖော်ပြထားခြင်းဖြစ်ပါသည်။ ပြစ်မှုတစ်ခု ကျူးလွန်ရာတွင် ပြစ်မှုမကင်းသော အကြံအစည်၊ ရည်ရွယ်ချက် သို့မဟုတ် အသိဉာဏ်မရှိပါက ပြစ်မှုမှ ကင်းလွတ်ခွင့်ရနိုင်ကြောင်း ပြဋ္ဌာန်းထားခြင်း ဖြစ်ပါသည်။

**မရိုးမဖြောင့်သောသဘော**

ပြစ်မှုများတွင် "ခိုးမှု၊ လိမ်လည်မှု၊ ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှု၊ ရာဇဝတ်မကင်းသော ပစ္စည်းအလွဲသုံးစားမှု"စသည့် ပြစ်မှုများ၏ ပြဋ္ဌာန်းချက်များကို လေ့လာပါက မရိုးမဖြောင့်သောသဘော ဆိုသည့်အချက်သည် အဓိက ဖြစ်ပါသည်။ ထိုအချက်သည် ပြစ်မှုကျူးလွန်သူ၏ ပြစ်မှုမကင်းသော စိတ်၊ ပြစ်မှုကျူးလွန်ရန် ရည်ရွယ်ချက်ရှိမှသာ ပြစ်မှုမြောက်နိုင်သည် ဆိုသည့်အချက်ကို ဖော်ပြခြင်းဖြစ်ပါသည်။ ဥပမာအားဖြင့် လူတစ်ယောက်သည် အခြားလူတစ်ယောက်ထံမှ ငွေချေးယူရာတွင် ပြန်လည်ပေးဆပ်ရန် ရည်ရွယ်ချက်မရှိဘဲ မရိုးမဖြောင့်သောသဘောဖြင့် လှည့်ဖြား၍ ထိုငွေကို ရယူပြီး ပြန်လည်ပေးဆပ်ခြင်း မပြုပါက ထိုသူသည် လိမ်လည်မှုကျူးလွန်ရာ ရောက်မည်ဖြစ်ပါသည်။ သို့ရာတွင် ထိုသူသည် သဘောရိုးဖြင့် ငွေချေးယူပြီး ၎င်း၏ပစ္စည်းများ မီးလောင်ခံရခြင်းစသည့် မမျှော်မှန်းနိုင်သော ဖြစ်ရပ်များကြောင့် ပျက်စီးဆုံးရှုံးသွားသဖြင့် ပြန်လည်ပေးဆပ်ခြင်း မပြုနိုင်သည့်အခြေအနေတွင် ထိုသူသည် လိမ်လည်မှု ကျူးလွန်သည်ဟု ဆိုနိုင်မည်မဟုတ်ပါ။

> **ပြစ်မှုများကို သုံးသပ်ရာတွင် ဥပဒေပြဋ္ဌာန်းချက်တွင် ဖော်ပြပါရှိသည့် အင်္ဂါရပ်များကို တိကျစွာ စစ်ဆေးဖော်ထုတ်သုံးသပ်ရန် လိုအပ်ပါသည်။ ပြစ်မှုကျူးလွန်သူ၏ စိတ်စေတနာ၊ ရည်ရွယ်ချက်တို့သည် အချို့သော ပြစ်မှုများတွင် ပြစ်မှုမြောက်၊ မမြောက် သုံးသပ်ရာ၌ လည်းကောင်း၊ ပြစ်ဒဏ်ချမှတ်ရာတွင် ချိန်ဆရာ၌လည်းကောင်း အလွန်အရေးကြီးပါသည်။**

ပြစ်မှုမကင်းသော စိတ်သည် လူ့ကိုယ်ကို ထိခိုက်ကျူးလွန်သော ပြစ်မှုများတွင်လည်း အရေးကြီးပါသည်။ လူ့အသက်ကို ထိခိုက်သော ပြစ်မှုများတွင် လူသတ်မှုကို အဓိပ္ပာယ်ဖွင့်ဆိုရာ၌ "သေစေရန်အကြံသည် အလွန်အရေးကြီးပါသည်။ သေစေရန် အကြံမရှိလျှင် ရာဇဝတ်ပြစ်ဒဏ်ထိုက်သော လူသေမှုစသည်ဖြင့် အခြားပြစ်မှုသာ မြောက်မည် ဖြစ်ပါသည်။ ထို့ပြင် "ပေါ့လျော့ခြင်းဖြင့် သေစေမှု"သည် သေစေရန် အကြံဖြင့် ပြုလုပ်ခြင်း မဟုတ်သဖြင့် လူသတ်မှု၊ လူသေမှုစသည့်ပြစ်မှုများ မမြောက်နိုင်ပါ။ အရမ်းပြုလုပ်မှု သို့မဟုတ် ပေါ့လျော့သော ပြုလုပ်မှုကိုပြု၍ လူသေစေလျှင် ပေါ့လျော့ခြင်းဖြင့် လူသေစေမှုသာ မြောက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် လူတစ်ယောက်သည် မော်တော်ယာဉ်ကို အရမ်း သို့မဟုတ် ပေါ့လျော့စွာ မောင်း၍ လူကိုသေစေလျှင် ပေါ့လျော့ခြင်းဖြင့် သေစေမှုမြောက်မည်ဖြစ်ပါသည်။ သို့ရာတွင် ထိုသူကို သေစေလိုသော ဆန္ဒဖြင့်၊ အကြံဖြင့် မော်တော်ယာဉ်ဖြင့် တမင်လိုက်တိုက်၍ သေစေသည် ဆိုပါက လူသတ်မှု မြောက်မည်ဖြစ်ပါသည်။

**နာကျင်စေမှု**

နာကျင်စေမှုများတွင် တစ်ဦးတစ်ယောက်သောသူကို နာကျင်စေရန် အကြံဖြင့်သော်လည်းကောင်း၊ နာကျင်စေတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း မည်သူမဆို ပြုလုပ်မှုတစ်ခုခုကိုပြု၍ နာကျင်စေလျှင် ထိုသူသည် မိမိအလိုအလျောက် နာကျင်စေမှုကို ဖြစ်စေပါသည်။ ဤနေရာတွင် နာကျင်စေရန်အကြံ သို့မဟုတ် နာကျင်စေတန်ရာသည်ကို သိလျက်ဆိုသည့်အချက်မှာ ပြစ်မှုကျူးလွန်သူ၏ ရည်ရွယ်ချက်၊ ပြစ်မှုမကင်းသောစိတ် ဖြစ်ပါသည်။ နာကျင်စေမှုကို ဖြစ်စေသော်လည်း နာကျင်စေရန် အကြံဖြင့်ပြုလုပ်ခြင်းနှင့် မတော်တဆဖြစ်ပွားရသည့် နာကျင်စေမှုတို့မှာ ပြစ်ဒဏ်ချင်း ခြားနားပါသည်။ ဥပမာအားဖြင့် မိမိအလိုအလျောက် အပြင်းအထန် နာကျင်စေမှုကို ကျူးလွန်လျှင် ရာဇသတ်ကြီးပုဒ်မ ၃၂၅ အရ ထိုသူကို ခုနစ်နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ သို့ရာတွင် လူ့အသက်ကို ဖြစ်စေ၊ အခြားသူတို့၏ လုံခြုံရေးကိုဖြစ်စေ ဘေးဖြစ်အောင် မည်သူမဆို အရမ်းသော်လည်းကောင်း၊ ပေါ့လျော့စွာ သော်လည်းကောင်း ပြုလုပ်မှုတစ်ခုခုကို ပြုခြင်းဖြင့် တစ်ဦး တစ်ယောက်သောသူအား အပြင်းအထန်နာကျင်စေလျှင် ပုဒ်မ ၃၃၈ အရ ထိုသူကို ငါးနှစ်အထိ ထောင်ဒဏ်တစ်မျိုး ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်ပါသည်။ ဖော်ပြပါ ပြစ်မှုနှစ်ခုကို နှိုင်းယှဉ်လေ့လာပါက ပုဒ်မ ၃၂၅ အရ နာကျင်စေမှုသည် တမင်ရည်ရွယ်၍ ပြုလုပ်မှုဖြစ်ပြီး ပုဒ်မ ၃၃၈ အရ နာကျင်စေမှုသည် ရည်ရွယ်ချက်မပါဘဲ ပြုလုပ်မှုဖြစ်သဖြင့် ပြစ်ဒဏ်အားဖြင့် ခြားနားခြင်း ဖြစ်ပါသည်။

**ပြစ်မှုများ ပြဋ္ဌာန်းထား**

ပြစ်မှုဆိုင်ရာဥပဒေတွင် ရာဇသတ်ကြီး၊ အထူးဥပဒေများနှင့် ဒေသန္တရဥပဒေများဟု ခွဲခြားတွေ့ရှိနိုင်ပါသည်။ ရာဇသတ်ကြီးတွင် အဓိပ္ပာယ်ဖော်ပြချက်များ၊ ကင်းလွတ်ရမြဲအချက်များ၊ နိုင်ငံတော်အစိုးရကို ဆန့်ကျင်ကျူးလွန်သော ပြစ်မှုများ၊ နိုင်ငံတော်ငြိမ်ဝပ်ရေးကို ပျက်စေသော ပြစ်မှုများ၊ ပြည်သူ့ဝန်ထမ်းတို့ ကျူးလွန်သော သို့မဟုတ် ပြည်သူ့ဝန်ထမ်းတို့နှင့်သက်ဆိုင်သော ပြစ်မှုများ၊ မမှန်သက်သေခံမှုနှင့် ဖြောင့်မှန်စွာ တရားစီရင်ရေးကို ဆန့်ကျင်သော ပြစ်မှုများ၊ ဒင်္ဂါးမှစ၍ အစိုးရတံဆိပ်ခေါင်းများနှင့် သက်ဆိုင်သော ပြစ်မှုများ၊ အလေးအချိန်အတွယ် တင်းတောင်းနှင့် အတိုင်းအတာများဆိုင်ရာ ပြစ်မှုများ၊ ပြည်သူ့ကျန်းမာမှု၊ လုံခြုံမှု၊ သက်သာမှု၊ သိက္ခာစောင့်စည်းမှုနှင့် ကိုယ်ကျင့်တရားရှိမှုကို ထိခိုက်စေသော ပြစ်မှုများ၊ ဘာသာ သာသနာဆိုင်ရာပြစ်မှုများ၊ လူ့ကိုယ်ကို ထိခိုက်သော ပြစ်မှုများ၊ ပစ္စည်းကို ထိခိုက်သည့် ပြစ်မှုများ၊ စာတမ်း အမှတ်အသားနှင့် ကုန်တံဆိပ်၊ ပစ္စည်းတံဆိပ်များနှင့်စပ်လျဉ်းသော ပြစ်မှုများ၊ ထိမ်းမြားခြင်းဆိုင်ရာ ပြစ်မှုများ၊ အသရေဖျက်မှု၊ ရာဇဝတ်မကင်းသော ခြောက်လှန့်မှု၊ စော်ကားမှုနှင့် စိတ်ငြိုငြင်စေမှု စသည့် ပြစ်မှုများကို ပြဋ္ဌာန်းထားပါသည်။

**အထူးဥပဒေဆိုသည်မှာ**

အထူးဥပဒေဆိုသည်မှာ ရာဇသတ်ကြီးတွင် ပြဋ္ဌာန်းထားသော ပြစ်မှုများနှင့် လုံလောက်မှုမရှိသဖြင့် သက်ဆိုင်ရာ အထူးကိစ္စရပ်များအလိုက် အရေးယူဆောင်ရွက်နိုင်ရန်အတွက် ပြဋ္ဌာန်းထားသော ဥပဒေများ ဖြစ်ပါသည်။ ဥပမာအားဖြင့် လောင်းကစားဥပဒေ (ဥပဒေအမှတ် ၆/၁၉၈၆)၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ (ဥပဒေအမှတ် ၁/၁၉၉၃)၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေ(ဥပဒေအမှတ် ၅/၂၀၀၅)၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ (ဥပဒေအမှတ် ၂၃/၂၀၁၄)၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေ(ဥပဒေအမှတ် ၃၈/၂၀၁၆)၊ ပြည်သူ့ရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေ (ဥပဒေအမှတ် ၄/၁၉၉၅)၊ ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေ(ဥပဒေအမှတ် ၁/၁၉၆၃)၊ နိုင်ငံတော်အလံဥပဒေ(ဥပဒေအမှတ် ၈/၂၀၁၀)၊ ၁၉၆၁ ခုနှစ် ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်အက်ဥပဒေ (ဥပဒေအမှတ် ၁၂/၁၉၆၁)၊ မြန်မာ့သတ္တုတွင်းဥပဒေ (ဥပဒေအမှတ် ၈/၁၉၉၄)၊ သစ်တောဥပဒေ (ဥပဒေအမှတ် ၈/၁၉၉၂) နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ(ဥပဒေအမှတ် ၉/၂၀၁၂) စသော ဘာသာရပ်အလိုက်၊ ကဏ္ဍအလိုက် ပြဋ္ဌာန်းထားသော အထူးဥပဒေပေါင်းများစွာ ရှိပါသည်။

ဒေသန္တရဥပဒေဆိုသည်မှာ ဒေသအလိုက် အာဏာသက်ရောက်စေရန်အတွက် ပြဋ္ဌာန်းထားသော ဥပဒေများ ဖြစ်ပါသည်။ ဥပမာအားဖြင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးဥပဒေ (ဥပဒေအမှတ် ၆/၂၀၀၅)၊ The City of Yangon Municipal Act (Act No.6/1922)၊ နေပြည်တော်စည်ပင်သာယာရေး ဥပဒေ(ဥပဒေအမှတ် ၄/၂၀၀၉)၊ နေပြည်တော်ကောင်စီ ဥပဒေ(ဥပဒေအမှတ် ၁၈/၂၀၁၀) စသည်တို့မှာ ဒေသန္တရဥပဒေများ ဖြစ်ပါသည်။ ထို့ပြင် ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ဖွဲ့စည်းသော တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်များက ၎င်းတို့၏ တိုင်းဒေသကြီးနှင့် ပြည်နယ် အတွင်း အာဏာသက်ရောက်ရန် ပြဋ္ဌာန်းထားသော ဥပဒေများသည် ဒေသန္တရဥပဒေများ ဖြစ်ပါသည်။

**ဥပဒေပုဒ်မ ၁၂ အရ ပြစ်ဒဏ်ကျခံရမည်**

အထူးဥပဒေများ၊ ဒေသန္တရဥပဒေများ၏ ပြဋ္ဌာန်းချက်များတွင်လည်းကောင်း၊ ရာဇသတ်ကြီးပါ ပြဋ္ဌာန်းချက်များတွင်သော်လည်းကောင်း ပြစ်မှုများ၏ အဓိပ္ပာယ်ကို ဖွင့်ဆိုရာ၌ ပြစ်မှုကျူးလွန်သူ၏ ရည်ရွယ်ချက်၊ ပြစ်မှုမကင်းသော စိတ်နှင့် သက်ဆိုင်သောအချက်ကို ထည့်သွင်းပြဋ္ဌာန်းထားခြင်းမရှိလျှင် ထိုအချက်ကို အဓိကထား၍ သုံးသပ်ရန် မလိုအပ်ပါ။ ဥပမာအားဖြင့် ၁၉၈၆ ခုနှစ် လောင်းကစားဥပဒေ ပုဒ်မ ၇ တွင် မည်သူမျှ အများပြည်သူနှင့် သက်ဆိုင်သောနေရာတွင် လောင်းကစားခြင်းပြုရန် လောင်းကြေး တောင်းခံစုဆောင်ခြင်းမပြုရ၊ လောင်းကစားရန် အားပေးကူညီခြင်း သို့မဟုတ် တိရစ္ဆာန်ချင်းတိုက်ခြင်း၊ တိရစ္ဆာန်ချင်း တိုက်ရာတွင် ရောက်ရှိပြီး အားပေးကူညီခြင်း၊ လူစုခြင်း၊ လှုံ့ဆော်ခြင်းမပြုရ၊ မည်သည့်အားကစားပွဲ သို့မဟုတ် လေ့ကျင့်ပွဲ၌ မဆို လောင်းကစားခြင်း၊ လောင်းကစားရန် တစ်နည်းနည်းဖြင့် အားပေးကူညီခြင်း လူစုခြင်း၊ လှုံ့ဆော်ခြင်းမပြုရဟု ပြဋ္ဌာန်းထားပါသည်။ ထိုပြဋ္ဌာန်းချက်ကို ဖောက်ဖျက်လျှင် အဆိုပါ ဥပဒေပုဒ်မ ၁၂ အရ ပြစ်ဒဏ်ကျခံရမည် ဖြစ်ပါသည်။

ထို့ပြင် ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေတွင် မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးကို လက်ဝယ်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ တစ်ဆင့် ပေးပို့ခြင်း၊ လွှဲပြောင်းပေးခြင်းကိုပြုလျှင် အဆိုပါဥပဒေပုဒ်မ ၁၆(ဂ) အရ ပြစ်မှုထင်ရှားစီရင်ခြင်း ခံရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါသည်။

အထက်ပါ ပြဋ္ဌာန်းချက်များကို သုံးသပ်ပါက ပြစ်မှုကျူးလွန်သူ၏ ရည်ရွယ်ချက်၊ ပြစ်မှုမကင်းသော စိတ် စသည့်အချက်ကို ပြဋ္ဌာန်းထားခြင်းမရှိသဖြင့် ထည့်သွင်းစဉ်းစားရန်မလိုပါ။ လောင်းကစားမှု ကျူးလွန်လျှင် သဘောရိုးဖြင့် ကျူးလွန်ပါသည်။ ပြစ်မှုကျူးလွန်ရန် ရည်ရွယ်ချက်မရှိပါဟု ထုချေ၍ မရနိုင်ပါ။ အလားတူပင် မူးယစ်ဆေးဝါးကို လက်ဝယ်ထားလျှင် သို့မဟုတ် သယ်ယူပို့ဆောင်လျှင် ပြစ်မှုကျူးလွန်ရန် ရည်ရွယ်ချက် မရှိပါ။ သဘောရိုးဖြင့် ပြုလုပ်ခြင်းဖြစ်ပါသည်ဟု ချေပ၍ မရနိုင်ပါ။

**စစ်ဆေးဖော်ထုတ်သုံးသပ်ရန်လိုအပ်**

သို့ဖြစ်ပါ၍ ပြစ်မှုများကို သုံးသပ်ရာတွင် ဥပဒေပြဋ္ဌာန်းချက်တွင် ဖော်ပြပါရှိသည့် အင်္ဂါရပ်များကို တိကျစွာ စစ်ဆေးဖော်ထုတ်သုံးသပ်ရန် လိုအပ်ပါသည်။ ပြစ်မှုကျူးလွန်သူ၏ စိတ်စေတနာ၊ ရည်ရွယ်ချက်တို့သည် အချို့သော ပြစ်မှုများတွင် ပြစ်မှုမြောက်၊ မမြောက် သုံးသပ်ရာ၌ လည်းကောင်း၊ ပြစ်ဒဏ်ချမှတ်ရာတွင် ချိန်ဆရာ၌ လည်းကောင်း အလွန်အရေးကြီးပါသည်။

ပြစ်မှုကျူးလွန်ရာတွင် မသိနားမလည်၍ ကျူးလွန်သည်လည်း ရှိသည်။ အဖော်ကောင်း၍ ပါသွားသည်လည်း ရှိသည်။ တစ်ကြိမ်တစ်ခါ ကျူးလွန်မိသည်လည်း ရှိသည်။ ပြစ်မှုကို အကြိမ်ကြိမ်ကျူးလွန်ပြီး ပြစ်မှုဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေသူများလည်း ရှိပါသည်။ ထို့ကြောင့် ပြစ်မှုတစ်ခုကို သုံးသပ်ရာတွင် စစ်ဆေးပေါ်ပေါက်သော အခြေအနေအရပ်ရပ်ကို ထည့်သွင်းစဉ်းစားရပါသည်။ ပြစ်မှုကျူးလွန်ရာတွင် ပြစ်မှုကျူးလွန်သူ၏ ကြံရွယ်ချက်နှင့် ပြစ်မှုမကင်းသော စိတ်တို့သည် ပြစ်မှုများကို စစ်ဆေးဆုံးဖြတ်ရာတွင် အလွန်အရေးကြီးပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။ ။

# တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ ပြန်ကြားရေးဌာနဝန်ကြီးနှင့်အဖွဲ့ ရွှေတိဂုံစေတီတော်အား ဖူးမြော်ကြည်ညို

**နေပြည်တော် ဇူလိုင် ၈**


တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် အတွင်းရေးမှူးချုပ်ရုံး၏ အတွင်းရေးမှူးနှင့် ဗဟိုကော်မတီ၏ ပြန်ကြားရေးဌာနဝန်ကြီး H.E. Mr. Huang Kunming နှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီက ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။ **(ယာပုံ)**

**လက်မှတ်ရေးထိုး**

ရှေးဦးစွာ ဧည့်သည်တော်ကိုယ်စားလှယ်အဖွဲ့သည် ဧည့်ခံတန်ဆောင်းရှိ ရွှေစေတီတော်အား ဖူးမြော်ကြည်ညိုပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ရွှေတိဂုံစေတီတော်အား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ပြီး ရွှေတိဂုံစေတီတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးဝင်းတည်က လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဧည့်သည်တော်ကိုယ်စားလှယ်အဖွဲ့သည် ကျောက်စိမ်းဘုရားနှင့် ဗုဒ္ဓစွယ်တော်ပွားတို့အား ဖူးမြော်ကြည်ညိုပြီး ရွှေတိဂုံစေတီတော် ဓာတ်ပုံပြခန်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာသည်။ ဆက်လက်၍ ရွှေတိဂုံစေတီတော်အား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုပြီး သာသနိကဆိုင်ရာ အဆောက်အအုံများကို ကြည့်ရှုလေ့လာကြသည်။



ထို့နောက် ဧည့်သည်တော်ကိုယ်စားလှယ်အဖွဲ့သည် ဗိုလ်တထောင်မြို့နယ်ရှိ ရွှေသံလွင် မီဒီယာရုံးချုပ်သို့ သွားရောက်ပြီး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

**ပိုမိုတိုးမြှင့်ရန် တိုက်တွန်း**

ထိုသို့တွေ့ဆုံရာတွင် ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းက ရွှေသံလွင်နှင့် တရုတ်မီဒီယာတို့ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရွှေသံလွင်တို့ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် အတွင်းရေးမှူးချုပ်ရုံး၏ အတွင်းရေးမှူးနှင့် ဗဟိုကော်မတီ၏ ပြန်ကြားရေးဌာနဝန်ကြီး H.E. Mr. Huang Kunming က တရုတ်နိုင်ငံနှင့်လည်း ပြန်ကြားရေးလုပ်ငန်းများကို ပိုမိုတိုးမြှင့်လုပ်ဆောင်ရန် တိုက်တွန်းပြောကြားသည်။ ယင်းနောက် ရွှေသံလွင်မီဒီယာရုံးချုပ်အတွင်းရှိ စတူဒီယိုခန်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာသည်။

ထို့နောက် Myanmar International Radio (MIR)သို့ သွားရောက်ပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ရေဒီယိုထုတ်လွှင့်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် ဧည့်သည်တော်ကိုယ်စားလှယ်အဖွဲ့သည် ဗိုလ်ချုပ်အောင်ဆန်းဈေးသို့သွားရောက်ပြီး ဈေးအတွင်းလှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဧည့်သည်တော် ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိကြရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**

# သတင်းမီဒီယာကောင်စီဝင်အသစ် ရွေးကောက်ပွဲ ဩဂုတ်လလယ်တွင် ကျင်းပမည်



**ရန်ကုန် ဇူလိုင် ၈**

သတင်းမီဒီယာကောင်စီ ဒုတိယသက်တမ်းတွင် တာဝန်ထမ်းဆောင်ရန် သတင်းမီဒီယာကောင်စီဝင် အသစ်ရွေးကောက်ပွဲကို လာမည့် ဩဂုတ်လလယ်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ Summit Parkview ဟိုတယ်၌ ကျင်းပသည့် သတင်းမီဒီယာကောင်စီရွေးချယ်တင်မြှောက်ခြင်းနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် သတင်းမီဒီယာဥပဒေအရ ကောင်စီသက်တမ်းကို သုံးနှစ် ခွင့်ပြုထားရာ လာမည့် နိုဝင်ဘာ ၁၁ ရက်တွင် သက်တမ်းပြီးဆုံးမည်ဖြစ်သည့်အတွက် တာဝန်ပေးရန် ကောင်စီဝင်အသစ်များကို ရွေးချယ်ခြင်းဖြစ်သည်။

သတင်းမီဒီယာကောင်စီဝင်ရွေးချယ်တင်မြှောက်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမျိုးကိုမျိုးက "သတင်းမီဒီယာကောင်စီဝင်အရေအတွက်ကို အနည်းဆုံး ၁၅ ဦးကနေ ၃၀ အထိ ရွေးချယ်တင်မြှောက်ခွင့်ရှိပါတယ်။ သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေ အရ သတင်းမီဒီယာအဖွဲ့အစည်းတွေ၊ တစ်ဦးချင်းသတင်းစာ ဆရာတွေ၊ စာရေးဆရာအသင်းအဖွဲ့တွေ၊ ကဗျာဆရာအသင်းအဖွဲ့တွေ၊ ကာတွန်းဆရာအသင်းအဖွဲ့တွေက ၂၂ ဦး၊ အခြားပညာရှင်တွေ၊ ဥပဒေပညာရှင်တွေစသဖြင့် ပညာရှင်တွေက ၅ ဦးအထိ ရွေးချယ်ခွင့်ရှိပါတယ်။ နောက်ပြီး နိုင်ငံတော်သမ္မတက အဆိုပြုတဲ့ ကိုယ်စားလှယ်တစ်ဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပြုတဲ့ ကိုယ်စားလှယ်တစ်ဦး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပြုတဲ့ ကိုယ်စားလှယ်တစ်ဦး စုစုပေါင်း ၃၀ အထိ တင်မြှောက်ခွင့်ရှိပါတယ်"ဟု ပြောသည်။

အဖွဲ့အစည်းများ၏ အမည်စာရင်းတင်သွင်းခြင်းနှင့် သတင်းမီဒီယာကောင်စီဝင် ကိုယ်စားလှယ်လောင်း အဆိုပြုလွှာပုံစံကို မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဝက်ဘ်ဆိုက်နှင့် Mm.presscouncil ကွန်ရက်စာမျက်နှာတွင် ကူးယူရရှိနိုင်ပြီး ကာယကံရှင်ကိုယ်တိုင် ကောင်စီရုံးသို့ လာရောက်၍ လည်းကောင်း၊ mmpresscouncil@gmail.com သို့ အီးမေးလ်ဖြင့်လည်းကောင်း ဇူလိုင် ၂၀ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်သည်။

ကောင်စီဝင်ရွေးချယ်ရာတွင် အဖွဲ့သို့ တင်ပြလာသည့် နယ်ပယ်အသီးသီးမှ ကိုယ်စားလှယ်လောင်းများ၏ အရေအတွက်သည် သတ်မှတ်အချိုးအစားထက် ပိုလွန်နေပါက အဆိုပြုလာသည့် နယ်ပယ်အသီးသီးမှ ကိုယ်စားလှယ်လောင်းအားလုံးက စုပေါင်း၍ မဲပေးရွေးချယ် သတ်မှတ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ❂ လိုဏ်ဂူအတွင်းမှ

အထူးကျေးဇူးတင်ရှိကြောင်း ယနေ့ညနေပိုင်းက ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ချင်းရိုင်ခရိုင် အုပ်ချုပ်ရေးမှူး နလုန်းဆက်အိုစထာနကွန်းက ပြောသည်။

ထမ့်လုံခွန်နမ့် လိုဏ်ဂူအတွင်း၌ရှိသော လူငယ်များအား အမြန်ဆုံးခေါ်ထုတ်နိုင်ရန်အတွက် ကယ်ဆယ်ရေးအဖွဲ့ဝင်များက ဆောင်ရွက်ခဲ့ကြရာ နိုင်ငံတကာမှရေတပ်တပ်ဖွဲ့ဝင် ငါးဦးနှင့် ရေငုပ်ကျွမ်းကျင်သူ ၁၃ ဦး ပါဝင်သည့်အဖွဲ့များက လူငယ်များအားကယ်ထုတ်ရန်အတွက် ယနေ့ ဒေသစံတော်ချိန်နံနက် ၁၀ နာရီခန့်တွင် လိုဏ်ဂူအတွင်း စတင်ဝင်ရောက်ခဲ့ကြကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများစတင်ဆောင်ရွက်နေသည့်အမှတ်အသားဓာတ်ပုံများကို ယနေ့ဒေသစံတော်ချိန်နံနက် ၁၀ နာရီ ၄၁ မိနစ်က ထိုင်းနိုင်ငံရေတပ်တပ်ဖွဲ့၏ လူမှုကွန်ရက်စာမျက်နှာ၌ ဖော်ပြခဲ့ကြကြောင်း သိရသည်။

လူငယ်ဘောလုံးအသင်းဝင်များအားလုံးကို ၂၄ နာရီအတွင်း လိုဏ်ဂူအတွင်းမှခေါ်ထုတ်လာနိုင်ဖွယ်ရှိကြောင်းနှင့် လိုဏ်ဂူအတွင်းရှိရေများ လျော့နည်းလာမှုမှာ အားရကျေနပ်ဖွယ်ရာရှိကြောင်း အများပြည်သူသိရှိစေရန်အတွက် လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် စဉ်ဆက်မပြတ်တိုက်ရိုက်သတင်းတင်ဆက်နေသော ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရှိ ဦးစည်သူမောင်က ပြောသည်။

**ပွင့်သစ္စာ**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

## ❖ ကျောဖုံးမှ

ငါးချိ ၆၂-၆၆ ကီလိုတန်း တိုင်းဒေသကြီး၊ ပြည်နယ် (ရွှေ) စိုးထက်ဦး(Phoenix)နှင့် ကရင်ပြည်နယ် အောင်လံဆုရ ကျားပေါက်(ရန်စစ်ငြိမ်း)ပွဲစဉ်တွင် အပြန်အလှန်ထိုးချက်၊ ကန်ချက်များဖြင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြပြီး တစ်ဖက်စီအမှတ်စဉ်တစ်ကြိမ်ရေတွက်ခံခဲ့ရသော်လည်း ပွဲချိန်ပြည့်တွင် စိုးထက်ဦးက အမှတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ် အောင်လံဆုရ စောမင်းအောင်(တောင်ကလေး)နှင့် ရဲတံခွန် (အဖြူရောင်သွေးသစ်)ပွဲစဉ်တွင် ပွဲချိန်ပြည့်အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်ကြသော်လည်း ရဲတံခွန်က အမှတ်ဖြင့်လည်းကောင်း အနိုင်ရရှိသည်။

ငါးချိ ၅၇-၆၁ ကီလိုတန်း ယျှူးခလိန်းမင်း(မြိုင်ကလေးဘိလပ်မြေစက်ရုံ)နှင့် နှစ်ထပ်ကွမ်းရွှေခါးပတ်ချန်ပီယံ ရဲသွေးနီ(တောင်ကလေး)ပွဲစဉ်တွင် ယျှူးခလိန်းမင်းက ဒူးတိုက်ချက်များ ကောင်းခဲ့သော်လည်း အမှတ်စဉ်သုံးကြိမ်အထိ ရေတွက်ခံခဲ့ရပြီး ရဲသွေးနီ၏ ထောက်လက်သီး၊ ဘယ်ညာလက်သီးချက်များကြောင့် တတိယအချီ နှစ်မိနစ် ၁၁ စက္ကန့်တွင် ယျှူးခလိန်းမင်း အလဲထိုးခံခဲ့ရပြီး ရှုံးနိမ့်ခဲ့သည်။ စောဖိုးထွန်း(သတ္တိ)နှင့် လုမ္ဗနီရွှေခါးပတ်ပွဲလော့မိတ်ကျီဆုတံဆိပ် ခွမ်းဖစ်(ထိုင်း)ပွဲစဉ်တွင်လည်း ပြိုင်ဆိုင်မှုပြင်းထန်ခဲ့ပြီး ခွမ်းဖစ်က ပြိုင်ဘက်၏ဟာကွက်ကိုစောင့်၍ ထိုးသတ်ခဲ့သော်လည်း စောဖိုးထွန်း၏ ဘယ်ညာလက်သီးချက်များကို မကာကွယ်နိုင်ခဲ့ဘဲ ပွဲချိန်ပြည့်တွင် စောဖိုးထွန်းက အမှတ်ဖြင့် အနိုင်ရရှိသည်။

လေးချီအထူးစိန်ခေါ်ပွဲတွင် မိုးမောင်(မြိုင်ကလေးဘိလပ်မြေစက်ရုံ)က ရဲသွေးအောင်(အဖြူရောင်သွေးသစ်)ကို တတိယအချီ ၁၈ စက္ကန့်တွင် အလဲထိုးဖြင့် လည်းကောင်း၊ သုံးချီအထူးစိန်ခေါ်ပွဲ ပုဏ္ဏားပျံ (A.M.T.2)နှင့် ကောင်းထက်နိုင်(ရိုးရာပုဂံ)ပွဲစဉ်တွင် ကောင်းထက်နိုင်က ဒုတိယအချီ ၅၁ စက္ကန့်တွင် ဆက်လက်ယှဉ်ပြိုင်နိုင်ခြင်းမရှိတော့သည့်အတွက် လည်းကောင်း၊ ကြယ်စင်ထွန်း(အဖြူရောင်သွေးသစ်)က အောင်ဆက်တော်(A.M.T.2)ကို ဒုတိယအချီ တစ်မိနစ်နှင့် ၃၀ စက္ကန့်တွင် အလဲထိုးဖြင့်လည်းကောင်း အနိုင်ရရှိသည်။

ယနေ့ ယှဉ်ပြိုင်သော ဆီမီးဖိုင်နယ်ပွဲစဉ်တွင် အနိုင်ရရှိသူများသည် ဩဂုတ် ၅ ရက်တွင် ချန်ပီယံဗိုလ်လုပွဲကို ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ပြီး ၅၇-၆၁ ကီလိုတန်းတွင် အနိုင်ရရှိသော စောဖိုးထွန်း(သတ္တိ)နှင့် ရဲသွေးနီ(တောင်ကလေး)၊ ၆၂-၆၆ ကီလိုတန်းတွင် အနိုင်ရရှိသော ရဲတံခွန်(အဖြူရောင်သွေးသစ်)နှင့် စိုးထက်ဦး(Phoenix)၊ ၆၇-၇၁ ကီလိုတန်းတွင် အနိုင်ရရှိသော ဆန်းသူဦး(တိုက်ဂါး)နှင့် ကြယ်စင်ဖြိုး(ရိုးရာပုဂံ)တို့ ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-အေးမင်းသူ**
**ဓာတ်ပုံ-ဟိန်းထက်လင်း(ကြေးမုံ)**

## ❍ မြန်မာ ယူ-၁၉ မှ

မြန်မာအသင်းသည် ပထမပိုင်းတွင် ဘရူနိုင်းအသင်းကို တစ်ဖက်သတ်ဖိကစားခဲ့ပြီး ငါးဂိုးအထိ သွင်းယူနိုင်ခဲ့သည်။ ၁၃ မိနစ်တွင် အသင်းခေါင်းဆောင် မြတ်ကောင်းခန့်က အဖွင့်ဂိုးသွင်းယူခဲ့ပြီး ၂၁ မိနစ်တွင်ရရှိခဲ့သည့် ပင်နယ်တီကို ပြည့်စုံနိုင်က အမှားအယွင်းမရှိ သွင်းယူခဲ့သည်။ ဂိုးများဆက်တိုက်ပေးလိုက်ရသောကြောင့် ဘရူနိုင်းနောက်တန်း ပြိုဆင်းသွားခဲ့ပြီး ၂၄ မိနစ်တွင် မြတ်ကောင်းခန့်၊ မိနစ် ၄၀ တွင် ပြည့်စုံနိုင်၊ ၄၃ မိနစ်တွင် ဝင်းနိုင်ထွန်းတို့က ဂိုးများ ထပ်မံသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် မြန်မာ ယူ-၁၉ အသင်းက ပွဲကိုထိန်းကစားသွားခဲ့ပြီး အနိုင်ဂိုးများကို ၅၈ မိနစ်တွင် ဝင်းနိုင်ထွန်း၊ ၈၁ မိနစ်တွင် လွှမ်းမိုးဦးတို့က သွင်းယူခဲ့သည်။ ဘရူနိုင်းအသင်းအတွက် ချေပဂိုးကို ၈၇ မိနစ်တွင် ရာဟီမင်က သွင်းယူခဲ့သည်။ အုပ်စု (ခ) အခြားပွဲတွင် မလေးရှားနှင့် တီမောအသင်း တစ်ဂိုးစီသရေကျခဲ့သည်။

ယခုပွဲအပြီးတွင် မြန်မာနှင့် မလေးရှားအသင်းက ခုနစ်မှတ်စီ၊ တီမောအသင်းက ငါးမှတ်ရထားပြီး ကမ္ဘောဒီးယားနှင့် ဘရူနိုင်းအသင်းမှာ အုပ်စုအဆင့်မှ ထွက်ရပြီဖြစ်သည်။ မြန်မာနှင့် မလေးရှားအသင်းသည် နောက်ဆုံးပွဲအဖြစ် ဇူလိုင် ၁၀ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းသည် မလေးရှားအသင်းထက် ဂိုးကွာခြားချက်တွင် အသာရထားသောကြောင့် သရေကျရုံဖြင့် ဆီမီးဖိုင်နယ်တက်ရောက်ခွင့်ရှိနေခြင်းဖြစ်သည်။ **ဖိုးသော်ဇင်**

# ဘားအံမြို့တွင် ပထမအကြိမ် ကရင်ရိုးရာအစားအသောက်ပြပွဲနှင့် ကရင်ရိုးရာ တာလပေါ့ဟင်းချက်ပြိုင်ပွဲ ထူးခြားစွာပြုလုပ်

**ဘားအံ ဇူလိုင် ၈**

တိုင်းရင်းသားများအလိုက် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများဖြစ်သည့် စာပေယဉ်ကျေးမှု၊ အဆိုအကအရေးအတီးအနုပညာများ၊ ဝတ်စားဆင်ယင်မှုများ၊ အစားအစာများ အသီးသီးရှိကြသည်ဖြစ်ရာ တိုင်းရင်းသားအလိုက် ဓလေ့ထုံးတမ်း အစဉ်အလာများ မပျောက်ပျက်စေရေးနှင့် ကရင်တိုင်းရင်းသားများ၏ ရိုးရာအစားအစာကို ဖော်ထုတ်အသိအမှတ်ပြုသည့်အနေဖြင့် ကရင်ပြည်နယ်အဆင့် ပထမအကြိမ် ကရင်ရိုးရာအစားအသောက်ပြပွဲနှင့် ကရင်ရိုးရာတာလပေါ့ဟင်းချက်ပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ထူးခြားစွာ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကရင်ရိုးရာ အစားအသောက်ပြပွဲနှင့် ကရင်ရိုးရာတာလပေါ့ဟင်းချက်ပြိုင်ပွဲကို ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်မျိုးသန့်၊ ဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားကာ ကရင်ရိုးရာတာလပေါ့ဟင်းချက်ပြိုင်ပွဲအား စတင်ကျင်းပကြသည်။

ပြိုင်ပွဲတွင် ဘားအံမြို့ပေါ်ရှိ စားသောက်ဆိုင်များ၊ ကျေးရွာများနှင့် ကရင်တိုင်းရင်းသားများက ပြိုင်ပွဲဝင်အသင်း ၁၆ သင်းပါဝင်ယှဉ်ပြိုင်ကြပြီး ရိုးရာအစားအစာနှင့် လျော်ညီခြင်း၊ နူးနပ်မှုရှိခြင်း၊ ကျန်းမာရေးအတွက် သန့်ရှင်းမှု၊ အရသာနှင့် အာဟာရစသည်ဖြင့် အမှတ်ပေးဒိုင်အဖွဲ့များက အကဲဖြတ်အမှတ်ပေးကြရာ ပထမဆုကို မုက္ကဒိကျေးရွာအဖွဲ့၊ ဒုတိယဆုကို THAI Village အဖွဲ့၊ တတိယဆုကို SKY(1+3)အဖွဲ့နှင့် နှစ်သိမ့်ဆုရရှိသော ကျန် ၁၃ ဖွဲ့တို့ကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြသည်။



ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ကရင်ရိုးရာတာလပေါ့ဟင်းချက်ပြိုင်ပွဲ ယှဉ်ပြိုင်မှုများအား လှည့်လည်ကြည့်ရှုအားပေးစဉ်။

ကရင်တိုင်းရင်းသားတို့၏ တာလပေါ့ဟင်းလျာသည် ဆန်ကို အဓိကထားပြီး မိုးကာလတွင်ထွက်ရှိသော တောင်ပေါ်ဒေသထွက် အသီးအနှံများဖြင့် ပေါင်းစပ်ထည့်ဝင်ထားသည့် ဆီမပါအရည်အဖတ်ရောရာ ကျန်းမာရေးအတွက် သင့်တော်ကာ စားကောင်းသော အစားအစာဟင်းလျာတစ်မျိုးဖြစ်ကြောင်း သိရသည်။ ကရင်ရိုးရာအစားအစာတာလပေါ့ဟင်းတွင် သင့်တော်ရာ တောင်ပေါ်ဒေသထွက် အသီးအနှံတစ်မျိုးဆီသော်လည်းကောင်း၊ အသားခြောက်တစ်မျိုးဆီသော် လည်းကောင်း၊ ငါးပိထည့်၍သော်လည်းကောင်း ချက်လေ့ရှိပြီး ပါဝင်သော သီးနှံများမှာ မျှစ်၊ ကြိမ်ခါးဖူး၊ လဲလူရွက်၊ စွယ်တော်ရွက်၊ ခွေးတောက်ရွက်၊ ကျောက်ကပ်ရွက်၊ ခတ်ချိုရွက်၊ ဂေါ်ရခါးညွန့်၊ ပင်စိမ်းရွက် စသည်ဖြင့်လည်းကောင်း၊ ခရု၊ အသားခြောက်၊ အသားစို အမျိုးမျိုး (သို့မဟုတ်) ငါး၊ ငါးပိတို့အား သင့်တော်သလို ထည့်ဝင်ပြုလုပ် ချက်ပြုတ်စားသောက်သည့် ရိုးရာဟင်းလျာလည်းဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

❖

## ဆစ်ကွန်ဆိုတဲ့ ဇာတ်လမ်းတွဲအမျိုးအစားကို ပထမဆုံးဖန်တီးထားတဲ့ကား စမ်းချောင်းဆစ်ကွန် - ဆစ်ကွန်စမ်းချောင်း

**ရန်ကုန် ဇူလိုင် ၈**

မြန်မာပြည်သူတွေအတွက် ဆန်းသစ်ပြီး အရသာတွေ့စေမည့် ရုပ်မြင်သံကြားဇာတ်လမ်းတွဲတစ်ခုကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ဇူလိုင် ၁၈ ရက်မှ စတင်ကာ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ထုတ်လွှင့်ပြသတော့မည်ဖြစ်ကြောင်း သိရသည်။

**ဇာတ်လမ်းတွဲ**

စမ်းချောင်းဆစ်ကွန် -ဆစ်ကွန်စမ်းချောင်း အမည်ပေးထားသော အဆိုပါဇာတ်လမ်းတွဲကို အမျိုးသားစာပေဆုရှင် စာရေးဆရာမကြီး နုနုရည်(အင်းဝ)က ဇာတ်လမ်းရေးသားဖန်တီးကာ ဇာတ်ညွှန်းကို နေသန်မောင်၊ နီလာတင်ဝင်းတို့က ရေးသားပြီး ဒါရိုက်တာ ရှင်ဒေဝီက ရိုက်ကူးခဲ့သည်။

**ရိုက်ကူးထား**

ဝါရင့်သရုပ်ဆောင်များဖြစ်သော အကယ်ဒမီ မေသဉ္ဇာဦး၊ အကယ်ဒမီ မျိုးသန္တာထွန်းတို့နှင့်အတူ ဇော်ဝင်းနိုင်၊ သန်းသန်းစိုးတို့ ပါဝင်ထားသလို သရုပ်ဆောင်သစ်များဖြစ်သည့် ညီနိုင်း၊ ဇေယျာထွန်းပိုင်၊ မာန်ဟိန်းခန့်၊ ရွှေဖူးသစ်၊ နန့်အင်ကြင်းမာန်နှင့် ဂျေထွယ်အောင်တို့ ပါဝင်သရုပ်ဆောင်ထားကြသည်။

ဇူလိုင်လမှ ဒီဇင်ဘာလကုန်အထိ ပုံမှန်ပြသမည့် ယင်းဇာတ်လမ်းတွဲကို ကမာရွတ်မီဒီယာက တာဝန်ယူစီစဉ်ထုတ်လုပ်ရိုက်ကူးထားခြင်းဖြစ်သည်။

ဇူလိုင် ၁၄ ရက်တွင် ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ ဇာတ်လမ်းတွဲ မိတ်ဆက်ပွဲကို ကမာရွတ်မီဒီယာက ဦးစီးကျင်းပမည်ဖြစ်သဖြင့် စမ်းချောင်းဆစ်ကွန် - ဆစ်ကွန်စမ်းချောင်း ဇာတ်လမ်းတွဲကြီးကို ခြောက်လကြာမြင့်သည့်တိုင်အောင် အားပါးတရအားပေးကြရမည့်အကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။

**ဟန်သာ**

# ဘော်ဘော်ကထော် ရုပ်ရှင်ဇာတ်ကားကြီး ဇူလိုင် ၁၃ ရက်တွင် ရုံတင်ပြသမည်

**ဇော်မင်း (မြောက်ဒဂုံ)၏ ဇာတ်လမ်းကို ညီညီဘမောင်က မွမ်းမံ၊ ဇာတ်ညွှန်းရေးဖွဲ့ထားပြီး လာဗင်ဒါ ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာ ကိုပေါက် ရိုက်ကူးထားသည့် "ဘော်ဘော်ကထော်" ရုပ်ရှင်ဇာတ်ကား အထူးပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ သမ္မတရုပ်ရှင်ရုံ၌ ပြသသည်။ အဆိုပါရုပ်ရှင်ဇာတ်ကားတွင် အကယ်ဒမီ မြင့်မြတ်၊ ရာဇာနေဝင်း၊ ခင်လှိုင်၊ ဂျိုကာ၊ ရွှေသမီး၊ ဆုအိမ့်စံ၊ မုဏ်း၊ အရိုင်း၊ ညောင်ညောင်၊ စိန်သီး၊ ဇီးသီး၊ ကေညီ၊ အိအိတုံနှင့် အနုပညာရှင်များစွာတို့ ပါဝင်သရုပ်ဆောင်ထားသည်။**

ဇာတ်လမ်းမှာ နှစ်ပေါင်းရာချီပျောက်ဆုံးနေသော "ဘော်ဘော်ကထော်" လူမျိုးစုတစ်စုအကြောင်းကို သုတေသနပြုရန် စိတ်ဝင်စားနေသည့် ပရော်ဖက်ဆာကြီး ဒေါက်တာတိုက်ဂါး၊ ဒေါက်တာတိုက်ဂါး၏ သမီးသုံးယောက် (ဆောင်းဝေ၊ မိုးစွေ၊ နွေဝါ)က ဖခင်ကို ကူညီရှာဖွေပေးချင်သည့်အတွက် ဘော်ဘော်ကထော် လူမျိုးစုတို့နေထိုင်မည်ဟု ယူဆရသည့် မြိတ်ကျွန်းစုများဘက် ခရီးဆန့်လာခဲ့သည်။

ထိုအချိန်တွင် ကျွန်းကြီးတစ်ကျွန်းပေါ်၌ နေထိုင်သည့် ဘော်ဘော်ကုဆိုသည့် အမျိုးသားလေးမှာလည်း ကျွန်းသူကြီးသမီးကို သွားတောင်းရာ ပြိုင်ဘက်ရှိလာ၍ ကျွန်းသူကြီးက ကျွန်းတွင်မရှိသည့်ပစ္စည်း ရှာနိုင်သူပေးစားမည်ဆို၍ သူငယ်ချင်း ဘော်ဘော်ပိနှင့် ဘော်ဘော်ကော်တို့နှစ်ဦး လိုက်ပါပြီး ဘော်ဘော်ကုနှင့်အတူ ပစ္စည်းရှာထွက်ရာမှ ဒေါက်တာတိုက်ဂါး၏ သမီးသုံးဦးနှင့် ကေညီ ဒဏ်ရာရသည်ကို အကြောင်းပြု၍ ဆုံမိရာမှ ဇာတ်လမ်းဖြစ်ပေါ်လာသည်။

ဘော်ဘော်ကထော် ဇာတ်ကားဖန်တီးသူ ဒါရိုက်တာကိုပေါက်က "တစ်ခါတလေမှာ ကျွန်တော်တို့တွေက တကယ်လိုအပ်တဲ့အရာတစ်ခုကို အဝေးကြီးမှာ သွားရှာနေကြတယ်။ တန်ဖိုးအကြီးကြီးလို့လည်း ထင်နေကြတယ်။ တစ်ခါတလေမှာ လူတစ်ယောက်အတွက် တန်ဖိုးအကြီးကြီးကို အဝေးကြီးမှာ သွားရှာနေဖို့မလိုပါဘူး။ ရှင်းရှင်းပြောရရင် တချို့အရာတွေက ကိုယ့်အနီးအနားမှာပဲရှိနေပြီးတော့ တန်ဖိုးရှိတာတွေကို အဝေးကြီးရှာနေရုံနဲ့ တန်ဖိုးမရှိတာတွေက တခြားသူတစ်ယောက်အတွက် တန်ဖိုးရှိတာဖြစ်နေတတ်တယ်။ ဒါကို ပရိသတ်ကို မက်ဆေ့စ်ပေးချင်တာ"ဟု ပြောသည်။

သရုပ်ဆောင် ခင်လှိုင်က "ကိုပေါက်က လူရိုင်းနဲ့ပတ်သက်တဲ့ ဖန်တီးမှုလေး ဘယ်လိုလုပ်ကြမလဲဆိုတာနဲ့ ထိုင်နေရင်းနဲ့ လျှောက်အော်နေတာ။ "ဟာလပါအေးလေ"ဆိုတော့ မြင့်မြတ်ကပါ "အေးလေ အေးလေ" ဆိုတယ်။ နောက်ဂျိုကာကပါ လိုက်ဆိုတယ်။ တေးရေးဆရာက သီချင်းသဘောမျိုးဖြစ်အောင် တီးလုံးလေးထည့်လိုက်တော့ ကြွသွားတာပေါ့။ ပရိသတ်ပါးစပ်ဖျားတော့ ရောက်သွားမယ်ထင်ပါတယ်။ ဒီသီချင်းလေးက ဆိုရတာလွယ်တယ်လေ။ ဆုအိမ့်စံကို စန္ဒရားခုံနားမှာ သီချင်းဆိုပြတာဆိုရင် ပါးစပ်ထဲရှိတာ ကောက်အော်လိုက်တာလေ။ ချစ်စရာကောင်းသွားတာပေါ့"ဟု ပြောသည်။

ဇာတ်ညွှန်းဆရာ ညီညီဘမောင် ခေါ် သရုပ်ဆောင် ညောင်ညောင်က "ပါးရိုက်နှုတ်ဆက်တာက မူရင်းထဲမှာပါပြီးသားပါ။ ဒါပေမယ့် ရိုက်တဲ့အခါမှာ



ဒါရိုက်တာ ကိုပေါက်



သရုပ်ဆောင် ညောင်ညောင်



သရုပ်ဆောင် ခင်လှိုင်



သရုပ်ဆောင် ဆုအိမ့်စံ

တော့ မရိုက်ရဲခဲ့ဘူး။ ရယ်စရာ ရိုက်တဲ့အခန်းဖြစ်ပေမယ့် လူကြီးကို ရိုက်နေတယ်ဆို လက်ခံပါ့မလားပေါ့။ အရမ်းကြီးရိုက်နှက်နေတာမျိုးလည်း မဖြစ်စေချင်လို့ပါ။ ဒီကားက ဟာသကားဆိုပေမယ့် ရယ်စရာတွေအများကြီးလည်း ထည့်မထားပါဘူး။ ဟာသလေးလည်းပါအောင်၊ ပြောချင်တာလေး သဘောတရားလေးတစ်ခုပါအောင် မျှအောင်ထည့်ထားပါတယ်။ အားပေးကြပါ"ဟု ပြောသည်။

ထိုဇာတ်ကားတွင် ကျွန်းသူကြီးသမီး သွားတောင်းသည့် အခန်း၌ ကျွန်းသူကြီးသမီးကို မြင်သည့်အခါ "လှလိုက်တာကွာ"ဆိုသည့် မြင့်မြတ်၏ ဟန်ပန်နှင့် ပြောပေါက်ဆိုပေါက်ကလည်း ပရိသတ်နှစ်ခြိုက်စေမည်ဖြစ်သည်။

ထို့ပြင် ချောမောလှပသည့် မိန်းကလေးနှင့် တွေ့ကြုံရသော်လည်း ကျွန်းပေါ်တွင် ကတိပေးခဲ့သည့် စကားအတိုင်း မိမိနှင့်လက်ထပ်မည့် မိန်းကလေးဆီပြန်သည့် သစ္စာရှိ ကတိတည်သူအဖြစ် မြင့်မြတ်၏ သရုပ်ဆောင်ချက်များသည် ပရိသတ်ရင်ကို ဖမ်းစားနိုင်မည်ဖြစ်သည်။

ဇာတ်လမ်းတွင် ဒေါက်တာတိုက်ဂါး(အရိုင်း)နှင့် ရန်ဘက် လိုင်းရင်း (ရာဇာနေဝင်း)က ကု၊ ပိ၊ ကော် လူရိုင်းသုံးယောက်ကို မရရအောင်ယူရန် ကြိုးပမ်းသည့် ဇာတ်ကွက်များ၊ ကု၊ ပိ၊ကော်တို့၏ ရယ်ရွှင်ဖွယ်ရာ သရုပ်ဆောင်ပုံများ၊ အနုပညာရှင်များစွာ၏ ထောင့်စေ့သော သရုပ်ဆောင်ကွက်များကို အဆိုပါ ဇာတ်ကားတွင် ကြည့်ရှုရမည်ဖြစ်သည့်အပြင် ရေးမြို့နှင့် ၁၅ မိုင်ခန့်အကွာ ကဗျာဝကမ်းခြေ၌ သွားရောက်ရိုက်ကူးထားသည်ဖြစ်ရာ လှပသော ပင်လယ်ရှုခင်းများကိုပါ ကြည့်ရှုခံစားရမည်ဖြစ်သည်။

မြင့်မြတ်၊ ခင်လှိုင်၊ ဂျိုကာတို့နှင့် မင်းသမီးသုံးဦး လျှောက်လည်သည့် အခန်းများတွင် သရုပ်ဆောင်ခင်လှိုင်က ရုတ်တရက် ခုန်တက်သည့် ဇာတ်ဝင်ခန်းနှင့်ပတ်သက်၍ သရုပ်ဆောင်ဆုအိမ့်စံက "အမှန်အတိုင်းပြောရရင် အဲဒီဇာတ်ဝင်ခန်းက လုံးဝမထင်ထားဘူး။ ပြီးလည်းပြီးရော သူ့ဟာသူ ဝုန်းခနဲခုန်တက်တာ လန့်သွားတာ။ ဒီကားလေးက တခြားကားတွေနဲ့မတူ ထူးထူးခြားခြားလေးဖြစ်ပါတယ်။ လာကြည့်ဖို့ဖိတ်ခေါ်ပါတယ်"ဟု ပြောသည်။

နှစ်ပေါင်းများစွာ ပျောက်ဆုံးနေသော ဘော်ဘော်ကထော်လူမျိုးစု၊ အဆိုပါလူမျိုးစုကို ရှာဖွေနေသည့် ပရော်ဖက်ဆာ ပြိုင်ဘက်နှစ်ဦး၊ မြို့ပေါ်ရောက်သွားသည့် ကု၊ ပိ၊ ကော်တို့သုံးယောက်၏ အရိုင်းဆန်သော ပြောဆိုနေထိုင်ပုံများ၊ အလွဲလွဲအချော်ချော်များ၊ လူ့သဘာဝ တွေးတောဆင်ခြင်ဖွယ်ရာများစွာဖြင့် ရုပ်ရှင်ချစ်ပရိသတ်ကြီးအတွက် တစ်မူထူးခြားစွာ ရိုက်ကူးထားသည့် ဘော်ဘော်ကထော် ရုပ်ရှင်ဇာတ်ကားကြီးကို လာမည့် ဇူလိုင် ၁၃ ရက်တွင် မြန်မာတစ်ပြည်လုံးရှိ အဆင့်မြင့် ရုပ်ရှင်ရုံများ၌ ရုံတင်ပြသတော့မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

**သတင်း- သီသီမင်း၊ ဓာတ်ပုံ- ဟန်နီ**

# ၂၀၁၉ ခုနှစ် မတ်လ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဇီဝဗေဒဘာသာရပ် နမူနာမေးခွန်းပုံစံ-၁

၂၀၁၉ ခုနှစ် မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် မေးခွန်းပုံစံသစ်နှင့်စပ်လျဉ်း၍ အသိပေးဖော်ပြချက်များကို သတင်းစာများတွင် ၂၀၁၈ ခုနှစ် မေ ၂ ရက်မှ မေ ၁၀ ရက်အထိ ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ယခု ထပ်မံ၍ ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် နမူနာမေးခွန်းပုံစံများကို သတင်းစာများတွင် ထုတ်ပြန်သွားမည်ဖြစ်ပါသည်။ (နမူနာမေးခွန်းပုံစံများကို ပညာရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.moe.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။)

**SAMPLE QUESTION**

**2019**

**MATRICULATION EXAMINATION**

**DEPARTMENT OF MYANMAR EXAMINATION**

**BIOLOGY** **Time Allowed: (3) Hours**

**WRITE YOUR ANSWERS IN YOUR ANSWER BOOKLET.**


**DO NOT COPY THE QUESTIONS.**

1. State **TRUE** or **FALSE** to the following statements. Do not copy the statements. (10 marks)

i. The tip of the root is protected by a root cap.
ii. The florets in the center of sunflower are disc florets.
iii. A large shield-shaped cotyledon could be found in bean seed.
iv. In rabbit, the pharynx is the part between mouth and buccal cavity.
v. Constipation is the result of insufficient fibers in the diet.
vi. During strenuous exercise, muscle cell carry out anaerobic respiration.
vii. Red blood corpuscles are of several types.
viii. Primary roots are negatively geotropic.
ix. Asexual reproduction in plants have a great deal of commercial importance.
x. Denitrifying bacteria are responsible for nitrification.

2. Choose the correct answer for the following statements. Do not copy the statements. (10 marks)

i. Orchids which grow and attach to the trees are a good examples of (A. xerophytes B. epiphytes C. mesophytes D. hydrophytes).
ii. The antipodal cells disappear before (A. implantation B. pollination C. fertilization D. fussion).
iii. Which diagram does show the dispersal of a seed by wind?



(A) pterocarpus (B) plumbago (C) coconut (D) balsam


iv. Coeliac artery supplies blood to liver, stomach and (A. pancreas B. spleen C. gall bladder D. kidneys).
v. Food rolled into a bolus by the tongue is forced into the back of the (A. mouth B. oesophagus C. stomach D. epiglottis).
vi. Yeast respires anaerobically by converting glucose into (A. fats B. ethanol C. protein D. cellulose).
vii. In land plants, water is mostly absorbed through permeable part of the (A. stem B. leaf C. root D. flower).
viii. Each eyeball is held in a socket of the (A. skull B. head C. chest D. thorax) by six muscles.
ix. The embryo eventually develops into a (A. baby B. man C. foetus D. woman) with recognizable human features.
x. What is the step of the water cycle when the water goes back into the clouds? A. precipitation B. respiration C. transpiration D. condensation

3. Complete the following statements with appropriate words. Do not copy the statements. (10 marks)

i. Insectivorous plants are also termed as ------------- plants.
ii. The flower is borne on a short or long -------------.
iii. The cotyledons are raised above the ground in ------------- germination.
iv. Renal veins are paired veins that bring the blood from the -------------.
v. The process by which the elimination of undigested materials from the gut, is called -------------.
vi. The dead space can be distinguished into anatomical and ---------- dead spaces.
vii. The transpiration ------------- carries water and mineral salts from the roots to the leaves.
viii. Ethylene is important in the ripening of -------------.
ix. Scrotum is a sac in which a ------------- is located.
x. The term hybrid is synonymous with the ------------- condition.

4. Answer **ALL** questions. (10 marks)

a. Provide with labels and caption to the given diagram.




b. Clarify the constitution of each uriniferous tubule in the kidney.
c. Explain the reasons why a person may become overweight and fat.
d. State the structure and function of the granulocytes.

**OR**

Write the effects of the absence of thyroxine hormone secretion.


e. State how the new plants are produced from strawberry, gingers and potatoes.

**OR**

Briefly state how carbon exists in the earth's crust and mention its association with the process of photosynthesis.

5. Answer **ANY FOUR** questions. (20 marks)

a. Mention the habitats of angiosperms and its diversity.
b. Describe the associated glands in a digestive system of rabbit.
c. Provide with labels and caption of given diagram and explain how animal nutrition differs from those of plants.




d. Discuss anaerobic respiration as much as you can.

**OR**

Describe the nature of gibberellins, cytokinin and abscissin hormones in plants.

e. Give reasons why mother's milk is definitely the best for the baby.

**OR**

Write a short note on abiotic factors on an ecosystem for as far as you can.


6. Answer **ANY FOUR** questions. (40 marks)

a. Draw the labeled diagram of the L.S of a flower and explain about its non – essential whorls.

စာမျက်နှာ ၁၁ သို့ ❖

❖ စာမျက်နှာ ၁၀ မှ

b. Give the labels to the following diagram and explain the structures and function of the male reproductive system of a rabbit.




c. Tabulate the conditions that requires for photosynthesis as found in green plant. **(Illustration not essential.)**

d. What is respiration? Explain the inspiration and expiration occurred during the process of gaseous exchange in mammals.

e. List and state the groups of limb's muscles together with their respective function and antagonistic nature.

**OR**

Give precise explanation on the nature of birth as found in human.

f. Describe in detail about variation and the nature of phenotype and genotype.

**OR**

Create a word diagram of nitrogen cycle. Compare the followings;

(1) processes of nitrification and denitrification

(2) the responsible of bacteria in nitrification and denitrification.



**မန္တလေးတိုင်းဒေသကြီး ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ မွေရုံကြီးဘုရား၌ ဇူလိုင် ၈ ရက်က ဘုရားဂေါပက အဖွဲ့မှ တာဝန်ရှိသူများ၊ ဘုရားလုံခြုံရေးဝန်ထမ်းများနှင့် ဘုရားအနီးရှိ ဈေးသည်အဖွဲ့တို့ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ပြုလုပ်ဆောင်ရွက်ကြစဉ်။**
ရဲဝင်းနိုင်(ညောင်ဦး)

**မွန်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးခင်မောင်ကြီး နှင့်အဖွဲ့ ဇူလိုင် ၆ ရက်က သထုံ မြို့မရဲစခန်းအချုပ်အတွင်း အချုပ် သားများထားရှိသည့် အခြေအနေ များကို လှည့်လည်ကြည့်ရှု စစ်ဆေး စဉ်။**
နန္ဒကျော်စွာ



# အမျိုးသမီးများဘဝလုံခြုံဖို့ အကြမ်းဖက်မှုကာကွယ်စို့ ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေး

**ရန်ကုန် ဇူလိုင် ၈**

"အမျိုးသမီးများဘဝလုံခြုံဖို့ အကြမ်းဖက်မှုကာကွယ်စို့"ခေါင်းစဉ်ဖြင့် ပြုလုပ်သည့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ယနေ့ညနေ ၃ နာရီက ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပရာ စိတ်ပါဝင်စားသူ ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် လှိုင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သက်ဝင်းက အဖွင့်အမှာစကား ပြောကြားပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (အမျိုးသားလွှတ်တော်၊ အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီ အတွင်းရေးမှူး) ဒေါ်ဆူဇန်နာလှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်မာဌေး၊ တရားလွှတ်တော်ရှေ့နေ ဒေါ်လှမျိုးစုတို့က အမျိုးသမီးများအား အကြမ်းဖက်မှုဆိုင်ရာ ပြစ်မှုနှင့် ပြစ်ဒဏ်များ၊ သက်ငယ်မုဒိမ်းမှုဖြစ်ပွားရသည့် အကြောင်းအရာများနှင့် မဖြစ်ပွားစေရန် သတိပြုဆင်ခြင်နေထိုင်နည်းတို့နှင့် လက်တွေ့ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များကို အခြေခံကာ ပြည်သူများ ဗဟုသုတရရှိစေရန် ဟောပြောဆွေးနွေးမှုများပြုလုပ်ကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းမှုများ အပေါ် ပြန်လည်ဆွေးနွေး ဖြေကြားကြသည်။

ဒီမိုကရေစီခေတ်တွင် အစိုးရနှင့်ပြည်သူများအကြား ဆွေးနွေးတိုင်ပင်နိုင်ရန်၊ ပြည်သူတို့၏ ဘဝဖြစ်တည်မှုအကြောင်းကိစ္စများ ဆွေးနွေးပြောကြားနိုင်သော အခွင့်အလမ်းများ ဖော်ဆောင်ပေးရန်၊ လူထု၏ စဉ်းစားတွေးခေါ်မှု မြင့်မားလာစေရန်နှင့် အစုအဖွဲ့အတွင်း ပါဝင်ဆွေးနွေးတတ်သော အလေ့အထကောင်းများ လေ့ကျင့်ပေးရန်ရည်ရွယ်၍ လှိုင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်းကာ အဆိုပါ စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။




**သတင်း- ဇော်ကြီး၊ ဓာတ်ပုံ- ဖေဇော်**

# မိုးရာသီစာအုပ်ဈေးရောင်းပွဲတော်နှင့် စာဖတ်ဝိုင်း ပုသိမ်မြို့တွင် ကျင်းပ



**ပုသိမ် ဇူလိုင် ၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် မိုးရာသီ စာအုပ်ဈေးရောင်းပွဲတော်နှင့်စာဖတ်ဝိုင်းကို ယနေ့မွန်းလွဲပိုင်းက မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ပြန်/ဆက်ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းရှိန်က စာဖတ်ဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသားကျောင်းသူများက ဒေါက်တာဖေမြင့်၏ စဉ်းစားခြင်းစာအုပ်မှ မီးသတ်သမား၏လျှပ်တစ်ပြက်ဉာဏ်၊ သမိန်ဗရမ်း၏နည်း၊ အရင်သဘော်လား သဘော်အသစ်လား၊ စားသင့်မစားသင့် ခေါင်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။

စာအုပ်ဈေးရောင်းပွဲတော် နောက်ဆုံးနေ့ဖြစ်သည့်အတွက် စာအုပ်ဝယ်ယူသူများနှင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

## လုပ်ငန်းရှင်များသို့ ကြိုတင်အသိပေးခြင်း

၂၀၁၄ ခုနှစ် စားသုံးသူအကာအကွယ်ပေးရေးဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (ဃ) အရ စီးပွားရေးလုပ်ငန်းရှင်သည် ကုန်စည်များပေါ်တွင် သုံးစွဲပုံနှင့် ပတ်သက်သော သတင်း၊ အချက်အလက် သို့မဟုတ် ညွှန်ကြားချက်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြ၍ ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း၊ ရောင်းချခြင်းများ ဆောင်ရွက်သွားရန် အမိန့်ကြော်ငြာစာကို မကြာမီ ထုတ်ပြန်ကြော်ငြာသွားမည် ဖြစ်ပါသည်။

အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး (၆) လပြည့်မြောက်သည့်နေ့မှစပြီး အာဏာသက်ရောက်မည်ဖြစ်၍ လိုက်နာခြင်းမရှိပါက စားသုံးသူ အကာအကွယ်ပေးရေးဥပဒေနှင့်အညီ အရေးယူခံရမည်ဖြစ်ပါကြောင်းနှင့် လုပ်ငန်းရှင်များအနေဖြင့် ကြိုတင်သိရှိ ပြင်ဆင်ဆောင်ရွက်ထားနိုင်ကြပါရန် အသိပေးအပ်ပါသည်။ **စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီ**

## အသိပေးကြေညာချက်

ဝန်ကြီးများရုံး(အတွင်းဝန်များရုံးဟောင်း)သို့ လာရောက် ကြည့်ရှုလေ့လာမည့် မိဘပြည်သူများအနေဖြင့် အောက်ပါပစ္စည်းများကို ယူဆောင်၍ ဝင်ရောက်ခွင့် မပြုကြောင်း ကြိုတင်အသိပေး ကြေညာအပ်ပါသည်-

- ❖ ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်းအမျိုးမျိုး
- ❖ ကင်မရာအမျိုးမျိုး
- ❖ လက်ကိုင်ဖုန်းအမျိုးမျိုး
- ❖ ဗီနိုင်းစအမျိုးမျိုး
- ❖ ပုလင်း/ဘူးအမျိုးမျိုး
- ❖ အလံအမျိုးမျိုး
- ❖ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့် သံပိုက်/ကော်ပိုက်များ
- ❖ လက်ကိုင်အိတ်အမျိုးမျိုး
- ❖ မီးခြစ်အမျိုးမျိုး



၂၀၁၈ ခုနှစ်၊ (၇၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ

# တူရကီ၌ အစိုးရဝန်ထမ်း ၁၈၅၀၀ ကျော်ကို ရာထူးမှဖယ်ရှားရန် အာဏာပိုင်များ ညွှန်ကြား

**အန်ကာရာ ဇူလိုင် ၈**

ရဲအရာရှိများ၊ စစ်အရာရှိများနှင့် တက္ကသိုလ်ပညာရှင်များအပါအဝင် အစိုးရဝန်ထမ်း ၁၈၅၀၀ ကျော်တို့ကို ရာထူးမှဖယ်ရှားရန် တူရကီအာဏာပိုင်များက ညွှန်ကြားလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇူလိုင် ၈ ရက်တွင် သတင်းထုတ်ပြန်သည်။



ဇူလိုင် ၈ ရက်တွင် ထုတ်ပြန်လိုက်သော အရေးပေါ် အမိန့်ဒီကရီအရ အစိုးရဝန်ထမ်း ၁၈၆၃၂ ဦးတို့ကို အလုပ်မှ ထုတ်ပယ်လိုက်ကြောင်း၊ ၎င်းတို့အနက် ၈၉၉၈ ဦးမှာ ရဲအရာရှိများဖြစ်ကြကြောင်း အစိုးရပြန်တမ်းတွင် ဖော်ပြထားသည်။

အဆိုပါ အစိုးရဝန်ထမ်းများသည် အမျိုးသားလုံခြုံရေးကို ထိခိုက်စေနိုင်သော ဆောင်ရွက်ချက်များအဖြစ် အကြမ်းဖက်အဖွဲ့အစည်းများ၊ အကြမ်းဖက်အုပ်စုများနှင့် ဆက်သွယ်ခဲ့သည်ဟု သင်္ကာမကင်းဖြစ်ရကြောင်း အရေးပေါ် အမိန့်ဒီကရီတွင် ဖော်ပြထားသည်။

ထုတ်ပယ်ခံရသူများတွင် တပ်မတော်သား ၃၀၇၇ ဦးခန့်ပါဝင်ပြီး လေတပ်တပ်ဖွဲ့ဝင် ၁၉၄၉ ဦးနှင့် ရေတပ်တပ်ဖွဲ့ဝင် ၁၁၂၆ ဦးတို့မှာလည်း ရာထူးမှ ဖယ်ရှားခံရကြောင်း၊ တရားရေးဝန်ကြီးဌာနမှ ဝန်ထမ်း ၁၀၅၂ ဦး၊ ရဲတပ်ဖွဲ့ဝင် ၆၄၉ ဦးနှင့် ကမ်းရိုးတန်းစောင့် တပ်ဖွဲ့ဝင် ၁၉၂ ဦးတို့မှာလည်း တာဝန်မှ ရပ်စဲခံရကြောင်း အရေးပေါ် အမိန့် ဒီကရီအရ သိရသည်။

ထို့အပြင် တက္ကသိုလ်များမှ ဆရာ၊ ဆရာမ ၁၉၉ ဦးတို့ကို ရာထူးမှ ဖယ်ရှားလိုက်သည်။ ထိုစဉ်အတွင်း စစ်ဘက်နှင့် အစိုးရဝန်ကြီးဌာနများမှ အလုပ်သမား ၁၄၈ ဦးတို့မှာ ၎င်းတို့၏ မူလရာထူးတာဝန်များတွင် ပြန်လည်တာဝန်ထမ်းဆောင်စေရန် ညွှန်ကြားထားသည်။

တူရကီနိုင်ငံတွင် ၂၀၁၆ ခုနှစ် ဇူလိုင်လမှစ၍ နိုင်ငံတော်အရေးပေါ်အခြေအနေ ထုတ်ပြန်ထားသည်။ သမ္မတ ရီစစ်တေယစ်အာဒိုဂန်အား ဖြုတ်ချရန် ကြိုးပမ်းမှု မအောင်မြင်သည့် အာဏာသိမ်းပွဲအပြီး အရေးပေါ် အခြေအနေ ထုတ်ပြန်ခြင်းဖြစ်သည်။

အစိုးရဝန်ထမ်းများအား ရာထူးမှ ဖယ်ရှားခြင်းကို နောက်ဆုံးအကြော်ပြုလုပ်ခြင်းဖြစ်ပုံရကြောင်း၊ အရေးပေါ် အခြေအနေကြေညာချက်ကို အစောဆုံး ဇူလိုင် ၉ ရက်တွင် ပြန်လည်ရုပ်သိမ်းဖွယ်ရှိသည်ဟု အစိုးရတာဝန်ရှိသူများက ပြောကြားကြောင်း သတင်းများတွင် ဖော်ပြသည်။

**အေအက်ဖ်ပီ**

## ဂျပန်နိုင်ငံ၌ ရေကြီးရေလျှံခြင်းနှင့် မြေပြိုမှုများကြောင့် လူသေဆုံးမှုနှုန်း မြင့်တက်

**ကျိုတို ဇူလိုင် ၈**

ဂျပန်နိုင်ငံအနောက်ပိုင်းတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် လူသေဆုံးမှုနှုန်း မြင့်တက်လျက်ရှိသည်ဟု အာဏာပိုင်များက ဆိုသည်။

ဇူလိုင် ၈ ရက် နံနက် ၉ နာရီအထိ ရရှိခဲ့သော သတင်းအချက်အလက်များအရ လူ ၇၉ ဦးသေဆုံးပြီး ကိုးဦးမှာ အရေးပေါ်အခြေအနေနှင့် ရင်ဆိုင်နေရသည်။ ထို့ပြင် ၅၈ ဦးထက်မနည်း ပျောက်ဆုံးလျက်ရှိသည်။

ဟီရိုရှီးမားစီရင်စုတွင် ၃၅ ဦးသေဆုံးပြီး ဟီမီစီရင်စုတွင် ၂၁ ဦးသေဆုံးခဲ့သည်။

ထို့ပြင် အိုကာရာမာ၊ ဟျိုင်ဂို၊ ကျိုတို၊ ရှီဂါ၊ ဖူကုအိုကာ၊ ကိုချီ၊ ဂီဖူ၊ ရာမာဂုချီနှင့် ဆာဂါ စီရင်စုများတွင် သေဆုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ဟီရိုရှီးမားစီရင်စုတွင် အရေးပေါ်အခြေအနေနှင့် ရင်ဆိုင်နေရသူ လေးဦးရှိပြီး ကာဂိုရှီးမားတွင် နှစ်ယောက်၊ ကျိုတို၊ ဟျိုင်ဂို၊ ဟီမီတို့တွင် တစ်ယောက်စီ အရေးပေါ်အခြေအနေနှင့် ရင်ဆိုင်နေရသည်။

ဘေးအန္တရာယ်နှင့် ရင်ဆိုင်တွေ့ကြုံနေရသော ပြည်သူများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရာတွင် ရေကြီးရေလျှံခြင်းနှင့် မြေပြိုမှုများကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ကြန့်ကြာမှုများ ဖြစ်ပေါ်စေသည်။


ဟီရိုရှီးမားမြို့ရှိ လူနေအိမ်ဝင်းတစ်ခုတွင် မြေပြိုကျမှုကြောင့် သက်ကြီးရွယ်အိုနှစ်ဦး အရေးပေါ်အခြေအနေနှင့် ရင်ဆိုင်နေရကြောင်း၊ လူနေအိမ် ၂၀ ခန့် ရွှံ့နွံများပိတ်ဆို့နေကြောင်း အာဏာပိုင်များက ဆိုသည်။

မြေပြိုမှုအတွင်း ပိတ်မိသူများအား မီးသတ်သမားများက ကယ်ဆယ်လျက်ရှိသည်။

အဆိုပါအိမ်ဝင်းအနီးရှိ လမ်းမများပေါ်တွင်လည်း ရေများလျှံတက်ကာ လူ ၁၀၀ ခန့် ပိတ်မိလျက်ရှိကြောင်း သိရသည်။

ကယ်ဆယ်ရေးလုပ်သားများအပါအဝင် မီးသတ်တပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးစင်တာနှင့် ဆေးရုံများသို့ ဘေးဒုက္ခရောက်ရှိသူများအား ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိကြောင်းသိရသည်။

**အင်န်အိတ်ချ်ကေ**





## သေနတ်ပစ်ခတ်ရမ်းကားမှုဖြစ်ရပ်များ အဆုံးသတ်ရန် အမေရိကန်ပြည်ထောင်စု ချီကာဂိုမြို့၌ ဆန္ဒပြ

**ချီကာဂို ဇူလိုင် ၈**

အမေရိကန်ပြည်ထောင်စုရှိ တတိယအကြီးဆုံးမြို့ကြီးဖြစ်သော ချီကာဂိုမြို့၌ သေနတ်ပစ်ခတ်ရမ်းကားမှုဖြစ်ရပ်များ မကြာခဏ ဖြစ်ပွားနေမှုကို ကန့်ကွက်သည့်အနေဖြင့် ပြည်သူထောင်ပေါင်းများစွာတို့က ဆန္ဒပြခဲ့ကြရာ ယင်းမြို့ရှိ အဓိကကျသော အဝေးပြေးလမ်းမကြီးကို တစ်စိတ်တစ်ဒေသ ပိတ်ထားလိုက်ရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ချီကာဂိုမြို့၌ အဓမ္မမှုခင်းတိုက်ဖျက်ရေး လှုံ့ဆော်သူတစ်ဦးအဖြစ် ဆယ်စုနှစ်ပေါင်းများစွာ ကြာမျှ လှုပ်ရှားလာခဲ့သူ ခရစ်ယာန်ဘာသာရေးခေါင်းဆောင် တစ်ဦး၏ ဦးဆောင်မှုဖြင့် ဇူလိုင် ၇ ရက်က ယင်းဆန္ဒပြပွဲကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဒန်ရန်းအဝေးပြေး လမ်းမကြီး၏ ယာဉ်ကြောအတွင်းသို့ဝင်ရောက်ကာ တစ်နာရီကြာမျှ ဆန္ဒပြခဲ့ကြသဖြင့် ခေတ္တခဏလမ်းပိတ်ဆို့မှု ဖြစ်ခဲ့ရသည်။

ချီကာဂိုမြို့ တောင်ပိုင်း ဆင်ခြေဖုံး အရပ်တွင် အာဖရိကနွယ်ဖွား အမေရိကန်နိုင်ငံသားများ နေထိုင်ကြပြီး ဂိုဏ်းဂဏအုပ်စုများ အချင်းချင်း ပြိုင်ဆိုင်မှုများရှိနေခြင်းနှင့် မူးယစ်ဆေးဝါးပြဿနာကြီးထွားနေခြင်းတို့ကို အကြောင်းပြု၍ သေနတ်ကိုင်ဆောင်ရမ်းကားမှုဖြစ်ရပ်များ နေ့စဉ်လိုလိုပေါ်ပေါက်လျက်ရှိသည်။

ယနေ့ဆန္ဒပြပွဲသည် ချီကာဂိုမြို့၌ သေနတ်ကိုင်ဆောင် ရမ်းကားမှုပြဿနာကို နိုင်ငံရေးသမားများ အာရုံစိုက်လာစေရန် အကြောင်းတစ်ရပ်ဖြစ်စေကြောင်း ခရစ်ယာန်ဘုန်းတော်ကြီး မိုက်ကယ် ပီဖလက်ဂျာက ပြောကြားသည်။

ချီကာဂိုမြို့၌ ဖြစ်ပေါ်နေသော အဓမ္မမှုများကို မြို့သူမြို့သားများက အကြီးအကျယ်စိတ်ပျက် ငြီးငွေ့နေကြပြီဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမေရိကန် ပြည်ထောင်စု အနောက်အလယ်ပိုင်းရှိ ချီကာဂိုမြို့၌ ယခုနှစ် ဇူလိုင် ၁ ရက်အထိ တစ်နှစ်တာကာလအတွင်း လူသတ်မှု ၂၅၄ မှုနှင့် သေနတ်ပစ်ခတ်မှု ၁၁၁၄ မှု ဖြစ်ပွားခဲ့သည်ဟု ရဲတပ်ဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။ လွန်ခဲ့သည့်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်လျှင် လူသတ်မှု ၂၃ ရာခိုင်နှုန်းကျဆင်းသွားသည်ဟု ဆိုသော်လည်း အမေရိကန်ရှိ မြို့ကြီးများအနက် လူသတ်မှုအများဆုံးဖြစ်ပွားသော မြို့အဖြစ် ဆက်လက်ရပ်တည်လျက်ရှိသည်။

**အေအက်ဖ်ပီ**

## ပါကစ္စတန်၌ မဲဆွယ်စည်းရုံးရေးယာဉ်တန်း ဗုံးခွဲတိုက်ခိုက်ခံရ၊ ခုနစ်ဦး ဒဏ်ရာရ

**အစ္စလာမ္မာဘတ် ဇူလိုင် ၈**

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း ခိုင်ဘာပထန်ခဝါပြည်နယ်၌ နိုင်ငံရေးခေါင်းဆောင်တစ်ဦး လိုက်ပါလာသော မော်တော်ယာဉ်တန်းအနီး ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ လူခုနစ်ဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၈ ရက်တွင် သတင်းထုတ်ပြန်သည်။

မူတာဟီဒါ မာဂျစ်အီးအမ်မဲအမည်ရှိ နိုင်ငံရေးပါတီမှ အမတ်လောင်း မာလစ်ရှီရင်းသည် ဇူလိုင် ၇ ရက်က ၎င်းအား ထောက်ခံသူများနှင့်အတူ နိုင်ငံရေးဟောပြောပွဲ ပြုလုပ်ရန် မော်တော်ယာဉ်တန်းဖြင့် သွားလာစဉ် ဘန်နူးအရပ်၌ ဗုံးခွဲတိုက်ခိုက်မှုနှင့် တွေ့ကြုံရခြင်းဖြစ်သည်။ ဇူလိုင် ၂၅ ရက် အထွေထွေရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှု ပြုလုပ်ချိန်အတွင်း ယင်းဖြစ်ရပ်ဖြစ်ပွားခဲ့သည်။

ဗုံးပေါက်ကွဲမှုကြောင့် မာလစ်အပါအဝင် လူခုနစ်ဦး ဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့ကို အနီးရှိ ဆေးရုံတစ်ရုံသို့ ပို့ဆောင်ပေးခဲ့ရသည်။

မဲဆွယ်စည်းရုံးရေး မော်တော်ယာဉ်တန်း အကြမ်းဖက်တိုက်ခိုက်ခံရမှုနှင့်ပတ်သက်၍ မည်သည့်အုပ်စု သို့မဟုတ် မည်သူတစ်ဦးတစ်ယောက်ကမျှ ၎င်း၏ လက်ချက်အဖြစ် ထုတ်ပြန်ကြေညာခြင်းမရှိပေ။ ထိုစဉ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေးမှု ပြုလုပ်လျက်ရှိသည်။

**ဆင်ဟွာ**



# ဘရာဇီးတောင်ပံကစားသမား ဝီလီယံအား ခေါ်ယူရန် မန်ယူအသင်း စိတ်ဝင်စားနေ

မန်ယူအသင်းနည်းပြမော်ရင်ဟိုဟာ ချယ်လ်ဆီးအသင်းမှ ဘရာဇီး တောင်ပံကစားသမား ဝီလီယံအား ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိကြောင်းသိရသည်။

ယင်းသို့ ဘရာဇီးအသင်းတောင်ပံကစားသမား ဝီလီယံအား မန်ယူအသင်းက ခေါ်ယူရန်စိတ်ဝင်စားနေချိန်တွင် စပိန်လာလီဂါ ထိပ်သီးကလပ် ဘာစီလိုနာအသင်းကလည်း ပြောင်းရွှေ့ကြေးပေါင်သန်း ၆၀ ဖြင့် ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်းသိရသည်။

ချယ်လ်ဆီးအသင်းတွင် နည်းပြမော်ရင်ဟိုရှိနေစဉ်က ဝီလီယံနှင့် လက်တွဲခဲ့ဖူးခြင်းကြောင့် မန်ယူအသင်းအနေဖြင့် ကမ္ဘာ့ဖလားတွင် ခြေစွမ်းပြကစားနိုင်ခဲ့သည့် တောင်ပံကစားသမားဝီလီယံအား မော်ရင်ဟိုနှင့်အတူ အိုးထရက်ဖို့ဒ်တွင် မြင်တွေ့ရန်မျှော်လင့်နေခြင်းဖြစ်သည်။ ယင်းမှာ တောင်ပံနှင့် ကွင်းလယ်ကစားသမား ဝီလီယံအနေဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲမှ ထွက်ခဲ့ရပြီးနောက် အနာဂတ်နှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချရန်စဉ်းစားနေကြောင်း သတင်းများထွက်ပေါ်လာခဲ့ခြင်းကြောင့် မန်ယူအသင်းက ခေါ်ယူမည်ဆိုဟု ဆိုလာခဲ့ခြင်းဖြစ်သည်။ ဘရာဇီးအသင်းမှာ ကွာတားဖိုင်နယ်အဆင့်တွင် ဘယ်လ်ဂျီယံအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး ထွက်ခဲ့ရခြင်းဖြစ်သည်။

နည်းပြမော်ရင်ဟိုကလည်း တိုက်စစ်မှူးမာရှယ်မှာ ပြီးခဲ့သည့် ဘောလုံးရာသီက မန်ယူအသင်းတွင် ခြေစွမ်းမပြနိုင်ခဲ့ခြင်းကြောင့် ၎င်းနေရာတွင် အစားထိုးရန် ဝီလီယံကို ပစ်မှတ်ထားလာခဲ့ခြင်းဖြစ်သည်။



# ဘတ်ဖွန်အား ပီအက်စ်ဂျီအသင်း ခေါ်ယူ

ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းသည် ဂျူဗင်တပ်အသင်းနှင့် အီတလီအသင်းတို့၏ ဂိုးသမားဟောင်း ဘတ်ဖွန်အား စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်ကြောင်း သိရသည်။ အသက် ၄၀ အရွယ်ရှိ ဂိုးသမားဘတ်ဖွန်သည် ပြီးခဲ့သည့်ဘောလုံးရာသီကုန်က ဂျူဗင်တပ်အသင်းမှထွက်ခွာခဲ့ခြင်းဖြစ်ပြီး ဂျူဗင်တပ်အသင်းနှင့်အတူ ၁၇ နှစ်ကြာဖြတ်သန်းခဲ့ရာတွင် ပွဲပေါင်း ၆၅၆ ပွဲအထိ ပါဝင်ကစားပေးခဲ့သူဖြစ်သည်။

ဂိုးသမားဘတ်ဖွန်သည် ဂျူဗင်တပ်အသင်းနှင့်အတူ အီတလီစီးရီးအေဖလားကိုးကြိမ်အထိ ရယူနိုင်ခဲ့သူဖြစ်ပြီး ဂျူဗင်တပ်အသင်းအတွက် နောက်ဆုံးဘောလုံးရာသီခုနစ်ရာသီဆက်တိုက် ပြည်တွင်းဆုဖလားကို ရယူနိုင်ခဲ့သူဖြစ်သည်။ ဂိုးသမားဘတ်ဖွန်သည် ၎င်း၏ ကစားသမားဘဝတွင် ပွဲပေါင်း ၁၀၅၀ အထိပါဝင်ကစားပေးခဲ့သူဖြစ်ပြီး အီတလီစီးရီးအေဖလားကိုးကြိမ်၊ ကိုပါအီတာလီယာဖလားငါးကြိမ်၊ ယူအီးအက်ဖ်အေဖလား တစ်ကြိမ်နှင့် အီတလီနိုင်ငံလက်ရွေးစင်အသင်းနှင့်အတူ ကမ္ဘာ့ဖလားတစ်ကြိမ်တို့ကို ဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်သည်။

ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းအနေဖြင့် ဂိုးသမားဘတ်ဖွန်အား အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်ကြောင်းလည်းသိရသည်။

# အိမ်ရှင်ရုရှားကို ခရိုအေးရှားက ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရ

ကမ္ဘာ့ဖလားကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် အိမ်ရှင်ရုရှားအသင်းနှင့် ခရိုအေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ခရိုအေးရှားအသင်းက ရုရှားအသင်းကို ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းသွားခဲ့ပြီဖြစ်သည်။

ယင်းပွဲစဉ်တွင် ပထမပိုင်း ၃၁ မိနစ်တွင် ချယ်ရီရှက်ဗ်၏ သွင်းဂိုးဖြင့် ရုရှားအသင်းက ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး ၃၉ မိနစ်တွင် ကရာမာဆစ်က ခရိုအေးရှားအသင်းအတွက် ချေပဂိုးသွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် ပထမပိုင်းပွဲချိန်အတွင်း တစ်ဖက်တစ်ဂိုးစီသရေ ရလဒ်ထွက်ပေါ်ခဲ့သည်။

ရုရှားအသင်းနှင့် ခရိုအေးရှားအသင်းတို့ ပွဲစဉ်တွင် သာမန်ပွဲကစားချိန်အတွင်း ပြတ်သားသည့်အနိုင်ရလဒ်မထွက်ပေါ်ခဲ့ခြင်းကြောင့် အချိန်ပိုမိနစ် ၃၀ နှင့် ပင်နယ်တီ အဆုံးအဖြတ်တို့ ကစားခဲ့ရပြီး ခရိုအေးရှားအသင်းက ရုရှားအသင်းကို ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ခရိုအေးရှားအသင်းသည် ရုရှားအသင်းကို အနိုင်ရရှိခဲ့ခြင်းကြောင့် ဆီမီးဖိုင်နယ်အဆင့်တွင် နာမည်ကြီး အင်္ဂလန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။



# မာရက်ဇ်အား ခေါ်ယူရန် မန်စီးတီး သဘောတူညီမှုရရှိခဲ့ဟုဆို

မန်စီးတီးအသင်းသည် လက်စတာစီးတီးအသင်း၏ အားထားရသည့်ကစားသမားဖြစ်သည့် မာရက်ဇ်အား ခေါ်ယူရန် သဘောတူညီမှုရရှိထားခဲ့ပြီဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မန်စီးတီးအသင်းသည် မာရက်ဇ်အား ခေါ်ယူရန်အတွက် ပြောင်းရွှေ့ကြေးပေါင်သန်း ၆၀ ဖြင့် သဘောတူညီထားခဲ့ပြီး လာမည့် ၂၄ နာရီအတွင်း ခေါ်ယူနိုင်မည်ဖြစ်ကြောင်းလည်းသိရသည်။

ပရီမီယာလိဂ်ချန်ပီယံမန်စီးတီးအသင်းသည် ပြီးခဲ့သည့်ဇန်နဝါရီလအပြောင်းအရွှေ့ကာလအတွင်းက အယ်လ်ဂျီးရီးယားကြယ်ပွင့် မာရက်ဇ်အား ခေါ်ယူနိုင်ခဲ့ခြင်းမရှိခဲ့သဖြင့် လက်ရှိအချိန်တွင် ခေါ်ယူနိုင်ရေးပစ်မှတ်ထားလာခဲ့ခြင်းဖြစ်သည်။

မာရက်ဇ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက လက်စတာစီးတီးအသင်းနှင့်အတူ ၃၄ ပွဲ ပါဝင်ကစားပေးခဲ့ရာတွင် ၁၀ ဂိုး ဖန်တီးပေးနိုင်ခဲ့ပြီး ၁၂ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သည့် ကစားသမားတစ်ဦးဖြစ်သည်။




## ကမ္ဘာ့ဖလားရလဒ်

| ရုရှား | ၅ - ၆ | ခရိုအေးရှား |
| --- | --- | --- |

ဒွေးကြယ် - ရေးသားသည်

# အိန္ဒိယနိုင်ငံထုတ် လက်နက်ခဲယမ်းများနှင့် တရားမဝင်ဆေးဝါးများ သိမ်းဆည်းရမိ

**ကလေး ဇူလိုင် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့ ကိုးမိုင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယနေ့ နံနက် ၀၀း၃၀ နာရီခန့်က ချင်းပြည်နယ်ဘက်မှ ကလေးမြို့ဘက်သို့ မောင်းနှင်လာသည့် ခြောက်ဘီးယာဉ်ကို ရပ်တန့်စစ်ဆေးရာ အိန္ဒိယနိုင်ငံထုတ် လေသေနတ်လေးလက်နှင့် တရားမဝင်ဆေးဝါးများ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကလေးမြို့ ကိုးမိုင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ရှိသူများသည် ချင်းပြည်နယ်ဘက်မှ ကလေးမြို့ဘက်သို့ ဖိုးနွှန်းဆန်းငါ မောင်းနှင်လာသည့် MDY 6L----- နံပါတ်ပါ ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်မောင်းထိုင်ခုံနောက်မှ အိန္ဒိယနိုင်ငံထုတ် အရှည်သုံးပေ ငါးလက်မမှ သုံးပေ ခုနစ်လက်မအရွယ်အစားရှိ စုစုပေါင်းလေသေနတ် လေးလက်၊ တစ်ဘူးလျှင် လေသေနတ်ကျည်ဆန်အတောင့် ၄၈၀ ခန့်ပါ လေးဘူးတွေ့ရှိသဖြင့် သိမ်းဆည်းခဲ့သည်။

ထို့ပြင် အဆိုပါယာဉ်ပေါ်တွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများနှင့် စာရွက်စာတမ်းခွင့်ပြုချက်တစ်စုံတစ်ရာ မပါရှိသော ငွေကျပ် ၃၉၄၆၈၀၀၀ တန်ဖိုးရှိ အိန္ဒိယနိုင်ငံထုတ် သောက်ဆေး၊ ထိုးဆေး စုစုပေါင်းဆေးဝါး ၁၂ မျိုးနှင့် ကွမ်းစားဆေးများ တွေ့ရှိသဖြင့် တရားမဝင်လေသေနတ်များနှင့် ဆေးဝါးများသယ်ဆောင်လာသူ ဖိုးနွှန်းဆန်းငါအား ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# ရေပူစစ်ဆေးရေးစခန်းတွင် ငွေကျပ် ၃၈ သန်းကျော်တန်ဖိုးရှိ ဘိန်းဖြူများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၈**

ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် ဇူလိုင် ၇ ရက်က ခရီးသည်တင်ယာဉ်တစ်စီးပေါ်မှ ရောင်စုံဆပ်ပြာခွက်များအတွင်း ပလတ်စတစ်အကြည်အိတ်များဖြင့် သို၀ှက်သယ်ဆောင်လာသော ဘိန်းဖြူဟု ယူဆရသည့် ရောင်စုံဆပ်ပြာခွက် ၄၄ ခွက်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈ ဒသမ ၃၆၀ သန်းခန့်) ကို သိမ်းဆည်းရမိခဲ့သည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇူလိုင် ၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၇၄ စီး၊ သွင်းကုန် ၉၇၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် အစီး ၅၀၊ သွင်းကုန် ၁၅၁ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၇ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုသုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉ ဒသမ ၀၂၀ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄ ဒသမ ၄၄၀ သန်းခန့်) စုစုပေါင်းတားဆီးမှု ခုနစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃ ဒသမ ၄၆၀ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ခရီးသည်တင်ယာဉ် လမ်းဘေးသစ်ပင်ဝင်တိုက် ခရီးသည် ၁၉ ဦး ဒဏ်ရာရ

**အုတ်ဖို ဇူလိုင် ၈**

ရန်ကုန်-ပြည် ပြေးဆွဲနေသော ခရီးသည်တင် ယာဉ်တစ်စီးသည် ဇူလိုင် ၇ ရက်က လမ်းဘေးရှိသစ်ပင်ကို ဝင်တိုက်မိရာ ခရီးသည် ၁၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၇ ရက် ညနေ ၃ နာရီခွဲခန့်က အုတ်ဖိုမြို့နယ် အုတ်ဖိုမြို့မရဲစခန်းအပိုင် အရှေ့ဘက် နှစ်မိုင်ခန့်အကွာ လွှစင်ကျေးရွာအနီး ရန်ကုန်-ပြည်လမ်း မိုင်တိုင်အမှတ် ၁၁၃/၃ နှင့် ၁၁၃/၄ အကြားတွင် ရန်ကုန်ဘက်မှ ပြည်ဘက်သို့ ယာဉ်မောင်း လှိုင်မျိုးထွန်း မောင်းနှင်လာသော ဘုန်းမြတ်ပိုင် ခရီးသည်တင်ပို့ဆောင်ရေးယာဉ်လိုင်းမှ ယာဉ်အမှတ် 7M/---- ယာဉ်သည် မျက်နှာချင်း ဆိုင်ယာဉ်ကြောမှ ယာဉ်တစ်စီးအား တိမ်းရှောင်စဉ် လမ်းဘေးရှိ သစ်ပင်ကို ဝင်ရောက်တိုက်မိခဲ့သဖြင့် ယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည်များ အနက် ၁၉ ဦးမှာ ထိခိုက်ဒဏ်ရာများရရှိကာ ဆေးကုသမှုခံယူခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း လှိုင်မျိုးထွန်းအား အုတ်ဖိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**



**မူးယစ်ကိုပစ် ပန်းတိုင်သစ်**
**စိတ်သစ်လူသစ် ဘဝသစ်**

# တိုက်ကြီးမြို့နယ်တွင် ဆိုင်ကယ်တိမ်းမှောက် တစ်ဦးသေဆုံး

**တိုက်ကြီး ဇူလိုင် ၈**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ရန်ကုန်-ပြည်လမ်းတွင် ဇူလိုင် ၇ ရက် ညနေ ၆ နာရီခွဲခန့်က ဆိုင်ကယ်စီးသူတစ်ဦး အရှိန်မထိန်းနိုင်ဘဲ ဆိုင်ကယ်မှောက်သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-ပြည်လမ်းအတိုင်း ကိုအောင်အောင် စီးလာသော ၅၇/ယ ---- တာဘိုစတား ဆိုင်ကယ်သည် တိုက်ကြီးမြို့ ဗောဓိကုန်းရပ်ကွက် ရန်ကုန်-ပြည်လမ်း မိုင်တိုင်အမှတ် ၄၇/၇ နှင့် ၄၇/၀ အကြားအရောက် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့သဖြင့် တိုက်ကြီးဆေးရုံသို့တင်ပို့ရာ သေဆုံးသွားကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ သေဆုံးသူ ကိုအောင်အောင်အား တိုက်ကြီးရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

# ဖားကန့်၊ မရမ်းကုန်း၊ လှိုင်လင်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၈**

မူးယစ်တပ်ဖွဲ့စု(၃) မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၇ ရက် နံနက် ၁၁ နာရီက ဖားကန့်မြို့နယ် အေးမြသာယာကျေးရွာအုပ်စု ဗလခကျေးရွာ အမှတ်(၁၅၁)နေ မောင်မခေါ်နော်အောင်နှင့် ဒေါ်လဖိုင်ဘော့တို့၏ နေအိမ်ကိုရှာဖွေရာ ဘိန်းဆီခဲ ၂ ဒသမ ၄ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ အလားတူ ယင်းနေ့ညနေ ၃ နာရီက မူးယစ်တပ်ဖွဲ့စု(၄၁)ရန်ကုန်(အရှေ့)မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက် ဘုရင့်နောင်လမ်း အိမ်အမှတ်(----)နေ လှခိုင်မိုး၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၅၄၆ ပြား၊ အိုက်စ် ၉၁ ဂရမ်၊ ဘိန်းဖြူဘလောက်တုံး နှစ်တုံး(ဘိန်းဖြူအလေးချိန် ၇၄၀ ဂရမ်)၊ ဆေးခြောက် ၁၀ ဒသမ ၈ ဂရမ်နှင့် ငွေကျပ် သိန်း ၅၀ တို့ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ မွန်းလွဲ ၁၂ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၇) လှိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လှိုင်လင်မြို့နယ် လှိုင်လင်-တောင်ကြီးသွားကားလမ်း ဟိုတင့်ကျေးရွာအနီး၌ ခရီးသည်တင်မော်တော်ယာဉ်ကိုရှာဖွေရာ ခရီးသည် သန်းအောင်ထံမှ ဘိန်းဆီခဲ ၁ ဒသမ ၅၅ ကီလိုကိုလည်းကောင်း၊ အလားတူ ကွန်ဟိန်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွန်ဟိန်းမြို့နယ် ကာလိမြို့ အမှတ်(၄)ရပ်ကွက် တိုးချဲ့ကွက်သစ် ရုံးကြီးလမ်းရှိ မခင်လှ၏နေအိမ်ကိုရှာဖွေရာ အိပ်ခန်းအတွင်းရှိ ဗီရိုအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၀၂၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**



လှခိုင်မိုးအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## မြန်မာ့ရုပ်မြင်သံကြား

**၉-၇-၂၀၁၈ (တနင်္လာနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ Breakfast News
- ၇း၃၅ MRTV Travelogue
- ၈း၃၅ “ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ” (၆၆)
- ၈း၄၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၉း၂၀ “သွားရောက်လေ့လာစရာ မြန်မာ့စာပေနှင့်ယဉ်ကျေးမှုများ ရှိတဲ့နေရာ”
- ၉း၄၅ ရတနာအလား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များ “Quzu”(China)
- ၁၀း၃၀ စိုက်ပျိုးရေးရာအဖြေရှာ “စူးစမ်းလေ့လာ တောင်သူများဆီမှာ” (နွယ်ရစ်ကျေးရွာ)
- ၁၀း၅၀ လုံမမှတ်စု(အပိုင်း-၄၄)
- ၁၁း၁၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၁း၃၀ မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၂း၄၅ ပြည်သူ့နီတိ“သူ့ဘက်ကိုယ့်ဘက်” (သူရဇ္ဇ၊ ဖူးစုံ၊ နိုင်ဝင်း၊ ခင်မောင်လွင်) (ဒါရိုက်တာ-မိုးဇော်ကို)
- ၁၃း၀၀ သုခုမရင်ခွင်အငြိမ့်သဘင် “အာရှညီနောင်အငြိမ့်” (မင်းသမီး-ကြည်နူးထက်၊ လူရွှင်တော်-ဆန်းသစ်၊ တိုးကျော်၊ ဒေါ်လာ၊ ဒင်္ဂါး၊ ကြယ်မင်း) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
- ၁၃း၄၅ Tasty Trip
- ၁၄း၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ “အကယ်၍သာ”(အပိုင်း-၁)
- ၁၅း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ “မကြွေတဲ့နှင်းဆီ”(အပိုင်း-၅၇)

**ညပိုင်း**

- ၁၆း၂၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(အရှေ့တိုင်းပညာ အထူးပြု)(အရှေ့တိုင်းပညာ)
- ၁၆း၄၅ “ရေနံချောင်းမြို့မှ ဗိုလ်ချုပ်အောင်ဆန်းအကြောင်း တစေ့တစောင်း”
- ၁၇း၀၅ This Week's Special Interest
- ၁၇း၂၀ “မူလတန်းအဆင့် သင်ရိုးသစ်မိတ်ဆက်”
- ၁၇း၃၀ Yes or No Talk Show
- ၁၈း၂၀ Football Magazine
- ၁၈း၃၅ ဥပဒေရေးရာအဖြာဖြာ “ကျွန်တော်နှင့်သတင်းမီဒီယာ” (ဦးဟန်ညွန့်(ဥပဒေ) တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်) (ဒါရိုက်တာ-ဝေဠု(ဝသန်))
- ၁၉း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ “မဟာကာလီ” (အပိုင်း-၂၃)
- ၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ ရာဇဝင်ထဲကသမိုင်းအနုပညာ “ဆယ်ပွင့်ပန်း” (ပန်းရန်လုပ်ငန်း) -နိုင်ငံခြားဇာတ်လမ်းတွဲ “မျဉ်းဖြောင့်တစ်ကြောင်းရဲ့ မှတ်တမ်း” (အပိုင်း-၃၃) -“တစ်ပြည်ဝင်အိုး” (ဇော်ဦး၊ ခိုင်ခန့်၊ အာကာစိုး၊ နွဲ့နွဲ့မူ၊ မျိုးစန္ဒီကျော်) (ဒါရိုက်တာ-ဝင်းမောင်ရွှေ (ART))

-**အစီအစဉ်ပြီး၏။**

# နိုင်ငံကိုယ်စားပြုယဉ်ကျေးမှုမျက်နှာစာမှာ

ဆူးငှက်



ဝါတွင်းကာလ ရောက်ပြီဆိုမှဖြင့် မန္တလေးမြို့လယ်ကောင်က ဝါးကပ်မိုးထရံကာ၊ သက်ငယ်မိုးထရံကာ ဧရာမဇာတ်ရုံကြီးများ အလျှိုအလျှို ပေါ်ပေါက်လာခဲ့ခြင်းက ဇာတ်ပွဲရာသီအစဖြစ်ပါ၏။ တပို့တွဲလ ဘုရားကြီးပွဲမှ လက်စသတ်မှာပေါ့။ အဲဒီအခါက တရုတ်တန်း လမ်း ၈၀ ပေါ် ၃၁လမ်း နှင့် ၃၂လမ်းကြား (ယခု ကြည်တင်ဟိုတယ်နေရာ) မှာ တစ်ရုံ၊ ၇၈လမ်း မျက်ပါးရပ်မှာ တစ်ရုံ၊ မြောက်ပြင် ၁၅လမ်း ထီးရိုးဝင်းမှာ တစ်ရုံ၊ ဒေးဝန်း ၃၅ လမ်းမှာ တစ်ရုံ၊ အောင်မြေသာစံ မိုးဗြဲကွင်းမှာ တစ်ရုံ၊ ဘုရားကြီး လေးဆယ့်ငါးတာမှာ နှစ်ရုံပြိုင်။

## ပွဲသွားရန်ပြင်ဆင်

ဝါဆိုဝါခေါင်ကတည်းက ဈေးချိုတော်မှာ ဇာတ်ပွဲပိုစတာတွေ ပလူပျံလာတော့သည်။ မန္တလေးဇာတ်ပွဲရာသီက ဝါဆိုမှသည် ဝါခေါင်၊ တောင်ပြုန်း၊ ရတနာ့ဂူနတ်ပွဲများ အလယ်၊ သီတင်းကျွတ် ကုသိုလ်တော်ကျောက်တော်ကြီးပွဲများမှ မဟာမုနိဘုရားကြီးပွဲအထိဆက်သွား တော့၏။ ညနေ စောင်းသည်နှင့် မန္တလေးသူ ဒေါ်ဒေါ်၊ မမ၊ နှမလေး တို့လည်း အလှပဆုံး ဖီးလိမ်းပြင်ဆင်ကာ ဒူးကောက်ကွေးအထိ ရှည်လျားသောဆံကေသာကြော့ရှင်းများ၌ လက်မောင်းလောက် တုတ်သည့် ဇွန်ပန်းကုံးတွေ ဝေနေအောင် ပန်ဆင်ပြီး ပွဲသွားရန်ပြင်ဆင် လမ်းသလားကြတော့သည်။ ကြွေချိုင့် ကြီးငယ်၌ အစာပြေစားသောက်ဖို့ ဆန္ဒင်းမကင်း၊ မာစကပ်၊ စိန်ဖေကြီးစသော အချိုမုန့်များလည်း ပါ၏။ လက်ဖက်သုပ်၊ ကြက်ခြေနီသုပ်၊ ချင်းသုပ် စသော အိပ်ချင်ပြေအချဉ်အစပ် အသုပ်များလည်း ပါ၏။ ကတ္တီပါအဖုံးစွပ်မှီအုံး၊ ခေါင်းအုံးတွေလည်းပါ၏။ အောက်မှာခင်းဖို့ကော်ဇော၊ အိပ်ရာခင်း၊ ကတ္တီပါနားကွပ် သင်ဖြူးဖျာများလည်းပါ၏။ တတ်နိုင်သူများက တတ်နိုင်သည့်အလျောက်၊ ထိုတတ်နိုင်သူများကလည်း ကိုယ့်မိသားစုသာမဟုတ် အိမ်နီးချင်းများကိုပါ တစုတဝေး အဖော်ခေါ်၏။ တရင်းတနှီး ဆွေမျိုးရင်းချာလို ဆက်ဆံ၏။ သူတို့ကလည်း ပွဲကြည့်ပစ္စည်းတွေ ကူညီကာသယ်ကြနှင့် တဝါးဝါးတဟားဟား ပျော်စရာကောင်းလှသည်။

မောရစ်မိုင်နာကား၊ အော်စတင်ကား၊ ဘဲလ်အဲယားကားပေါ် ပစ္စည်းစုံတင်ပြီး ပျော်ပျော်ပါးပါး ပွဲသွားကြကုန်၏။ ဒါက တတ်နိုင်သူများအပိုင်း။ ရပ်ကွက်ထဲကသာမန်လူတန်းစားကလည်း မြင်းလှည်းတွေ ကြိုငှားထားသည်။ ခြူသံ တလွင်လွင်နှင့် မြင်းလှည်းတွေ ဝင်းပေါက်ထိပ် ရောက်လာတော့ သင်ဖြူးဖျာလိပ် ပွေ့သူပွေ့၊ စားသောက်ဖွယ် ချိုင့်ကြီးချိုင့်ငယ်တို့ ထည့်ထားသည့် ကြိမ်ခြင်းတောင်း မသူ မနှင့် မြင်းလှည်းပေါ် အလုအယက်တက်ကာ ကြော့ကြော့မော့မော့ ပွဲသွားကြသည်။

## ယာယီဇာတ်ရုံ

ဇာတ်ရုံကြီးများကလည်း ဧရာမ အကြီးကြီးတွေ။ အရှည်ကပင် ဆယ့်ငါးပေခန်း အခန်း နှစ်ဆယ်နီးပါး ရှိမည်။ အကျယ်က ခြောက်ခန်း၊ ခုနစ်ခန်း။ ဇာတ်ရုံကြီးတွေက တချို့ ဝါးကပ်မိုး၊ တချို့ သက်ငယ်မိုးထားပြီး ဝါးထရံများဖြင့် ပတ်ပတ်လည် အလုံကာထားသည်။ ထိပ်မှာက ဝင်ပေါက်ထွက်ပေါက်။ ဘေးတစ်ဖက်တစ်ချက်မှာက အရေးပေါ် ထွက်ပေါက်များထား၏။ ဇာတ်ခုံရှိရာဘက်နောက်မှာ အပေါက်တွေရှိသည်။ ဇာတ်ရုံကြီးအတွင်း၌ ဇာတ်ခုံ အရှေ့တည့်တည့် အလယ်ကောင်တွင် ဖျာကြမ်းတွေခင်းထားသည်။ ဖျာကြမ်းတစ်ချပ်လျှင် ငါးပေပတ်လည်လောက်ရှိမှာပေါ့။ နောက်တော့ တဖြည်းဖြည်း သေးသေးသွားသည်။ ထိုဖျာကြမ်းများပေါ် သဘော်ဆေးဖြင့် နံပါတ်များရေးကာ အစီအစဉ်အတိုင်း စေ့နေအောင် ခင်းထားသည်။ ဖျာတွေ တစ်ဖက်တစ်ချက်မှာ သုံးပေခန့်ကျယ်သည့် မင်းလမ်း။ မင်းလမ်းတွေဘေးမှာ ဂုန်နီဖျဉ်အခင်းနှင့် ပက်လက်ကုလားထိုင်တွေ ဆယ်လုံးတန်းခန့် ဇာတ်ရုံနောက်ဖျာတွေအဆုံးထိ စီတန်းချထားသည်။ ဖျာတွေအဆုံးမှာလည်း နောက်ကပိတ်ပြီး ပက်လက်ကုလားထိုင်တွေ ချထားပြန်၏။ ထို့ကြောင့် ပက်လက်ကုလားထိုင်တွေက ဖျာတွေကို အင်္ဂလိပ်အက္ခရာ ယူ(U) ပုံသဏ္ဍာန် ငုံထားသည်။ ထို ဖျာတွေ၊ ပက်လက်ကုလားထိုင်တွေက ဇာတ်ရုံအခန်းထဲက အခန်းပေါင်း ၁၂ ခန်းကျော်ခန့်အထိ နေရာယူထား၏။

ဇာတ်ခုံရှေ့မှာ မြေကြီးကို နှစ်ပေခန့်အနက်ထိ တူးထားသည့် ဆိုင်းကျင်းရှိသည်။ ဆိုင်းကျင်းနှင့် ကပ်လျက်အတန်းက A.Roll တဲ့။ ပြီးတော့ B၊ ပြီးတော့ C။ ထိုအထူးတန်းတွေဆုံးလျှင် တစ်တိုင်၊ ပြီးတော့ နှစ်တိုင်။ ဤသို့ဖြင့် ၁၀ တိုင် အနည်းဆုံးရှိသည်။ ၁၀ ခန်းပေါ့။ ထို့ကြောင့် ဖျာနံပါတ်များ ပြောကြပြီဆိုလျှင် တစ်တိုင်က နှစ်တိုင်က စသည်ဖြင့် ပြောလေ့ရှိ၏။ နံပါတ်နည်းလေ ရှေ့သို့ရောက်လေမို့ ပြောရတာဂုဏ်ရှိသည်။ ကိုးတိုင် ကလေ၊ ၁၁ တိုင်ကလေ ဟုဆိုလျှင် အပျိုမတို့ နှာခေါင်းရှုံ့ကြလေပြီ။

ဘုရားကြီး ၄၅ တာ ကွင်းကြီး၌ဆိုလျှင် ထိုသို့သော ဧရာမရုံကြီး ဆင်တူ နှစ်ရုံ၊ တချို့နှစ်တွေဆို သုံးရုံ

> ခန်းမဇာတ်ရုံကြီးတွေနှင့် လိုက်ဖက်ညီမည့်
> နိုင်ငံတကာစံချိန်မီ အမျိုးသားအဆင့်
> ကဇာတ်ကြီးတွေ စီစဉ်တင်ဆက်နိုင်မှသာ
> နိုင်ငံကိုယ်စားပြု ယဉ်ကျေးမှု. . .

ယှဉ်၍ ဆောက်ထားသည်။ ထိုရုံကြီးများ၌ ဇာတ်ပွဲတွေ အပြိုင်သွင်းကြသည်။ သစ္စာမေတ္တာ ရွှေမန်းသဘင်၊ မြို့တော်သိန်းအောင်၊ စိန်မဟာသဘင် စသည်ဖြင့် ဇာတ်ရုံကြီးများတွင် ဇာတ်အဖွဲ့များဝင်ရောက် ကပြပါက အနည်းဆုံး တစ်ပတ်၊ ၁၀ ရက် ကြာသည်။ မန္တလေးဈေးချိုနှင့် လူစည်ကားရာ လမ်းဆုံလမ်းခွများ၌ ကြော်ငြာပိုစတာများ ချိတ်ဆွဲ၏။ ကြော်ငြာ လှည့်ကားကလည်း ပိုစတာနှစ်ချပ် တစ်ဖက်တစ်ချက် ချိတ်ဆွဲကာ ဇာတ်သီချင်းတွေဖွင့်ပြီး တစ်ပြဝင် တစ်ပြထွက် ကြော်ငြာလှည့်သည်။ ဇာတ်ရုံကြီးမှာလည်း ဧရာမဂိတ်ရှိုးပိုစတာကြီးတွေ ဆင်ပြီးပြီ။ ဇာတ်ရုံရှေ့တွင် စားပွဲခုံတစ်လုံးဖြင့် ပွဲစဉ်ဇယားတွေ ချကာ ကြိုတင်လက်မှတ်တွေ ရောင်းချနေပြီ။ ဖျာဇယား၊ ကုလားထိုင် ဇယားကွက် စာရွက်ကြီးတွင် မင်နီကြက်ခြေတွေ များလာသည်နှင့် အရပ်ထဲ၊ ဈေးထဲ၌ ရွှေမန်းသဘင်ကသဖြင့် ဘယ်နှရက်စာ ဖျာလက်မှတ်တွေ ကုန်သွားပြီ။ ဘယ်ရက်အတွက် ခုနစ်တိုင်



အထိ လက်မှတ်ကုန်ပြီစသည်ဖြင့် သတင်းစကားရိုက်ခတ်သွားတော့၏။

## ယဉ်ကျေးမှုကဇာတ်

ထိုစဉ်က တစ်နှစ်တစ်ခါ ဆိုသလို ထိုဇာတ်ရုံကြီးများ၌ ရုံဇာတ်ပွဲကြီးများ နားရက်မရှိ ဆက်တိုက်ဝင် ကသည်ကို အားပေးကြည့်ရှုကြရလို့ မမောနိုင်သေးဘဲ ယဉ်ကျေးမှုကဇာတ်အဖွဲ့လို လာရောက်ကပြလျှင်လည်း ကြိတ်ကြိတ်တိုး အားပေးကြပြန်၏။ ထိုစဉ်က ယဉ်ကျေးမှုကဇာတ်အဖွဲ့ ဆိုသည်မှာလည်း အနုပညာ၊ အတတ်ပညာရှင်ပေါင်း အမျိုးသား ၆၀ ကျော်နှင့် အမျိုးသမီး ၁၅၀ ကျော်ဖြင့် ဖွဲ့စည်းထားသည့် စံပြုအပ်သော အဖွဲ့ကြီးဖြစ်သည်။ အဖွဲ့(၁)၊ အဖွဲ့(၂)ဟုပင် ခွဲ၍ တင်ဆက်ကြ၏။ ပြင်ပမှ ဇာတ်သဘင်ပညာရှင်များ၊ ပန်တျာကျောင်းဆင်း လက်ရွေးစင်များ၊ ကျွမ်းကျင်သော ဒါရိုက်တာ၊ ဇာတ်ညွှန်းဆရာများ၊ မီး၊ အသံ၊ အခမ်းအနား၊ ဆက်တင်၊ ပန်းချီပညာရှင်များစသည်ဖြင့် ဖွဲ့စည်းပုံအပြည့်ဖြင့် ဖြစ်သည်။ ဇာတ်ညွှန်းဆရာများပင် ကြည့်ပါဦး ရန်ကုန်ဘဆွေ၊ ဗိုလ်မှူးသမိန်၊ ဆင်ပေါင်ဝဲမင်းမင်း၊ ရန်နိုင်စိန်၊ ဗိုလ်ညဏ်မောင်၊ ဘိုကလေးလှထွန်း၊ တေးယမုန်စိုးသန်း၊ ဗိုလ်ကျော်ဆန်း၊ ဦးဟန်ဝင်းတို့ ဖြစ်၏။

ကဇာတ်များ ဇာတ်ထုပ်များအနေဖြင့်လည်း ၁၉၆၃-၆၄ ခုနှစ် မှစ၍ ရန်ကုန်ဘဆွေ၏ ဘလ္လာတိယ ကဇာတ်၊ ဦးမြတ်ကျော်၊ ဦးရွှေဒေါင်းညိုတို့၏ စန္ဒကိန္ဒရီ ကဇာတ်၊ ဆင်ပေါင်ဝဲမင်းမင်း၏ ဘိုးရာဇာ ကဇာတ်၊ သစ္စာမေတ္တာ ကဇာတ်၊ ဗိုလ်မှူးသမိန်၏ တစ်သောင်းမက လက်များ၊ ဆင်ပေါင်ဝဲမင်းမင်း၏ ဟံသကုမ္မာ၊ ဗိုလ်ညဏ်မောင်၏ လှိုင်းကြီးလှေအောက်၊ ဘိုကလေးလှထွန်း၏ အဘယကုမ္မာ၊ တေးယမုန်စိုးသန်း၏ နာဂသန္ဒရ၊ ဆင်ပေါင်ဝဲမင်းမင်း၏ ရန်အောင်မြင်၊ ဝက်ထီးကန်၊ သုဝဏ္ဏသျှံ၊ စစ်ကိုင်းဦးဘိုးသင်း၏ ဖာတစ်လုံး ခေါင်းကြားကို တေးယမုန်စိုးသန်း ဇာတ်ညွှန်းခွဲသည့် ပဏ္ဍိတကုမ္မာ၊ ဗိုလ်ကျော်ဆန်း၏ ပုဂံစစ်သည်၊ ဘိုကလေးလှထွန်း၏ သီရိဝံသ၊ အင်းဝသူရဲကောင်းလေးများ၊ ဆင်ပေါင်ဝဲမင်းမင်း၏ ရာမယကာ၊ ဦးဟန်ဝင်း၏ စဉ့်ကူးမင်း ခေါင်းလောင်းတော်၊ ဗိုလ်ကျော်ဆန်း၏ ဂီတပါလီ၊ ဆင်ပေါင်ဝဲမင်းမင်း၏ ဝန်ကြီးပဒေသရာဇာ၊ ဗိုလ်ကျော်ဆန်း၏ ကေသရာလုလင်၊ ဗိုလ်ကျော်ဆန်း၏ မြန်မာ့လှူဘောင်သစ်၊ ခေတ်စာဆို စိန္တကျော်သူ၊ ဇာတိမာန်ဟုန် ရတနာပုံ၊ ပွင့်ဖူးစုံမှ အင်္ဂုလှ၊ မြအလင်္ကာမြေ၊ မဟာဂီတစာဆို၊ ငွေတောင်သစ္စာပန်းမေတ္တာ၊ ဘိုကလေးလှထွန်း၏ လောကရတနာ၊ ဗိုလ်ကျော်ဆန်း၏ တွင်းသင်းတိုက်ဝန်စဆိုမွန်၊ သဉ်ပတ္တာ၊ ပန်းသီဟ၊ သီတာရေမြေ ဆုံးစေတော့၊ သူ့ကျွန်အဖြစ် ညွှန်နစ်မခံ၊ စာဆိုရှင် လက်ဝဲ သုန္ဒရ၊ ပန်းမကိုင်မြေစသည်ဖြင့် ကဇာတ်၊ ပြဇာတ်တို၊ ဇာတ်ကြီး၊ ပြဇာတ်ကြီးများကို ၁၉၈၈ ခုနှစ်အထိ ကပြနိုင်ခဲ့၏။

## ခြေမှာစကား၊ လက်ဖျားကဗျာ မျက်နှာဇာတ်လမ်း

ထိုစဉ်က ယဉ်ကျေးမှုကဇာတ်သည် အာရှ၊ ဥရောပတစ်ခွင်ထိ အင်နှင့်အားနှင့် ခြေဆန့်နိုင်ခဲ့သည်။ မြန်မာ့အနုပညာကို စစ်စစ်မှန်မှန် တင်ပြနိုင်ခဲ့သည်။ ထို့ကြောင့်လည်း စာရေးဆရာကြီး ဟံသာဝတီ ဦးဝင်းတင်က "ခြေမှာစကား၊ လက်ဖျားကဗျာ မျက်နှာဇာတ်လမ်း" ဟု တစ်ခုတ်တစ်ရ မှတ်တမ်းတင်နိုင်ခဲ့သည်။ ဤသို့ ခမ်းနားကြီးကျယ်လှသော ယဉ်ကျေးမှုကဇာတ်ကြီးများ လာရောက်ကပြလျှင်လည်း မန္တလေးပရိသတ်က အနုပညာချစ်စိတ်ဖြင့် ရုံကွဲသည်အထိ အားပေးခဲ့ကြသည်။ လက်မှတ်များက ဘယ်တော့မှ လွယ်လွယ်ကူကူ မရ။

၁၉၇၀၊ ၁၉၈၀ ကာလများ ဇာတ်ပွဲရာသီချိန်ရောက်ပြီဆိုလျှင် မန္တလေးတစ်မြို့လုံး ဇာတ်ရုံကြီးများတွင် ဇွန်ပန်းရနံ့တို့ ကြိုင်လှိုင်ခဲ့ရသည်။ ၁၉၈၁ခု ဆိုင်းတန်းမီး၊ ၁၉၈၄ ဦးကျားကြီးဝင်းမီး များနောက် မြို့လယ်ကောင်တွင် သက်ငယ်မိုး၊ ထရံကာဇာတ်ရုံကြီးများ နေရာမရတော့။ ထို့ပြင် ကြောက်ခမန်းလိလိ မီးဘေးကြီးများကြောင့် ဝင်ပေါက်ထွက်ပေါက် အဆင်မပြေနိုင်သော ယာယီဇာတ်ရုံကြီးများအတွင်း လူထောင်ချီ၍ ကြည့်ရမည့် အခြေအနေကို နောက်ဆံတင်း စိတ်မချနိုင်ဖွယ် ဖြစ်လာသည်။ ထို့ပြင် ယာယီဇာတ်ရုံများ၏ သန့်စင်ခန်းစနစ်တွေက မလုံခြုံ၊ မသန့်ရှင်း၊ သည်ဒုက္ခကိုလည်း ကြောက်ရွံ့လာကြသည်။ ဇာတ်ရုံကြီးများက လုံခြုံမှုစိတ်မချရသော၊ ခရီးလမ်းပန်း ဝေးကွာသော မြို့စွန်မြို့ဖျားရောက်ရှိခြင်း၊ ခြေခင်းလက်ခင်းမသာသော နေရာထိုင်ခင်းဖြစ်ခြင်း၊ ခေတ်မမီခြင်း၊ စီမံကွပ်ကဲနေရာချထားမှု ညံ့ဖျင်းခြင်းများကြောင့် ဇာတ်ရုံများဆီ ယခင်ကလို အုန်းအုန်းကျွက်ကျွက် မသွားလာနိုင်ကြတော့။ ပြင်ပတွင်လည်း ရုပ်မြင်သံကြားနှင့် ဗီဒီယိုပြစက်များက တွင်ကျယ်လာသည်။

ထို့နောက်. . . ထို့နောက်. . . ဇာတ်ပွဲရာသီများ ပါးလျားမှေးမှိန် ပျောက်ကွယ်သွားတော့သည်။

## အမျိုးသားအဆင့် ကဇာတ်ကြီးတွေ

မန္တလေးမြို့ နန်းတော်ရှေ့ ၆၆ လမ်းပေါ်၌ အမျိုးသားကဇာတ်ရုံဆိုတာ ပေါ်ပေါက်တာ နှစ် ၂၀ ရှိပါပြီ။ မကြာမီ ကွန်ဗင်းရှင်းစင်တာကဲ့သို့သော အခြားကပွဲရုံကြီးတွေ ပေါ်ပေါက်လာဦးမည်။ ထိုသို့သော အမြဲတမ်း ကဇာတ်ရုံကြီးများကို ယခင်က ကျိတ်ကျိတ်တိုး စည်ကားခဲ့သော ဇာတ်ရုံကြီးများနှင့် စိတ်ကူးယဉ် ဆက်စပ်ကြည့်နေမိသည်။ အဆင့်မီ အင်အားကောင်း ယဉ်ကျေးမှု ကဇာတ်ကြီးများနှင့် ပေါင်းစပ် ကြည့်နေမိသည်။ အစိုးရယဉ်ကျေးမှုဌာနက ထိုထို ရုပ်ဝတ္ထု ခန်းမဇာတ်ရုံကြီးတွေနှင့် လိုက်ဖက်ညီမည့် နိုင်ငံတကာစံချိန်မီ အမျိုးသားအဆင့် ကဇာတ်ကြီးတွေ စီစဉ်တင်ဆက်နိုင်မှသာ နိုင်ငံကိုယ်စားပြု ယဉ်ကျေးမှုမျက်နှာစာလည်း လှပအဖိုးတန်ပေမည်။

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် ရေနုတ်မြောင်းဆောင်ရွက်နေမှုကို ကြည့်ရှု

**မြစ်ကြီးနား ဇူလိုင် ၈**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက်ရှိ စည်ပင်/ပြည်သူ ပူးပေါင်းဆောင်ရွက်ပြီးစီးသည့် ကတ္တရာလမ်းသစ်များ ဖွင့်လှစ်ပေးပြီး မြို့တွင်းလမ်းများအဆင့်မြှင့်တင်ဆောင်ရွက်နေမှုနှင့် ပင်မရေနုတ်မြောင်းဆောင်ရွက်နေမှုတို့ကို ဇူလိုင် ၇ ရက် နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နံနက် ၉ နာရီတွင် ဇီးလွန်ကျောင်းဘေး လမ်းအရှည် ပေ ၈၀၀၊ ပေ ၁၄၀၀ အရှည် အကျဉ်းထောင်သွားလမ်း၊ ဓမ္မပါလဘုန်းကြီးကျောင်းလမ်း အရှည် ၅၄၇၅ ပေနှင့် အကျဉ်းဦးစီး အနောက်လယ်ကုန်းလမ်းမကြီးဆက်စပ်လမ်း အရှည် ပေ ၂၄၀၀ တို့ကို ကတ္တရာလမ်းသစ်များအား ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခေမာသီရိရပ်ကွက် ရမ်ပူရပ်ကွက်နှင့် အောင်နန်းရပ်ကွက်ချင်းဆက်လမ်းဖြစ်သည့် အနော်ရထာလမ်းကို လမ်းတိုးချဲ့၍ ကတ္တရာခင်းကျင်းဆောင်ရွက်နေမှု၊ ကြက်ပေါင်ခြံရပ်ကွက်ရှိ အမှတ် (၄) ပင်မရေနုတ်မြောင်းမကြီးကို ကျောက်စီရေနုတ်မြောင်းအဖြစ် ဆောင်ရွက်နေမှု၊ မြစ်ကြီးနားမြို့ ရွှေလမ်းမကြီးအား အေးမြသာယာရပ်ကွက်အတွင်း လမ်းဘေးတစ်ဖက် ၆ ပေစီတိုးချဲ့၍ ခင်းကျင်းဆောင်ရွက်မည့် အခြေအနေနှင့် ဒူကထောင်ရပ်ကွက်အတွင်း အမှတ် (၁၀) အခြေခံပညာ အထက်တန်းကျောင်းသွားလမ်းပေါ်ရှိ ရေဝပ်နေရာ၌ မြေသားဖို့၍ တံတားတည်ဆောက်ပေးနိုင်ရေးအတွက် ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လမ်းတံတားများတည်ဆောက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ရေရှည်အသုံးပြုနိုင်ရေး စီမံဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# မြန်မာနိုင်ငံသို့ တာချီလိတ်ဝင်ပေါက်မှတစ်ဆင့် ဧပြီ ၁ ရက်မှ ဇူလိုင် ၅ ရက်အထိ ကမ္ဘာလှည့်ခရီးသည် နှစ်သိန်းကျော် ဝင်ရောက်လည်ပတ်



**နေပြည်တော် ဇူလိုင် ၈**

တာချီလိတ် နယ်စပ်ဝင်ပေါက်မှတစ်ဆင့် ဝင်ရောက်သည့် နိုင်ငံခြားခရီးသွားဧည့်သည် အရေအတွက်မှာ ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်မှ ဇူလိုင် ၅ ရက်အထိ ထိုင်းနိုင်ငံသားနှင့် တတိယနိုင်ငံသားအများစုပါဝင်သော နေ့ချင်းပြန်ခရီးသည် စုစုပေါင်းမှာ ၂၀၉၉၉၂ ဦးဖြစ်ပြီး မိုင်းဖြတ်၊ ကျိုင်းတုံ ခရီးစဉ်အနေဖြင့် ခရီးသည်စုစုပေါင်း ၂၂၆၈ ဦးနှင့် ဗီဇာဖြင့် တာချီတ်လိတ်မှတစ်ဆင့် လေယာဉ်ခရီးစဉ်ဖြင့် ပြည်တွင်းသို့ ဝင်ရောက်လည်ပတ်သည့် ခရီးသည်စုစုပေါင်း ၁၈၂၂ ဦးတို့ ဝင်ရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

ကမ္ဘာ့လှည့် ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံ၏ ရေမြေတောတောင် သဘာဝအလှများ၊ ခရီးသွားဆွဲဆောင်သည့်နေရာများ၊ တိုင်းရင်းသားတို့၏ မတူကွဲပြားသည့် ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များ၊ လူနေမှုဘဝပုံစံများကို ကြည့်ရှုလေ့လာ သိမြင်ခံစားနိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာဝင်ပေါက်များနှင့် နယ်စပ်ဝင်ပေါက်များမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ အဆက်မပြတ် ဝင်ထွက်သွားလာ လည်ပတ်လျက်ရှိသည်။

ဇွန် ၂၉ ရက်မှ ဇူလိုင် ၅ ရက်အထိ တာချီလိတ်နယ်စပ်ဝင်ထွက်ပေါက်မှတစ်ဆင့် ညအိပ်၊ နေ့ချင်းပြန်ခရီးစဉ် လာရောက်လည်ပတ်ကြသည့် ထိုင်းနိုင်ငံသားနှင့် တတိယနိုင်ငံသား အများစုပါဝင်သော နိုင်ငံခြားသားခရီးသွား ဧည့်သည် ၁၁၃၅၈ ဦး၊ မိုင်းဖြတ်၊ ကျိုင်းတုံ ခရီးစဉ်အနေဖြင့် နိုင်ငံခြားသားခရီးသွားဧည့်သည် ၁၆၂ ဦး၊ ဗီဇာဖြင့်လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသားခရီးသွားဧည့်သည် ၁၃၂ ဦးရှိကြောင်း သိရသည်။

နေ့ချင်းပြန်ခရီးစဉ် လာရောက်လည်ပတ်ကြသော ခရီးသွားဧည့်သည် အများစုသည် တာချီလိတ်မြို့ရှိ အထင်ကရနေရာများဖြစ်သော တာလော့ဈေး၊ ဘုရင့်နောင်ရုပ်တု၊ မဟာမြတ်မုနိဘုရားကြီး၊ ဝမ်ကောင်းဈေး၊ ကိုးမြို့ရှင်နတ်နန်း၊ ရွှေတိဂုံစေတီတော်၊ မြို့လယ်ဓမ္မာရုံ၊ ပဒေါင်ကျေးရွာ၊ နဂါးနှစ်ကောင်ဆရာတော်ကျောင်း၊ ကွမ်ရင်မယ်တော် တရုတ်ဘုံကျောင်း၊ ကျောက်တန်းဈေးများသို့ သွားရောက်လည်ပတ်ကြသည်။

ညအိပ်ခရီးစဉ် လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသား ခရီးသွားဧည့်သည်များသည် မိုင်းဖြတ်မြို့ရှိ မြတ်စွာဘုရားခြေတော်ရာစေတီ၊ ဈေးတန်းကြီး ဘုန်းကြီးကျောင်း၊ သမိုင်းဝင်ဆုတောင်းပြည့် ဆံတော်ရှင်စွန်တောင်းစေတီ၊ ကျိုင်းတုံမြို့အဝင် ဗုဒ္ဓဥယျာဉ်နှင့် ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိ၊ ဟိုခုံကျောင်း၊ မြဘုရားကျောင်း၊ ကျိုင်းရင်းဘုန်းကြီးကျောင်း၊ ဝပ်အင်းကျောင်း၊ စွန်တောင်စေတီ၊ ကျော့မ်ဆရီစေတီ၊ ရမ်ကုန်းကျောင်း၊ ပါလျန်ကျောင်း၊ ရပ်တော်မူ သစ်တစ်ပင်တောင်၊ ကမ္ဘာအေးစေတီ၊ စံပြယန်းလောကျေးရွာ၊ ကတ်တောင်ကျေးရွာအနီးရှိ ကိုးထပ်ရေတံခွန်စသည့် အထင်ကရနေရာများသို့ သွားရောက်လည်ပတ်ကြသည်။

**ကြေးမုံ**

# ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် မြစ်ရေကြီးချိန် လူစီးအမြန်ရေယာဉ်များ စက်ရှိန်လျှော့မောင်းနှင်ရန် အသိပေး

**မုံရွာ ဇူလိုင် ၈**

ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် မြစ်ရေမြင့်တက်လာပြီဖြစ်ရာ မုံရွာမြို့မှ ချင်းတွင်းအထက်ပိုင်းဒေသများသို့ အထက်-အောက် ပြေးဆွဲလျက်ရှိသော လူစီးအမြန်ရေယာဉ်များ မြို့နယ်များရှိ ဆိပ်ကမ်းအဝင်အထွက်နှင့် ကျေးရွာများအနီးမှ ဖြတ်သန်းစဉ် အရှိန်လျှော့ မောင်းနှင်ကြရန် မှာကြားထားကြောင်း သိရသည်။

"မြစ်ကမ်းဘေးမှာရှိတဲ့ကျေးရွာတွေအနေနဲ့ နှစ်စဉ်ကြုံတွေ့နေတဲ့အခြေအနေပါ၊ အထူးသဖြင့်တော့ လူစီးအမြန်ရေယာဉ်တွေပါ၊ ချင်းတွင်းမြစ်ရေကြီးချိန်မှာ ရေယာဉ်တွေက ဆိပ်ကမ်းအဝင်အထွက်နဲ့ ကမ်းအနီးကနေကပ်မောင်းတဲ့အခါ စက်အရှိန်လျှော့မောင်းကြဖို့၊ အရှိန်မလျှော့ချင်ဘူးဆိုရင်တော့ မြစ်အလယ်ပိုင်းက မောင်းကြဖို့ကို မုံရွာမြို့ကစထွက်ကတည်းက ရေယာဉ်စစ်ဆေးတဲ့အဖွဲ့တွေက စနစ်တကျမှာကြားနေပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်သန်းက ပြောသည်။

ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်ရှိ မြို့နယ်များတွင် လူစီးအမြန်ရေယာဉ် ၃၆ သင်း အစီးရေ ၁၉၆ စီး၊ ကုန်တင်ရေယာဉ် ၄၉ သင်းတွင် အစီးရေ ၃၁၄ စီးဖြင့် ချင်းတွင်းမြစ်အထက်ပိုင်းဒေသများသို့ ကုန်စည်နှင့်ခရီးသည်များကို နေ့စဉ်စုန်ဆန်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## တိုတိုထွာထွာဖတ်စရာ

### ဆောမြို့တွင် မြို့တွင်းလမ်းများ တိုးချဲ့ဆောင်ရွက်

**ဆော**

ဂန့်ဂေါခရိုင် ဆောမြို့တွင် မြို့တွင်းလမ်းများ သာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိရာ ယခုနှစ်တွင် ရေစီးရေလာကောင်းမွန်ရေးနှင့် သွားလာမှုလွယ်ကူစေရေးအတွက် ပလက်ဖောင်းနှင့် ရေမြောင်းများ ပြုလုပ်လျက်ရှိသည်။

ဘုရင့်နောင်လမ်းရှိ ကွန်ကရစ်ရေမြောင်းလုပ်ငန်းမှာ မြောင်းအရှည် ၅၄၀ ပေ၊ အကျယ် ၂ ပေ၊ အမြင့် ၂ ပေ ၃ လက်မရှိ၍ ဗိုလ်ချုပ်လမ်းရှိ ကွန်ကရစ်ရေမြောင်းမှာ အလျား ၆၁၂ ပေ၊ အကျယ် ၂ ပေ၊ အမြင့် ၂ ပေ ၃ လက်မရှိကြောင်း သိရသည်။

**၄၆၅**

### ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးထိုး

**မိုင်းငေါ့**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲခရိုင် မိုင်းငေါ့မြို့ ကျန်းမာရေးဌာန၌ မြို့နယ်အတွင်းရှိ မွေးကင်းစမှအသက်တစ်နှစ်ခွဲအထိ ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ဇူလိုင် ၅ ရက် နံနက်ပိုင်းမှစတင်၍ လစဉ်ပုံမှန် ကာကွယ်ဆေးထိုးနှံပေးခဲ့ကြသည်။

အဆိုပါကာကွယ်ဆေးတိုက်၊ ကာကွယ်ဆေးထိုးပေးရာတွင် ပုံမှန်ကာကွယ်ဆေးများဖြစ်ကြသည့် ဆုံဆို့နာ၊ ကြက်ညှာ၊ အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင်၊ ငါးမျိုးစပ်ကာကွယ်ဆေး၊ ပြင်းထန်အဆုပ်ရောင်ရောဂါ၊ ပိုလီယိုအကြောသေရောဂါ၊ ဝက်သက်၊ ဂျိုက်သိုးရောဂါများအတွက် ကာကွယ်ဆေး ၁၀ မျိုးထိုးနှံပေးခဲ့သည်။ ဆက်လက်၍ ကလေးငယ်များကို ပေါင်ချိန်၍ ကိုယ်အလေးချိန်မှတ်တမ်းရယူခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များကိုလည်း မေးခိုင်ရောဂါကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်းသိရသည်။

**သီပေါကိုလတ်**

### ကျွန်းလှမြို့ရှောင်လမ်းပေါ်တွင် တံတားနှစ်စင်းတည်ဆောက်

**ကျွန်းလှ**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် ပျဉ်းမမြိုင်ရပ်ကွက် မြို့ရှောင်လမ်းပေါ်တွင် RCC BOX Culvert တံတားနှစ်စင်းတည်ဆောက်လျက်ရှိကြောင်း သိရသည်။

မြို့ရှောင်လမ်းပေါ် တံတားအမှတ် (၁/၂) နှင့် တံတားအမှတ် (၁/၃) တို့အား တံတားဟောင်းများဖျက်သိမ်းပြီး ၁ ဒသမ ၅၂ × ၁ ဒသမ ၅၂ × ၁၂ ဒသမ ၁၉ မီတာ RCC တံတားကို မြို့နယ်လမ်းဦးစီးဌာနက တာဝန်ယူတည်ဆောက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**

### လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ ၇ များ ထုတ်ပေး

**မင်းဘူး**

မင်းဘူး(စကု)မြို့နယ် အလံပါယ်ကျေးရွာအုပ်စု အလံပါယ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံတွင် ဇူလိုင် ၇ ရက် မွန်းလွဲ ၁ နာရီခွဲက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ ၇ များ ထုတ်ပေးလျက်ရှိသည်။

ထို့နောက် တာဝန်ရှိသူများမှ အလံပါယ်ကျေးရွာနှင့် ဇရပ်ကြီး ကျေးရွာတို့မှ တောင်သူ စုစုပေါင်း ၆၉ ဦးတို့အတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ ၇ အား တောင်သူများလက်ဝယ်အရောက် ၁၃၈ ခုကို ကွင်းဆင်းထုတ်ပေးခဲ့ကြောင်း သိရသည်။

**မျိုးမြတ် (မင်းဘူး)**

# ကျောင်းဝန်းကျင် စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုး



**ပဲခူး ဇူလိုင် ၈**
ပဲခူးမြို့ ဥသာမြို့သစ် (၃)ရပ်ကွက်ရှိ ဥသာ(၁) အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ဇူလိုင် ၈ ရက် နံက် ၇ နာရီက ပဲခူးတိုင်းဒေသကြီး အခြေခံပညာဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့ ပူးပေါင်းပြီး ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့ လှုပ်ရှားမှုအဖြစ် သစ်ပင်စိုက်ပျိုးပွဲတော် ပြုလုပ်သည်။

ပညာရေးပြက္ခဒိန်ပါ ပညာသင်နှစ်အလိုက် ဇူလိုင်လ ဒုတိယပတ်၏ တနင်္ဂနွေနေ့အား ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့သတ်မှတ်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာအရ အခြေခံပညာကျောင်းအလိုက် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ ဆောင်ရွက်ရမည့်လုပ်ငန်းများကို နှစ်စဉ်ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ အဆိုပါနေ့တွင် သစ်ပင်များ၊ အရိပ်ရပင်များ၊ လေကာပင်များ၊ ရာသီအလိုက်သီးပင်၊ စားပင်၊ ပန်းအလှပင်၊ စီမံကိန်းဝင်အပင်များ တိုးချဲ့စိုက်ပျိုးခြင်းနှင့် စိုက်ပျိုးထားသောအပင်များ စိမ်းလန်းစိုပြည်ရှင်သန်ရန် ပြုစုပျိုးထောင်ခြင်းတို့ကို ဆောင်ရွက်ကြကြောင်း တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး (စီမံ)ဆရာမကြီး ဒေါ်မေသက်နွယ်က ပြောသည်။

ပဲခူးတိုင်းဒေသကြီး ပညာရေးဌာနနှင့်သစ်တောဦးစီးဌာနတို့ ပူးပေါင်းပြီး ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ လှုပ်ရှားမှုအဖြစ် သစ်ပင်စိုက်ပျိုးပွဲတော်အား မိမိကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရန်၊ စိုက်ပျိုးထားသောအပင်များစိမ်းလန်းစိုပြည်ရေး ရှင်သန်ရန်၊ ပတ်ဝန်းကျင်ကိုထိန်းသိမ်းပြုပြင်ရန်နှင့် အရိပ်အာဝါသရရှိရန်၊ သစ်ပင်စိုက်ပျိုးရေး အသိပညာများ လက်တွေ့ရရှိရန်နှင့် မိမိစိုက်ပျိုးထားသော အပင်များကို ပြုစုပျိုးထောင်တတ်ရန် စသည်တို့ကိုရည်ရွယ်၍ သစ်ပင်စိုက်ပျိုးပွဲတော် ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ပါက ဒဏ်ငွေကျပ် နှစ်သိန်းပေးဆောင်ရမည်

**မြိတ် ဇူလိုင် ၈**
တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ သန့်ရှင်းသာယာလှပရေးနှင့် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုမရှိစေရေးအတွက် ဇူလိုင် ၇ ရက် နံနက် ၈ နာရီခွဲက မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကျွန်းရတနာခန်းမတွင် တနင်္သာရီတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်းနှင့် မြို့မိမြို့ဖများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စည်ပင်သာယာရေးကော်မတီများ၊ ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးက မြိတ်မြို့သည် လွန်ခဲ့သည့်နှစ်နှစ်က အမှိုက်ရှုပ်သည့်မြို့တစ်မြို့ဖြစ်ခဲ့ပြီး ယခုဆိုလျှင် သန့်ရှင်းသာယာလှပသည့် မြို့တစ်မြို့ဖြစ်လာခဲ့ကာ အားလုံးတက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိကြောင်း အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်စိုးက မြို့သာယာလှပရေးအတွက် အမှိုက်သိမ်းစနစ် ဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

မြိတ်မြို့ သန့်ရှင်းသာယာလှပရေးအတွက် စည်ပင်သာယာရေးအဖွဲ့မှ အမှိုက်သိမ်းယာဉ်ငါးစီး၊ ရပ်ကွက်၊ ကျေးရွာ ကိုယ့်အားကိုယ်ကိုး အမှိုက်သိမ်းယာဉ် ၁၇ စီးဖြင့် ပြည်သူများထံမှ တစ်နေ့လျှင် အမှိုက်ကားဖြင့် အမှိုက်သိမ်းဆည်းသည့် အကြိမ်ရေ ၆၅ ကြိမ်မှ အကြိမ် ၈၀ အထိ သိမ်းဆည်းပေးလျက်ရှိရာ စည်းကမ်းမဲ့ပြည်သူများမှ အမှိုက်များကို ရေမြောင်း၊ ချောင်း၊ ကမ်းနားရေပြင်နှင့် သတ်မှတ်မထားသည့်နေရာများတွင် အမှိုက်စွန့်ပစ်မှုများရှိနေ၍ ပညာပေးကာလနှစ်ပတ်ဆောင်ရွက်ပြီး ပညာပေးကာလပြီးဆုံးပါက စည်းကမ်းမဲ့အမှိုက်ပစ်သူများကို စည်ပင်သာယာရေးကော်မတီမှ ဒဏ်ငွေကျပ်နှစ်သိန်းဖြင့် အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စည်ပင်သာယာရေးကော်မတီမှ သိရသည်။

မြိတ်မြို့သန့်ရှင်းသာယာလှပရေးနှင့် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုမရှိစေရေးအတွက် ပြည်သူများထံမှ အမှိုက်များသိမ်းဆည်းပေးနေသည့် အမှိုက်သိမ်းယာဉ် ကြံ့ခိုင်မှုရှိရေးနှင့် အမှိုက်သိမ်းဆောင်ရွက်ရာတွင် အခက်အခဲများကို ဝိုင်းဝန်းအကြံပြုခဲ့ကြကြောင်း သိရသည်။

**နိုင်ထူး(ပြန်/ဆက်)**

# တစ်ခါသုံး အစားအသောက်ထုပ်ပိုးခွံပြဿနာ ပြည်သူများ ပူးပေါင်းပါဝင်မှ အောင်မြင်မည်

**ရန်ကုန် ဇူလိုင် ၈**
ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးရာသီရေစီးရေလာကောင်းမွန်ရေးအတွက် မိုးကြိုကာလကပင်ကြိုတင်ဆောင်ရွက်ထားသော်လည်း တစ်ခါသုံးအစားအသောက်ထုပ်ပိုးခွံ အမှိုက်များကြောင့် ရေနုတ်မြောင်းများ မကြာခဏပိတ်ဆို့မှုရှိနေသဖြင့် ဆယ်ယူပြီး ရေနုတ်မြောင်းများအား ထပ်မံဆယ်ယူရှင်းလင်းဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၇ ရက်က လှိုင်မြို့နယ် အမှတ် (၁၂) ရပ်ကွက် စက်မှုရိပ်သာလမ်းတွင် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်း ကြီးကြပ်မှုဖြင့် သန့်ရှင်းရေးဌာန၊ လမ်းတံတားဌာနလုပ်သားများပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

တစ်ခါသုံးအစားအသောက်ထုပ်ပိုးခွံအမှိုက်ပြဿနာကို အများအားဖြင့် မိုးရာသီတွင် အထင်အရှားမြင်တွေ့ရသည်ဟုဆိုသည်။ မိုးရေနှင့်အတူစီးမျောလာသော တစ်ခါသုံးအမှိုက်များသည် ချောင်းမြောင်းများထဲသို့စီးဝင်လာပြီး ချောင်းမြောင်းအကွေ့အချိုးနေရာအရောက်တွင် ပိတ်ဆို့မှုရှိတတ်ပြီး ချောင်းမြောင်းများအတွင်း သွယ်တန်းထားသော ဆက်သွယ်ရေးကြိုးများ၊ ရေပိုက်လိုင်းများနှင့် ငြိတွယ်ပိတ်ဆို့ဖြစ်ပေါ်မှုကို ရန်ကုန်အင်းစိန်ကားလမ်း သမိုင်းချောင်းတွင် မြင်တွေ့ရသည်။ သက်ဆိုင်ရာက ဆယ်ယူရှင်းလင်းသော်လည်း မိုးရာသီတွင် မကြာခဏပိတ်ဆို့မှုဖြစ်ပေါ်သည်ဟုဆိုသည်။

**မောင်သုည**

# အင်ဒိုနီးရှားတွင်ကျင်းပသည့် လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာလူငယ်များဆုရရှိ




**ရန်ကုန် ဇူလိုင် ၈**
အင်ဒိုနီးရှားနိုင်ငံတွင် ဇူလိုင် ၃ ရက်မှ ၆ ရက်ထိ Indonesia Junior Amateur Open Golf Championship 2018 ပြိုင်ပွဲသို့ Junior Golf Myanmar (JGM) မှ အတွင်းရေးမှူး ဦးမျိုးသီဟဦးဆောင်သော လူငယ်ကစားသမား အမျိုးသားရှစ်ဦးနှင့် အမျိုးသမီးအားကစားသမားတစ်ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

မင်းသံလွင်အောင် (Boy B) နှင့် သံလွင်မိုးသက် (Girl B) တို့က ချန်ပီယံဆုများနှင့် ကောင်းမြတ်ကျော်က ဒုတိယ၊ ရာဇာအောင်က တတိယဆု၊ သီဟမျိုးဆက်က ပဉ္စမဆုများရရှိခဲ့သည်။ အသင်းလိုက်ပြိုင်ပွဲတွင် ရာဇာအောင်နှင့် ကောင်းမြတ်ကျော်အတွဲက ဒုတိယဆုနှင့် သီဟမျိုးဆက်နှင့် မင်းသံလွင်အောင်အတွဲက တတိယဆုများ အသီးသီး ရရှိခဲ့ကြသည်။ ကျန်ပြိုင်ပွဲများတွင် ထွန်းသူရိန် (အဆင့် ၇)၊ မင်းထက်အောင် (အဆင့် ၈)၊ စိုင်းအောင်စိုင်ဖ (အဆင့် ၉)၊ ဇွဲထက်အောင် (အဆင့် ၁၃) စသည်ဖြင့် အဆင့်များ အသီးသီးရပ်တည်ခဲ့သည်။

အဆိုပါအသင်းမှ ရာဇာအောင်၊ သီဟမျိုးဆက်၊ စိုင်းအောင်စိုင်းဖ၊ ဇွဲထက်အောင်၊ ကောင်းမြတ်ကျော်၊ မင်းထက်အောင်တို့နှင့် ထပ်တိုးအားကစားသမားများအနေဖြင့် လှိုင်မင်းထက်၊ သီဟငွေး၊ ဖုန်းပြည့်ချမ်းဟန်တို့သည် စင်ကာပူနိုင်ငံ Singapore Island Country Club တွင် ဇူလိုင် ၉ ရက်မှ ၁၃ ရက်အထိ ပြုလုပ်မည့် 71st Singapore Open Amateur Championship ပြိုင်ပွဲ သို့ ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

## တိုတိုထွာထွာဖတ်စရာ

### ယဉ်ကျေးလိမ္မာရှိစေရေး ဓမ္မစကူးဖွင့်လှစ်ပေး

**ကြာအင်းဆိပ်ကြီး**
ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ကလေးသူငယ်များ ယဉ်ကျေးလိမ္မာရှိစေရေးအတွက် ဓမ္မစကူးကျောင်းကို ယနေ့နံနက် ၉ နာရီက ကြာအင်းကြီးကျေးရွာအုပ်စု မင်္ဂလာကုန်းကျေးရွာရှိ မင်္ဂလာရိပ်သာတောရကျောင်းဓမ္မာရုံ၌ ဖွင့်လှစ်သည်။

အဆိုပါဓမ္မစကူးကျောင်းကို ကျောင်းသား၊ ကျောင်းသူ ၂၀၀ ကျော်ဖြင့် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဖွင့်လှစ်သင်ကြားကြောင်း သိရသည်။

**မျိုးမင်းဦး(ပြန်/ဆက်)**

### လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများတွေ့ဆုံ

**မယ်စဲ့**
ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ်တွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ လွှတ်တော်အတွေ့အကြုံများ ရှင်းလင်းခြင်း၊ ပြည်သူများအား အသိပညာပေးဟောပြောခြင်းကို ဇူလိုင် ၆ ရက်က ကျောက်စုကျေးရွာ၊ နန့်ပိန်းလင်ကျေးရွာနှင့် မယ်ဆည်နမ်ကျေးရွာတို့တွင် ပြုလုပ်သည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းပန်ဖနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလင်းလင်းတို့က လွှတ်တော်အတွေ့အကြုံများ ရှင်းလင်းဆွေးနွေးသည်။ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်၊ မြို့နယ်သစ်တောဦးစီးမှူး ဦးစိုင်းသန်းညွှန့်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူတို့က မြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ မောင်းနှင်သုံးစွဲမှုမရှိစေရေး၊ မူခင်းလျော့နည်းကျဆင်းရေးနှင့် တရားမဝင်လက်ကိုင်လွှစက်များသုံးစွဲမှုနှင့်ပတ်သက်၍ အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

### ရွာသစ်အထက တွင် သစ်ပင်စိုက်ပျိုး

**ရွာသစ်**
ကယားပြည်နယ် ဘောလခဲခရိုင် ရွာသစ်မြို့တွင် ကျောင်းပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၈ ရက် နံနက် ၈ နာရီမှစတင်၍ ရွာသစ်အထကကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးပွဲတွင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများဖြင့် သရက်ပင်၊ ပိန္နဲပင်၊ စိန်ပန်းပင်၊ ငှက်ပျောပင်၊ ချဉ်ပေါင်ပင်၊ ငရုတ်သီးပင် စသည့်သီးပင်စားပင်များနှင့်အတူ အခြားသောအပင်များလည်း စုစုပေါင်း ၂၅၀ ခန့် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**နန်းဆွေဆွေအေး(ရွာသစ်-ပြန်/ဆက်)**

### အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းဖွင့်

**ပြည်**
ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးလက်ဦးစီးဌာန ကြခတ်ကျေးရွာတွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အပ်ချုပ်စက်သင်တန်းကို ဇူလိုင် ၇ ရက် နံနက်ပိုင်းက ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြည်ခရိုင်ကျေးလက်ဦးစီးမှူး ဦးသန်းနိုင်ဦးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ပြည်မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးက သင်တန်းဖွင့်ရခြင်း၏ရည်ရွယ်ချက်နှင့် သင်တန်းစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါသင်တန်းသို့ သင်တန်းသူ ၂၅ ဦးတက်ရောက်သင်ကြားပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သူရအောင် (ပြည်)**

### ကျောင်းသုံးကွန်ပျူတာများ ပေးအပ်လှူဒါန်း

**ဟင်္သာတ**
အမေရိကန်နိုင်ငံ နယူးယောက်မြို့ရောက် မြန်မာနိုင်ငံသားများစုပေါင်းဖွဲ့စည်းထားသည့် မိုးကြိုးလူငယ်အဖွဲ့နှင့် Noddle For Knowledge Project တို့မှ ဟင်္သာတမြို့နယ် ပညာရေးမှူးရုံးနှင့် အခြေခံပညာကျောင်းလေးကျောင်းအတွက် ကျောင်းသုံးကွန်ပျူတာပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၆ ရက် မွန်းလွဲပိုင်းက ဟင်္သာတမြို့ အမှတ်(၁)အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ပြုလုပ်သည်။

ဟင်္သာတမြို့နယ် ပညာရေးမှူးရုံးအတွက် Desktop အမျိုးအစားလက်တော့တစ်လုံးနှင့် အလက(၂)၊ အထက(ခွဲ) မွေးလုံး-သဲဖြူ၊ အထက (ခွဲ) ရွာဦးနှင့် အမက(၁) မူလွန်ကျောင်းများအတွက် Desktop အမျိုးအစားကွန်ပျူတာတစ်လုံးစီအား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

### အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်ဖြန့်ဝေ

**ရန်ကုန်**
ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၅၁) ရပ်ကွက် ရာဇသင်္ကြန်လမ်း ကြိုးတံတားအဆင်းတွင် ဇူလိုင် ၆ ရက်က ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးဦး၊ ခေတ္တစခန်းမှူး ရဲအုပ်အောင်ကိုဝင်း၊ ယာဉ်ထိန်းတပ်ဖွဲ့ စု၊ မူးယစ်တပ်ဖွဲ့စု၊ လူကုန်ကူးမှုတားဆီးရေးအဖွဲ့တို့နှင့်အတူ ပြည်သူများအား အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ရာ ပြည်သူ ၇၀ ခန့် တက်ရောက်ကြောင်း သိရသည်။ **ကြေးမုံ**

## တိုတိုထွာထွာဖတ်စရာ

### ပြည်သူများအား အသိပညာပေးဟောပြော

**အိမ်မဲ**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့အထက်ပိုင်းရပ်ကွက် အောင်မင်းခေါင်ဓမ္မာရုံ၌ ဌာနဆိုင်ရာများပူးပေါင်း၍ ပြည်သူများအား အသိပညာပေးဟောပြောခြင်းကို ဇူလိုင် ၇ ရက် မွန်းလွဲ ၁ နာရီခွဲက ဆောင်ရွက်ခဲ့သည်။

ပြည်သူ့ကျန်းမာရေးဦးစီးမှူး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးကျော်အောင်က သွေးလွန်တုပ်ကွေးရောဂါအကြောင်း၊ အိမ်မဲမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးဦးဇော်မြင့်ထွေးက သက်ငယ်မုဒိမ်းမှုအကြောင်း၊ လူကုန်ကူးမှုအကြောင်း၊ အိမ်မဲမြို့နယ် မြို့မစခန်းမှူး ဒုရဲမှူးတင်မောင်သန်းက သက်ငယ်မုဒိမ်းမှု၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအကြောင်း ဟောပြောခဲ့ကြောင်းသိရသည်။

**အိမ်မဲ(ပြန်/ဆက်)**

### အထက မင်းလှ၌ စုပေါင်းသစ်ပင်စိုက်ပျိုး

**မင်းလှ**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်တွင် ကျောင်းနှင့် ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ဇူလိုင် ၈ ရက် နံနက် ၇ နာရီက မြို့နယ်အတွင်းရှိ အထက မင်းလှနှင့် အခြေခံကျောင်းများတွင် ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက မိမိတို့စာသင်ကျောင်း အတွင်းအပြင်တို့တွင် အရိပ်ရသစ်ပင်၊ ပန်းပင်၊ သီးပင်စားပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ပေါက်စ (မင်းလှ)**

### လူကုန်ကူးမှုလျော့နည်းရေးအသိပညာပေး

**ရေး**

ပြည်တွင်းငါးဖမ်းလှေ လုပ်ငန်းများတွင် လူကုန်ကူးမှုလျော့နည်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ရေးမြို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၈ ရက် နံနက်က ကျင်းပသည်။

ရေးမြို့နယ် ပင်လယ်ပြင်အတွင်း ရွှေ့ပြောင်းလာသူများတွင် ရေလုပ်သားများအများဆုံးဖြစ်ပြီး ရေလုပ်ငန်းရှင်အနေဖြင့် ရေလုပ်သားများ၏ကြားတွင် မှုခင်းများမဖြစ်ပေါ်စေရန် လုပ်ဆောင်ရန်လိုအပ်ကြောင်း ရဲမှူးခင်ညိုက ပြောသည်။

မွန်ပြည်နယ်အတွင်း လူကုန်ကူးမှုတွင် ၂၀၁၇ ခုနှစ်က ခြောက်မှုဖြစ်ပြီး ၂၀၁၈ ခုနှစ်အတွင်း ယနေ့အထိ နှစ်မှုအရေးယူထားပြီးဖြစ်ကြောင်း ထုတ်ပြန်ချက်များအရ သိရသည်။

**ထွန်းထွန်း (ရေး)**

### မှုခင်းကျဆင်းရေးဟောပြော

**စလင်း**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် တညောင်ကျေးရွာ အထက်တန်းကျောင်း၌ ဇွန်လစတုတ္ထပတ်က မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

ရဲအုပ်ကျော်ကျော်ဦးက သက်ငယ်မုဒိမ်းမှုကျဆင်းရေးအတွက် ကျောင်းသား ကျောင်းသူများသိရှိပြီး ဆောင်ရန်ရှောင်ရန်များကိုလည်းကောင်း၊ ဒေါက်တာရဲမြင့်သောင်းက မှုခင်းဆိုင်ရာဆေးစစ်သက်သေခံချက်များကိုလည်းကောင်း၊ ဒုရဲအုပ်သန်းဌေးဝင်းက ယာဉ်စည်းကမ်းသိရှိလိုက်နာရေးကိုလည်းကောင်း ဟောပြောသည်။


ယင်းဟောပြောပွဲကို တညောင် အထကမှ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူ ၉၁၁ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## သတင်းထုတ်ပြန်ခြင်းသင်တန်းသားများ သတင်းစာတိုက်နှင့် မြန်မာ့ရုပ်မြင်သံကြား သတင်းဌာနများသို့ လေ့လာ

**နေပြည်တော် ဇူလိုင် ၈**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နေပြည်တော် ဒက္ခိဏခရိုင်သင်တန်းကျောင်း၌ တက်ရောက်နေသည့် သတင်းထုတ်ပြန်ခြင်းသင်တန်း အမှတ်စဉ်(၂) မှ သင်တန်းအုပ်ချုပ်သူများ၊ သင်တန်းသား၊ သင်တန်းသူများသည် ဇူလိုင် ၈ ရက် နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ ကြေးမုံသတင်းစာတိုက်(နေပြည်တော်)၊ မြန်မာ့အလင်းသတင်းစာတိုက်(နေပြည်တော်)နှင့် တပ်ကုန်းရှိ မြန်မာ့ရုပ်မြင် သံကြားသတင်းဌာနများသို့ သွားရောက်လေ့လာခဲ့ကြသည်။




သက်ဆိုင်ရာဌာနတာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအား မြန်မာ့မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ သတင်းထုတ်ပြန်ရာတွင် ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေးအတွက် ပုံနှိပ်မီဒီယာလုပ်ငန်းများ၊ ရုပ်သံလွှင့်မီဒီယာလုပ်ငန်းများ၏ အရေးပါသော အခန်းကဏ္ဍများတွင် လုပ်ကိုင်ဆောင်ရွက်ပုံများကို ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**စန္ဒာမိုး (ပြန်/ဆက်)**

## ပခုက္ကူချည်ထည်များကို ဂျပန်ဈေးကွက်မှကမ်းလှမ်းမှာယူ

**ပခုက္ကူ ဇူလိုင် ၈**

ဇွန်လကုန်က ဂျပန်နိုင်ငံတွင် နှစ်ရက်တာကျင်းပခဲ့သော မြန်မာပွဲတော်၌ ပခုက္ကူချည်ထည်များအား ခင်းကျင်းပြသခဲ့ပြီး ဂျပန်ဝန်ကြီးချုပ်၏ ဇနီးနှင့် ပြပွဲလာသူများ၏ နှစ်ခြိုက်တန်ဖိုးထားမှုများရရှိခဲ့ကာ ဂျပန်ဈေးကွက်တွင် တစ်ဆင့်ပြန်လည်ရောင်းချလိုသူများက ကမ်းလှမ်းမှာယူမှုများရှိနေကြောင်း ပခုက္ကူ ဂဠုန်မင်းညီနောင် ချည်ထည်လုပ်ငန်းမှ သိရသည်။

"ပြခန်းကို စိတ်ဝင်တစား လာကြည့်ကြပါတယ်။ ချည်ထည်တွေလည်း ရောင်းခဲ့ရပါတယ်။ အော်ဒါတွေလည်း အများကြီးလက်ခံရခဲ့ပါတယ်။ ဂျပန်လုပ်ငန်းရှင်သုံးဦးက အမြဲတမ်းပို့ပေးဖို့ ကမ်းလှမ်းပါတယ်။ ဂျပန်ဝန်ကြီးချုပ်ကတော် မဒမ်အာခိအဲအာဘေး လာကြည့်တယ်။ အလွန်ကြိုက်တယ်လို့လည်း ပြောတယ်။ သူကိုယ်တိုင်လည်း ဝယ်သွားတယ်။ ပြန်ပြီး ရောင်းချလိုသူတွေက မြန်မာပြည်မှ ပြန်တဲ့အခါမှာ လေဆိပ်ထိလိုက်ပြီး ကမ်းလှမ်းတာတွေ ရှိခဲ့ပါတယ်" ဟု ပခုက္ကူမြို့ ဂဠုန်မင်း ညီနောင်ကုမ္ပဏီလီမိတက် ဒါရိုက်တာဒေါ်နီလာက ပြောသည်။

မြန်မာပြည်ဈေးကွက်နဲ့ ယှဉ်ကြည့်လျှင် နှစ်ဆခန့်ဈေးပိုရသည့် အခြေအနေရှိနေပြီး လုံခြည်ချုပ်ပြီး ပတ်ထမီများ၊ ကူရှင်ကာဗာ၊ အိတ်နှင့် စားပွဲခင်းအတွက် ချည်ထည်အလွတ်များကို ဂျပန်ဈေးကွက်က ဝယ်ယူကြကြောင်း ဒါရိုက်တာ ဒေါ် နီလာထံမှ သိရသည်။

"SME ရှုထောင့်ကနေ ပြောမယ်ဆိုရင် SME လုပ်ငန်းသမားတွေ ဈေးကွက်ရပြီး ဖွံ့ဖြိုးတိုးတက်လာတဲ့အတွက် Supply Change ကြီး တစ်လျှောက် ဖွံ့ဖြိုးလာမှာပါ။ ဥပမာ - ချည်ထည်လုပ်ငန်းမှာ သူတို့ဒေသကဝါစိုက်ပျိုးသူတွေ၊ ချည်မျှင်ထုတ်လုပ်တဲ့သူတွေ၊ အလုပ်သမားတွေ အားလုံးပေါ့"ဟု မကွေးတိုင်းဒေသကြီး SME ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သိန်းက ချည်ထည်လုပ်ငန်း ဈေးကွက်ရလာမှုအပေါ် သုံးသပ်ပြောဆိုသည်။

**ဇေယျာတု(မကွေး)**



## ဆင်သေကွေ့ကျေးရွာတွင် သင်ပုန်းချောင်းကူးတံတား ကိုယ့်အားကိုယ်ကိုးတည်ဆောက်

**ဝမ်းတွင်း ဇူလိုင် ၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ဆင်သေကွေ့ကျေးရွာ၏ အရှေ့ဘက်ရှိ သင်ပုန်းချောင်းကူတံတားကို ကိုယ့်အားကိုယ်ကိုး တည်ဆောက်လျက်ရှိသည်။

လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရေးအတွက် နတ်ကန်ကျောင်းဆရာတော်၊ ရန်ကုန်မြို့ မြေလတ်ဆရာတော်နှင့် သရက်တောကျောင်းဆရာတော်တို့ကဦးစီးပြီး တံတားအရှည် ၁၀၈ ပေ၊ အကျယ် ၁၅ ပေ၊ ယာဉ်သွားလမ်း ၁၂ ပေ၊ အရှေ့အနောက်တွင် အကျယ် ၄၇ ပေရှိ ချဉ်းကပ်ခုံနှစ်ခု၊ ချဉ်းကပ်ခုံများတွင် အနက်ပေ ၆၀ ရှိ ပိုက်ငါးလုံး၊ ရေလယ်တိုင်အနေဖြင့် တစ်တိုင်လျှင် ပေ ၆၀ ရှိ ဘိုးပိုင်ခြောက်လုံးပါ သုံးတိုင်၊ ခံနိုင် ဝန် ၁၅ တန်၊ သံကူကွန်ကရစ်အမျိုးအစား တံတားဖြစ်သည်။

တံတားကြီးပြီးစီးရန်အလှူငွေများ လှူဒါန်းလိုပါက ဖုန်းနံပါတ် ၀၉-၇၈၀၂၄၆၇၂၂၊ ၉၀-၄၂၂၂၅၁၆၉၁ နှင့် ၉၀-၇၉၈၆၃၈၇၃၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

သင်ပုန်းချောင်းသည် မိုးရွာသွန်းမှုများသည့်အခါနှင့်တောင်ပုလုမှ ရေလွှတ်သည့်အခါများတွင် သွားလာရေးတွင် အခက်အခဲများစွာ ကြုံတွေ့နေရပြီး လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုမှန်ကန်ရေးတို့တွင် အဟန့်အတားများဖြစ်ပေါ်လျက်ရှိသည်။

တံတားကြီးပြီးစီးသွားပါက ဆင်သေကွေ့ကျေးရွာအပြင် နီးစပ်ရာကျေးရွာများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ဒေသခံပြည်သူများက ဝမ်းသာလျက်ရှိကြောင်း သိရသည်။

**ဌေးလှိုင်(ဝမ်းတွင်း)**

## ရေစကြိုမြို့နယ် ဗလဗကျေးရွာ မြစ်ကမ်းပါးကာကွယ်ရေးလုပ်ငန်းများစစ်ဆေး

**ရေစကြို ဇူလိုင် ၈**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ဗလဗကျေးရွာအုပ်စု ဗလဗကျေးရွာ ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါး ထိန်းသိမ်းခြင်းလုပ်ငန်းများ လုပ်ဆောင်လျက်ရှိရာသို့ ဇူလိုင် ၈ ရက် နံနက် ၈ နာရီက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုဦးက မြစ်ကမ်းပါးပြိုကျမှု ထိန်းသိမ်းရေး လုပ်ငန်းများစနစ်ကျတရှိစေရေး လာရောက်ကြည့်ရှု စစ်ဆေးသည်။

အဆိုပါ ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါးပြိုကျမှုများဖြစ်ပေါ်ခဲ့ရာ ရေစကြိုမြို့ ဗလဗကျေးရွာရှိ အိမ်ထောင်စု ၉၀ ကျော် ရွှေ့ပြောင်းပေးခဲ့ရပြီး ဉာတိကာရုံကျောင်းတိုက်နှင့်မြစ်ကမ်းပါး ကပ်လျက်အနေအထားသို့ ရောက်ရှိနေရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်က စက်ယန္တရားများဖြင့် ပေ ၂၀၀၀ ကျော် မြစ်ကမ်းပါးစောင်းညိုကာ အိတ်များဖိကာ ဆောင်ရွက်ထားရှိမှုများနှင့် (Steel CableGroyne) များဖြင့် မြစ်ကြောင်းရေစီးသန်မှုကို ထိန်းကာဆောင်ရွက်ထားရှိမှုကို ရှင်းပြသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးကိုကိုဦးက မြစ်ကမ်းပါးပြိုကျမှုအား ထိန်းသိမ်းနိုင်ရေးတို့ကိုပြောကြားခဲ့ပြီး ဉာတိကာရုံကျောင်းတိုက်ဝင်းအတွင်း တည်ထားကိုးကွယ်ခဲ့သည့် သက္ကရာဇ် ၅၅၇ ခုနှစ်အလောင်းစည်သူမင်းကြီး၏ မြေးတော်၊ မြစ်တော်များနှင့် ဝဋ္ဋုဝတီမင်းသမီးကောင်းမှု ဓမ္မရုံသီ (မြစ်ကမ်းပါးပြန်) ဘုရားကြီး အောက်ဘက် ပေ ၁၀၀ ဆက်လက်ပြီး မြစ်ကမ်းပါးစောင်းညိုကာ အိတ်များဖိထားရန် မှာကြားခဲ့ကြောင်း သိရသည်။

**ကိုထိန် (ငါ့သရောက်)**

## စက်ယန္တရားနှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများအရစ်ကျရောင်းချ

**မန္တလေး ဇူလိုင် ၈**

မန္တလေးတိုင်းဒေသကြီး ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းနှင့် C&DGroup တို့ပူးပေါင်း၍ ဆောက်လုပ်ရေး၊ လျှပ်စစ်စွမ်းအင်နှင့် စက်ယန္တရားပြပွဲ ဖွင့်ပွဲကို ဇူလိုင် ၇ ရက် နံနက် ၉ နာရီက မန္တလေးမြို့တော်ခန်းမရှိ ပြပွဲမုခ်ဦး၌ ကျင်းပခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးထွန်းကြည်၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်၊ မန္တလေးတိုင်းဒေသကြီး ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်အားပေးပြီး ပြခန်းများကို ကြည့်ရှုခဲ့ကြသည်။

ဆောက်လုပ်ရေး၊ လျှပ်စစ်စွမ်းအင်နှင့် စက်ယန္တရားပြပွဲတွင် ဆောက်လုပ်ရေးဆိုင်ရာ နည်းပညာသစ်များ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ စက်ယန္တရားကြီးများ၊ မြေသယ်ယာဉ်ကြီးများ၊ မြေတူးမြေကော်ဘိုးပိုင်တူးစက်များ ပြသရောင်းချခြင်း၊ ဆောက်လုပ် ရေးလုပ်ငန်းသုံးပစ္စည်းများ ပြသခြင်း၊ အိမ်အမိုးများ၊ စက်အုတ်များ၊ အသင့်သုံးတံခါးများ၊ အိမ်သုတ်ဆေးများ၊ အပူခံပြားများ၊ ဓာတ်လှေကား၊ စက်လှေကားများ၊ အိမ်သုံးစက်ရုံသုံး လေအေးပေးစက်များ၊ ရေစုပ်စက်နှင့်ပန့်များ၊ ကျောက်ပြားများ၊ မီးသတ်ဆေးဘူးများ၊ လျှပ်စစ်ပစ္စည်းများ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ၊ သတ္တုတူးဖော်ရေးစက်ပစ္စည်းများကို နိုင်ငံ ၁၂ နိုင်ငံမှ ကုမ္ပဏီများက ပြသရောင်းချသည်။

ဂျပန်၊ တရုတ်၊ တရုတ် (တိုင်ပေ) ကုမ္ပဏီများမှ လုပ်ငန်းသုံးမော်တော်ယာဉ်များ၊ စက်ယန္တရာများအား ဘဏ်များနှင့်ချိတ်ဆက်၍ အရစ်ကျစနစ်ဖြင့် ပြသရောင်းချရာ လာရောက်လေ့လာသူဝယ်ယူသူများဖြင့် စည်ကားလျက်ရှိပြီး ပြပွဲကို ဇူလိုင် ၇ ရက်မှ ၁၀ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

STAR ACADEMY
Hospitality & Business Management
ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်း

**Diploma in Hospitality Management**

ဖွံ့ဖြိုးတိုးတက်နေသည့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်လိုသူများအတွက် စာတွေ၊ လက်တွေ၊ Assignments၊ Project များစွာဖြင့် လုပ်ငန်းအတွေ့အကြုံရှိ ဆရာများကိုယ်တိုင် ထိရောက်စွာသင်ကြားပေးနေပါသည်။



- Tourism Management Course
- Front Office Management Course
- Food & Beverage Management Course
- Sales & Marketing Management Course
- Housekeeping Management Course
- Human Resources Management Course
- Financial Management Course

လျှောက်လွှာပိတ်ရက် - (၂၃.၇.၂၀၁၈)

Call Now : 09 79 700 4988, 01 52 32 00 အမှတ် (၂၆၇)၊ အခန်း(၁၂)၊ ပြည်လမ်း (ဒဂုံစင်တာ-၂ ရှေ့)၊ ရန်ကုန်။

STANDARD ECO ZONE
your affordable quality

SG Eco laminate floor New Designs
Week 27 ( 4 ~ 9 July 2018 )
လက်ကားအထူးဈေးနှုန်း
(Floor Only)
၁ ကျင်း (၃၈) ချပ်

| 8 mm | 8 mm | 8 mm |
|---|---|---|
| ပုံမှန် လက်လီ ဈေး | ၁၀ ကျင်း အထက် | ၃၀ ကျင်း အထက် |
| 90,000 Ks. | 80,000 Ks. | 75,000 |

အရည်အသွေးနှင့် ဈေးနှုန်းမျိုးစုံစွာ ဝယ်ယူနိုင်သည်
Hotline: 09 4555 444 30, 09 4555 444 03

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ
ဦးမြသက်အောင်-Dr.ချိုချိုသက်တို့၏သား

**မောင်အောင်ညိုသက်**
**Dip in Mechatronic Engineering**
**Ngee Ann Polytechnic**

နှင့်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ
ဦးရန်အောင်မြင့်-ဒေါ်မိမိအောင်တို့၏ သမီးငယ်

**Dr.သည်းသုသုရန်**
**M.B.,B.S (Ygn)**

တို့သည် ၈-၇-၂၀၁၈ ရက်တွင် Lotte Hotel ၌ နှစ်ဖက်မိဘဆွေမျိုးများနှင့် လူကြီးစုံရာ ရှေ့မှောက်၌ သဘောတူ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်အောင်ညိုသက်-Dr.သည်းသုသုရန်**

### မိဘအမည်မှန်

နေပြည်တော်၊ ပျဉ်းမနားမြို့၊ အထက(၂)၊ ဒသမတန်း(A)မှ မပိုးအိကျော်၏ မိဘအမည်မှန်မှာ ဦးကြည်စိန် [၇/ကကန(နိုင်)၀၀၇၅၄၁] နှင့် ဒေါ်တင်တင်ဦး [၉/ပမန(နိုင်)၀၂၀၁၀၆] ဖြစ်ပါကြောင်း။

iMark graphic Earth PRINT SHOP
အမှတ်(၁၅၆/၁၅၈) ဘုတလမ်း(အပေါ်) ကျောက်တံတား
ဆက်သွယ်ရန် 09 450 222 100, 09 2541 33695
ဗီနိုင်း ၁ပေ 120/200
စတေကာ ၁ပေ 500
Japan Quality Print N Cut 1000
နေ့ချင်းပြီး လိပ်စာကတ် 1 Side 50 2 Side 80
1 Side 60 2 Side 100
(ခ)နာရီအတွင်း အမြန် 1 Side 70 2 Side 120
လက်ကမ်းကြော်ငြာ Art Paper 128g, A4 size 57 ကျပ်
X-Stand ရိုက် 1000Pcs

တြိ တြိ တြာ
ဒဂုံမြို့သစ်
အရှေ့ပိုင်း၊ တောင်ပိုင်း
ဆိပ်ကမ်း မြေကွက်များ
ဈေးမှန် (ပေါက်ဈေး)
ဝယ်ပါသည်။
ဖုန်း- ၀၉၅၃၂၂၂၅၈
၀၉၉၆၁၂၃၄၄၃၄

### ရောင်းမည်

သယ်န်းကျွန်းမြို့နယ်၊ ဇမ်းရိပ် (၃)၊ (၆)၊ (၈)၊ (၉)၊ လမ်းရှိ မြေညီထပ်မှ (၆)လွှာအထိတိုက်ခန်းများကိုအမြန်ရောင်းမည်။ (B.C.Cရရှိပြီး)
ဖုန်း။ 09-5401011, 09-73095677,09-5002931

### ပျောက်ဆုံးကြောင်းကြေညာခြင်း

ကျွန်တော်များ Amethyst Co.Ltd သည် ဌာနဆိုင်ရာလုပ်ငန်းကိစ္စများ ဆောင်ရွက် နေစဉ်အတွင်း သွင်းကုန်လိုင်စင်အမှတ် IL4/18-19/0700 (၂၈-၆-၂၀၁၈) နှင့် (FDA) ထောက်ခံစာအမှတ်-IR-F/2018-B1/1245 (၂၁-၆-၂၀၁၈)တို့မှာ ၅-၇-၂၀၁၈ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်နှင့် ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။
**ဆက်သွယ်ရန်-၀၉-၄၂၀၇၂၃၂၀၆**



ရဟန်းဒါယကာကြီး

## ဦးတင်မောင်ဆွေ(ခရမ်းမြို့)

### အသက်(၈၈)နှစ်

**မြို့နယ်ကျန်းမာရေးမှူး(ငြိမ်း)၊**
**မြို့နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့၊ ဥက္ကဋ္ဌ(ငြိမ်း)**

ခရမ်းမြို့နေ (ဦးမြို့-ဒေါ်သန်းရှင်)တို့၏သား၊ (ဦးမြသောင်-ဒေါ်ဝိုင်း)တို့၏သားသမက်၊ (ဦးထွန်းအောင်-ဒေါ်အေးတင်)၊ (ဦးကြီးညွန့်-ဒေါ်သောင်းသောင်း)၊ (ဗိုလ်မှူးကြီးဇော်ဝင်း)-ဒေါ်ခင်နွဲ့ဝင်း၊ (ဦးခင်ညွန့်-ဒေါ်နုနု)၊ ဦးစိန်မောင်-ဒေါ်ခင်မေလေးတို့၏ ညီ/မောင်၊ (ဗိုလ်မှူးကြီး ဦးစိုးမြင့်ဝင်း)-ဒေါ်ယဉ်ယဉ်ကြည်၊ (ဦးတင်မောင်ဝင်း)-ဒေါ်ကြူကြူ၊ ဦးစိုးနိုင်-ဒေါ်တင်နွယ်နွယ်၊ ဦးအောင်စိုး-ဒေါ်မြင့်မြင့်ထွန်းတို့၏အစ်ကို၊ ဒေါ်ခင်သန်းနွဲ့၏ ချစ်လှစွာသောခင်ပွန်း ဦးတင်မောင်ဆွေသည် ၈-၇-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၈(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၇-၂၀၁၈ (စနေနေ့)တွင် (၆)မိုင်ခွဲ၊ အမှတ်-၃၁(ဒီ)၊ အမက(၁၀) ကျောင်းလမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ရဟန်းဒါယကာကြီး

## ဦးတင်မောင်ဆွေ(ခရမ်းမြို့)

### အသက်(၈၈)နှစ်

**မြို့နယ်ကျန်းမာရေးမှူး(ငြိမ်း)၊**
**မြို့နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့၊ ဥက္ကဋ္ဌ(ငြိမ်း)**

ရန်ကုန်မြို့၊ (၆)မိုင်ခွဲ၊ အမှတ်-၃၁(ဒီ)၊ အမက(၁၀) ကျောင်းလမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်နေ ဒေါ်ခင်သန်းနွဲ့၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်နိုင်ဆွေ-ဒေါ်စိုးမိမိအောင်၊ ဦးသက်ဆွေ-ဒေါ်နီလာထွန်း၊ ဦးကြည်ဆွေ-ဒေါ်ဆွေဆွေလှ၊ ဗိုလ်မှူးဟန်ဆွေ-ဒေါ်စုမြတ်မွန်၊ ဦးသန်းဆွေ-ဒေါ်ဥမ္မာသီတို့၏ ချစ်လှစွာသောဖခင်၊ မြေး ၁၀ ယောက်တို့၏အဘိုး ဦးတင်မောင်ဆွေသည် ၈-၇-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၈(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၇-၂၀၁၈ (စနေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော် စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါး၊ ပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်-

၁။ မွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော၊ နိမ့်သောနေရာများတွင်သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားရန်၊

၂။ အကယ်၍ ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှု မရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားရန်၊

၃။ ရေစီးကြောင်းနှင့်နီးသော ငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားရန်၊

၄။ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင် ပြင်ဆင်ထားရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းကြရန်၊

၅။ သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားရန်၊

၆။ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားရန်၊

၇။ မွေးမြူရေးကန်၏ ရေထွက်၊ ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေရန်၊

၈။ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပေးနိုင်မည့် နည်းလမ်းများအား ကြိုတင်ပြင်ဆင်ထားရန်၊

၉။ အစိုးရပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသ သတိပေးချက်များနှင့်ပတ်သက်သည့် သတင်းများကို အမြဲဂရုတစိုက်နားထောင်ရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက် ဖလှယ်ကြရန်၊

၁၀။ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြရန်၊

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ရဟန်းဒါယကာကြီး

### ဦးတင်မောင်ဆွေ(ခရမ်းမြို့)

### အသက်(၈၈)နှစ်

**မြို့နယ်ကျန်းမာရေးမှူး(ငြိမ်း)**
**မြို့နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့၊ ဥက္ကဋ္ဌ(ငြိမ်း)**

ရန်ကုန်မြို့၊ (၆)မိုင်ခွဲ၊ အမှတ်-၃၁(ဒီ)၊ အမက(၁၀) ကျောင်းလမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်နေ ဒေါ်ခင်သန်းနွဲ့၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်နိုင်ဆွေ-ဒေါ်စိုးမိမိအောင်၊ ဦးသက်ဆွေ (အထွေထွေမန်နေဂျာ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း)-ဒေါ်နီလာထွန်း၊ ဦးကြည်ဆွေ-ဒေါ်ဆွေဆွေလှ၊ ဗိုလ်မှူးဟန်ဆွေ-ဒေါ်စုမြတ်မွန်၊ ဦးသန်းဆွေ-ဒေါ်ဥမ္မာသီ တို့၏ ချစ်လှစွာသောဖခင် ဦးတင်မောင်ဆွေသည် ၈-၇-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်အရာထမ်း၊ အမှုထမ်းများ**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးကိုကိုကြီး (သံအမတ်ကြီး-ငြိမ်း)

### အသက်(၉၃)နှစ်

**ယခင်ကုန်သွယ်ရေး(၁၉) ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)**

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဝန်ထမ်းဟောင်း သက်ကြီးပူဇော်ကန်တော့ခံပုဂ္ဂိုလ်၊ ဝန်ထမ်းများအပေါ် မိဘသဖွယ် စောင့်ရှောက်ခဲ့ပါသော (မကလ-နာရေးကူညီမှုအဖွဲ့၏ ဂုဏ်ထူးဆောင်နာယကြီး)သည် ၇-၇-၂၀၁၈ ရက် (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မ-က-လ နာရေးကူညီမှုအဖွဲ့ တပည့်ဝန်ထမ်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း

### ဦးတင်မြင့်

### အသက်(၈၀)

**ဥက္ကဋ္ဌ၊ သီရိစန္ဒာဆေးရုံ**

လွန်ခဲ့သောအနှစ် (၂၀)ခန့်က ပိုင်ဆိုင်မှုဟူ၍ ဘာမှမရှိခဲ့သော သီရိစန္ဒာဆေးရုံမှာ ယခုအခါသုံးထပ်၊ လေးထပ်၊ ငါးထပ်ဆေးရုံများနှင့် ပြင်ပဆေးပေးခန်း အဆောက်အဦများကို ဦးစီးဆောင်ရွက်ခဲ့၍ အစုရှယ်ယာရှင်များနှင့် ဆက်ခံသူများကို အမွေပေးခဲ့ပြီး အခြေခံလူတန်းစားများအတွက် ကျန်းမာမှုနှင့် သက်သာမှုပေးနိုင်အောင် တင့်တောင့်တင့်တယ်ထားခဲ့ပြီး ၃-၇-၂၀၁၈ ရက်တွင် ကွယ်လွန်သွားသော ဦးတင်မြင့်အား နှမြောတသ ဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာ ဦးကျော်ထူး-ဒေါ်သန်းမြင့် မိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်မှူးခိုင်ဦး(ငြိမ်း)၊ OTS-73

### အသက် (၅၅)နှစ်

**စက်ရုံမှူး၊ အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်)**

အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်)၊ အရာထမ်းအိမ်ရာ၊ အမှတ်(၈၈၁)၊ (ဆင်ကျုံး)နေ ဒေါ်စုစုစိန်၏ချစ်လှစွာသောခင်ပွန်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ်(၁)ရေနံချက်စက်ရုံ (သန်လျင်)မှ စက်ရုံမှူး ဗိုလ်မှူးခိုင်ဦး(ငြိမ်း)သည် ၆-၇-၂၀၁၈ ရက် ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စက်ရုံမှူးနှင့် ဝန်ထမ်းများ**
**ရေနံဓာတုဗေဒစက်ရုံစု(သံပုရာကန်)**

---

## ဒေါ်သွယ်သွယ်ဟန်(ခ)ဒေါ်တိုးတိုး (B.Sc, Geogology)

### အသက်(၄၆)နှစ်

**တိုက်ကြီးမြို့**

တိုက်ကြီးမြို့နေ (ဦးတောဘော်)-ဒေါ်ခင်အေးကြူတို့၏သမီး၊ မဒေါက်မြို့နေ ဦးလှကြည်-(ဒေါ်ခင်မြင့်ရီ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့နေ ဦးဇော်ရဲရှိန်-ဒေါ်စန်းစန်းအေး၊ မဒေါက်မြို့နေ ဒေါ်ကျော့မွန်တို့၏ ညီမ၊ ရန်ကုန်မြို့နေ ဦးကျော်သန်းစိုး-ဒေါ်မင်းမင်းဟန်၊ ဦးဖေရဲရှိန်-ဒေါ်နန်းကျော့ခိုင်၊ တိုက်ကြီးမြို့နေ ဦးကျော်သီဟ-ဒေါ်ကြူကြူဝင်း၊ မဒေါက်မြို့နေ ဦးကိုကိုလတ်-ဒေါ်ကြည်ကြည်ဟန်၊ ဦးညီညီထွေး-ဒေါက်တာခင်ယမင်းစုတို့၏ အစ်မ၊ အမှတ်(၁၄/A)၊ စကားဝါ(၁)လမ်း၊ မလိခအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ်နေ ဦးရည်လွင်(ခ) ဦးမောင်မောင်၏ဇနီး၊ မသက်ထားရွှေစင်၊ မောင်ရှိုင်းဝဏ္ဏတို့၏မိခင်၊ တူ/တူမ ကိုးယောက်တို့၏ အဒေါ်သည် ၈-၇-၂၀၁၈(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၈ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၇-၂၀၁၈(စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးအောင်ကျော်မြတ်

### အသက်(၅၁)နှစ်

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့၊ ရွှေကြာငုံရပ်နေ ဘသူကြီး(ဦးထွန်းရှင်-ဒေါ်ကြည်ခင်)တို့၏မြေး၊ (ဦးစန်ယဉ်-ဒေါ်ထွန်းရီ)တို့၏သား ပုသိမ်တက္ကသိုလ်/ပခုက္ကူတက္ကသိုလ် အင်ဂျင်နီယာမှူးကြီး ဦးအောင်ကျော်မြတ်သည် ၇-၇-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၈ ရက် ညနေ ၄း၃၀ နာရီတွင် နေအိမ်မှ ပန်းဘဲသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်စန်းစန်းရီ

### အသက်(၈၇)နှစ်

**ကညွတ်ကွင်းမြို့**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ ဦးဝိဇ္ဇာလမ်း၊ အမှတ်(၂၃)နေ (ဦးအောင်ချစ်)၏ဇနီး၊ ဦးခင်မောင်တင်-ဒေါ်ဇာရည်အောင်၊ ဦးကျော်ညွန့်-ဒေါ်သီတာအောင်၊ ဦးမျိုးမင်း-ဒေါ်ခင်ဆန်းမြင့်၊ ဦးညွန့်ဝင်း-ဒေါ်တင်တင်ဝေ၊ ဦးမျိုးသန့်ဇော်-ဒေါ်ရီရီမွန်တို့၏ မိခင်ကြီး၊ မြေး ၁၁ ယောက်၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၈-၇-၂၀၁၈ ရက် မွန်းလွဲ ၁း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၈ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**အနိစ္စ**

## ဦးဝင်းအောင်

### အသက်(၆၆)နှစ်

ယခင် မြန်မာညွန့်အပ်ချုပ်စက်ရုံနှင့် အောင်သံဇကာစက်ရုံပိုင်ရှင် ယခင်အမှတ်(၁)၊ မာလာမြိုင်လမ်း၊ ဘောက်ထော်(၁၅)ရပ်ကွက်နေ (ဦးလှအောင်-ဒေါ်ကျင်ဆိုင်)တို့၏သားငယ်၊ မသဲသဲအောင်-ကိုကျော်မိုး၊ ကိုအောင်ခိုင်ညွန့်၊ (ကိုစိုးဝေဖြိုး)၊ မခိုင်နီမင်း၊ မယဉ်မွန်အောင်၊ ကိုလင်းထွဋ်အောင်-မဆွေရည်ထွန်း၊ မစိုးရတနာထွန်း၊ မစိုးရည်မွန်တို့၏ဦးလေး ဦးဝင်းအောင်သည် ၇-၇-၂၀၁၈ ရက် ည ၈း၃၇ နာရီတွင် မြောက်ဥက္ကလာ (OSC)ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၈ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (အမှတ်-၃၃၅၊ ကင်းဝန်လမ်း၊ ၃၈ ရပ်ကွက် နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ အရဖ်ခံ၊ မွှောရုံ၊ ဇရပ် ဒါယကာကြီး**

## ဦးကျော်ခင်

### အသက်(၆၅)နှစ်

**(BE. Mechanical, RIT 1978)**
**Chief Engineer**
**Swire Pacific off Shore**
**ရန်ကုန်မြို့**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ သရက်တောလမ်း၊ အမှတ်(၂)၊ မြေညီထပ်နေ (ဆရာကြီးဦးလှကျော်-ဒေါ်မမြဦး)တို့၏ သားလတ်၊ [ဦးစိန်ထွန်းဦး (ကျန်းမာရေးပြတိုက်မှူး)-ဒေါ်သန္တာဖြူ]တို့၏ သားသမက်၊ ဒေါ်သန်းသန်းနွဲ့၏ ခင်ပွန်း၊ မခင်စန္ဒာဦး၊ မင်းသိမ်းကျော်-မမြင့်သူလှိုင်တို့၏ ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုး ဦးကျော်ခင်သည် ၅-၇-၂၀၁၈ ရက်တွင် စင်ကာပူနိုင်ငံ (Farrer Park Hospital)၌ စင်ကာပူနိုင်ငံ စံတော်ချိန် နံနက် ၁၁း၃၄ နာရီနှင့် မြန်မာစံတော်ချိန် နံနက် ၁၀း၀၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၈ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်မြတ်နွယ်(ခ)မနွယ်

### အသက် (၆၂) နှစ်

(ဦးတင်ဦး-ဒေါ်ခင်ခင်)တို့၏ သမီး၊ (ဦးတင်လှ)-ဒေါ်လှလှတို့၏သမီးချွေးမ၊ (ဦးနေဝင်း)၏ ဇနီး၊ မဆုနွယ်ဝင်း၏ မိခင်၊ သန်လျင်မြို့၊ အမှုထမ်းရပ်ကွက်၊ အမှတ်(၁၀)နယ်မြေ၊ အမှတ်(၁၂)နေ ဦးမျိုးလွင် (မန်နေဂျာ-ငြိမ်း၊ CEIE)-ဒေါ်ခင်ခင်ဦး (ကျောင်းအုပ်ကြီး-ငြိမ်း၊ သ/မ သင်တန်းကျောင်း)တို့၏ ညီမ၊ ဒေါ်ခင်မော်မော်ဦး(အလက-၁၊ လသာ)၊ (ဦးသောင်းတန်ဦး)၊ ဦးမျိုးသူရိန် (ခေတ္တ-စင်ကာပူ)-ဒေါ်အိငယ်ငယ်ဦးတို့၏အစ်မ၊ ဦးနန္ဒမျိုးလွင် (ဌာနခွဲစာရေး၊ သန်လျင် သ/မ ဦးစီးဌာန)-ဒေါ်မြတ်သန္တာ (အကြီးတန်းစာရေး၊ သန်လျင် သ/မ ဦးစီး)၊ ဦးနေအောင်မျိုးလွင် (ကြီးကြပ်ရေးမှူး SMIDB Bank)၊ ဒေါ်ဖွန့်ဦးလွင် (လ/ထ ကထိက GTHS ရွာမ)၊ မခွန်းနေခြည်ဆင့် (အထက-၁၊ ဒဂုံ)၊ မောင်သုခန့်အောင်(အထက-၁၊ ဒဂုံ)တို့၏ချစ်လှစွာသောအဒေါ် ဒေါ်မြတ်နွယ်(ခ)မနွယ်သည် ၈-၇-၂၀၁၈ ရက် နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၈ (အင်္ဂါနေ့) နံနက် ၁၁း၃၀ နာရီတွင် သန်လျင်မြို့ အမိုးနီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်ချို

### အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၃၁)၊ အိုးဘိုလမ်း၊ အိုးဘိုရပ်ကွက်နေ (ဦးထွန်းဝေ-ဒေါ်တား)တို့၏ သမီးထွေး၊ (ဦးစံလှဘော်)၏ ဇနီး၊ ဦးစိန်ဝင်း၊ ဦးဝင်းမောင်-ဒေါ်တင်မင်းထွေး၊ ဒေါ်သန်းသန်းငွေ၊ ဒေါ်မေခင်၊ ဦးစိုင်းထင်ကျော်-ဒေါ်ဖြူဖြူသင်း(MRTV)တို့၏မိခင်၊ ဒေါ်ခင်ဆွေဦး၏အဒေါ်၊ မြေးငါးယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၈-၇-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၅း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၈ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၇-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးအောင်မြိုင်

### အသက် (၇၈) နှစ်

**မန်နေဂျာ (ငြိမ်း) မြန်မာ့စီးပွားရေးဘဏ်၊ ပုဇွန်တောင်**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ နပွလင်ကျေးရွာနေ (ဦးထွား-ဒေါ်တင်)တို့၏သား၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ခွာညို (၄)လမ်း၊ အမှတ် (၈၄)နေ ဒေါ်ခင်လှ၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးကိုကိုဦး)-ဒေါ်အေးအေးမူ၊ (ဒေါ်သီတာဦး)၊ ဦးအောင်ကျော်ဦး (လက်ထောက်ညွှန်ကြားရေးမှူး၊ မန္တလေးခရိုင်သစ်တောဦးစီးဌာန)-ဒေါ်သီတာချို၊ ဦးကျော်ဇင်ဦး၊ ဦးမိုးကျော်သူ-ဒေါ်ခင်သန္တာဦး၊ ဦးကံဝင်း-ဒေါ်ချယ်ရီမြိုင်၊ ဦးဟေမာအောင်-ဒေါ်စန်းစန်းဝင်းတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၇-၇-၂၀၁၈ (စနေနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၈ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၇-၂၀၁၈ (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးပေါ်အေး

### အသက်(၇၃)နှစ်

**တောင်ပိုင်းခရိုင်ဆောက်လုပ်ရေး(ငြိမ်း)**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သောက်တော်တွင်းရပ်ကွက်၊ ချမ်းမြေ့ရိပ်ငြိမ်လမ်း၊ အမှတ်(၁၇)နေ ဒေါ်စန်းရီ၏ ခင်ပွန်း၊ ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ မအူပင်ကွေ့နေ (ဦးလှဒင်-ဒေါ်ငယ်)တို့၏ သား၊ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နေ (ဦးလွန်း-ဒေါ်ပျော့)တို့၏ သားသမက်၊ ရန်ကုန်မြို့နေ (ဦးသန်းရှိန်-ဒေါ်ကျင်သန်း)၊ (ဒေါ်မြကြင်)တို့၏ ညီ/မောင်၊ ဦးမျိုးမြင့်-ဒေါ်ခင်တုတ်၊ ဦးအောင်ခိုင်သိန်း-ဒေါ်မြဝင်းကြည်တို့၏ အစ်ကို၊ ကိုရဲမြင့်အောင်-မနှင်းမိုးအေး၊ ကိုကျော်သီဟ-မခင်မြင့်ဆွေ၊ ကိုအောင်ကိုကိုသွင်-မဝါဝါဖူးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးနှစ်ယောက်တို့၏ အဘိုး သည် ၈-၇-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၂း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် အမိုးနီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၇-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးဝင်းအောင်

### (ဘောက်ထော်)

### အသက်(၆၆)နှစ်

ယခင် မြန်မာညွန့်အပ်ချုပ်စက်ရုံနှင့် အောင်သံဇကာစက်ရုံပိုင်ရှင် (ဦးလှအောင်-ဒေါ်ကျင်ဆိုင်)တို့၏ သားငယ်၊ (ဦးအဲလစ်-ဒေါ်တင်လှ)တို့၏ သားသမက်၊ ဦးငွေစိုး၊ (ဦးမြင့်သိန်း)-ဒေါ်ခင်မာလင်း၊ (ဒေါက်တာကံညွန့်)-ဒေါ်မူမူအောင်တို့၏ ညီ/မောင်၊ ဒေါ်အေးချောအောင်-ဦးမြင့်သူ၊ ဒေါ်ရှိုးရှိုးအောင်-ဦးရဲမြင့်လွင်၊ ဦးဝင်းထွဋ်အောင်-ဒေါ်ခိုင်ကြွယ်ကြွယ်ဟိန်း၊ ဦးဇော်ဇော်အောင်-ဒေါ်စောသီတာဝင်း၊ ကိုလပြည့်ဝင်းအောင်၊ ကိုပြည့်ဖြိုးအောင်၊ ကိုကျော်ဇေယျ၊ မယွန်းဖြူဝင်းအောင်၊ မခင်ပြည့်စုံတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ ဒေါ်ရင်ရင်လှ(ခ)ဒေါ်ဟယ်လင်၏ ချစ်လှစွာသောခင်ပွန်း၊ မြေး ၁၁ ယောက်တို့၏ အဘိုး ဦးဝင်းအောင်သည် ၇-၇-၂၀၁၈ (စနေနေ့) ည ၈း၃၇နာရီတွင် မြောက်ဥက္ကလာ(OSC)ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၈ (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (အမှတ်-၃၃၅၊ ကင်းဝန်လမ်း၊ ၃၈ ရပ်ကွက်၊ မ/ဒဂုံ နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန် ဒါယကာကြီး**

## ဦးအေးငြိမ်း(ခ)ဦးငယ်

### အသက် (၅၄)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ မာန်ပြေ (၁၁) လမ်းအရှေ့၊ အမှတ် (၄၈၂)နေ (ဦးစံငြိမ်း-ဒေါ်ကျင်လှ)တို့၏ သားငယ်၊ ဦးလှရွှေ-(ဒေါ်စန်းစန်းဝေ)၊ ဒေါ်ဥဥကြည်၊ ဦးမော်စီ(ခ)ဦးချစ်ဆွေ၊ (ဦးဝင်းလှိုင်)-ဒေါ်နုနုကြည်၊ ဒေါ်စုစုကြည်၊ (ဦးအောင်ရှိန်)၊ ဦးကိုကိုဦး- ဒေါ်အေးအေးချိုတို့၏ ညီ/မောင်၊ ဦးဝင်းကျော်မြင့်-ဒေါ်စန္ဒာထွေးတို့၏အစ်ကို၊ တူ/တူမ ရှစ်ယောက်တို့၏ ဦးလေး၊ မြေးသုံးယောက်တို့၏အဘိုးသည် ၈-၇-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် အောင်ရတနာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၈ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၇-၂၀၁၈ (စနေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု


# လိုဏ်ဂူအတွင်း ပိတ်မိနေသော လူငယ်များအနက်မှ လေးဦး ကယ်ထုတ်နိုင်ပြီ

**မယ်ဆိုင် ဇူလိုင် ၈**

ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင် မယ်ဆိုင်မြို့ ထမ့်လုံခွန်နမ့် လိုဏ်ဂူအတွင်း၌ ပိတ်မိနေကြသော လူငယ်ဘောလုံးအသင်းဝင် ၁၂ ဦးနှင့် နည်းပြတို့အား အမြန်ဆုံးခေါ်ထုတ်နိုင်ရန်အတွက် ကယ်ဆယ်ရေးအဖွဲ့ဝင်များက ဆောင်ရွက်ခဲ့ကြရာ ယနေ့ညပိုင်း ဒေသစံတော်ချိန် ည ၇ နာရီ ၃၅ မိနစ်အထိ လူငယ် လေးဦးအား ကယ်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

၎င်းတို့အား ကျန်းမာရေးအခြေအနေ စိုးရိမ်ရသောကြောင့် ရဟတ်ယာဉ်ဖြင့် တင်ဆောင်ကာ ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေသည့် လိုဏ်ဂူနှင့် ၃၅ မိုင်အကွာတွင် တည်ရှိသော ချင်းရိုင်ပြည်သူ့ဆေးရုံကြီးသို့ တိုက်ရိုက်တင်ပို့ကုသထားကြောင်း ထိုင်းနိုင်ငံ ရုပ်/သံသတင်းဌာနများမှ ဖော်ပြချက်အရ သိရသည်။

လက်ရှိအနေအထားအရ လူငယ်ဘောလုံးအသင်းဝင်လေးဦးအား ပထမဆုံးအဖွဲ့အနေဖြင့် ယနေ့ညနေပိုင်းက အောင်မြင်စွာ ကယ်ထုတ်နိုင်ခဲ့ခြင်းဖြစ်ပြီး ၎င်းတို့အတွက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုဏ်ဂူအတွင်းရှိ အောက်ဆီဂျင်အားလုံးနီးပါး အသုံးပြုခဲ့ရသောကြောင့် ထပ်မံဖြည့်တင်းခြင်းအပါအဝင် အခြားကယ်ဆယ်ရေးလုပ်ငန်းပြင်ဆင်မှုများ ဆောင်ရွက်ရန်အတွက် နာရီပေါင်း ၁၀ နာရီမှ နာရီ ၂၀ ဝန်းကျင်အကြား ပြင်ဆင်မှုများပြုလုပ်ရန်လိုအပ်ကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ထင်ထားသည်ထက် ပိုမိုအောင်မြင်ခဲ့ကြောင်းနှင့် နိုင်ငံတကာမှ ပံ့ပိုးကူညီဆောင်ရွက်ပေးသည့်အတွက် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✪



လိုဏ်ဂူအတွင်းမှ လူငယ်များအား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။



စောဖိုးထွန်း(သတ္တိ)နှင့် ခွမ်းဖစ်(ထိုင်း) တို့ ယှဉ်ပြိုင်ထိုးသတ်ကြစဉ်။

# မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့ ဆီမီးဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်ထိုးသတ်

**ရန်ကုန် ဇူလိုင် ၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ ကြီးမှူးပြီး MMTS နှင့် H & S Group တို့ ပူးပေါင်းစီစဉ်သော Lethwei Nation 50th media Championship 2018 မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ရှိ သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ ကျင်းပသည်။

ငါးချီ ၆၇-၇၁ ကီလိုတန်း၌ ကရင်ပြည်နယ် အောင်လံဆုရ ကျော်ထက်(ယူနိုက်တက်)နှင့် ရွှေခါးပတ်ချန်ပီယံ ကြယ်စင်ဖြိုး (ရိုးရာပုဂံ)ပွဲစဉ်တွင် ပွဲချိုပြည့်အကြိတ်အနယ်ယှဉ်ပြိုင်ထိုးသတ်ကြသော်လည်း ကြယ်စင်ဖြိုးက အမှတ်ဖြင့်အနိုင်ရရှိခဲ့ပြီး ကရင်ပြည်နယ် အောင်လံဆုရ မင်းမောင်မောင်(တောင်ကလေး)နှင့် တိုင်းဒေသကြီး၊ ပြည်နယ်(ရွှေ) ဆန်းသူဦး(တိုက်ဂါး)တို့ ပွဲစဉ်တွင် ပထမအချီ ၁ မိနစ် ၂၁ စက္ကန့်မှာပင် ဆန်းသူဦး၏ တံတောင်ရိုက်ချက်ကြောင့် မင်းမောင်မောင် မျက်ခုံးကွဲသွားပြီး ဆေးစစ်ချက်ဖြင့် မင်းမောင်မောင် ရှုံးနိမ့်ခဲ့သည်။ **စာမျက်နှာ ၈ ကော်လံ ၃ သို့** ❖

## မြန်မာနှင့် ဗီယက်နမ် အမျိုးသမီးအသင်း အုပ်စုပထမနေရာအတွက် ယနေ့အဆုံးအဖြတ်ကစားမည်

**ပလန်ဘမ် ဇူလိုင် ၈**

၂၀၁၈ အာဆီယံအမျိုးသမီးပြိုင်ပွဲ အုပ်စု (ခ) နောက်ဆုံးနေ့ကို ဇူလိုင် ၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာနှင့် ဗီယက်နမ် အမျိုးသမီးအသင်းသည် အုပ်စုပထမနေရာအတွက် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ယှဉ်ပြိုင်ကစား**

အုပ်စု (ခ) နောက်ဆုံးနေ့အဖြစ် ဇူလိုင် ၉ ရက် မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှား၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် မြန်မာနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာနှင့် ဗီယက်နမ်အသင်းသည် သုံးပွဲနိုင် ကိုးမှတ်ဖြင့် ဆီမီးဖိုင်နယ်တက်ရောက်ထားပြီး ယခုပွဲမှာ ပထမနေရာအတွက်သာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဂိုးကွာခြားချက်တွင် ဗီယက်နမ်အသင်းက အသာရထားသောကြောင့် မြန်မာအသင်းအနေဖြင့် နိုင်ပွဲရယူနိုင်မှသာ အုပ်စုပထမနေရာရရှိမည် ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ဖိလစ်ပိုင်ကို လေးဂိုး-ဂိုးမရှိ၊ အင်ဒိုနီးရှားကို ခုနစ်ဂိုး-တစ်ဂိုး၊ စင်ကာပူကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ဗီယက်နမ်အသင်းမှာမူ အင်ဒိုနီးရှားကို ခြောက်ဂိုး-ဂိုးမရှိ၊ စင်ကာပူကို ၁၀ ဂိုး-ဂိုးမရှိ၊ ဖိလစ်ပိုင်ကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရထားသည်။ အုပ်စု (က)တွင် ထိုင်းက အုပ်စုပထမ၊ ဩစတြေးလျ ယူ-၂၀ အသင်းက အုပ်စုဒုတိယရရှိကာ ဆီမီးဖိုင်နယ် တက်ရောက်ခဲ့သည်။ **ရဲရင့်ရှိန်း**

## မြန်မာ ယူ-၁၉ အသင်းက ဘရူနိုင်းအသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိ

**ပလန်ဘမ် ဇူလိုင် ၈**

၂၀၁၈ အာဆီယံ ယူ-၁၉ ပြိုင်ပွဲ အုပ်စု (ခ) ပွဲစဉ်များကို ယနေ့ညနေပိုင်းက အင်ဒိုနီးရှားနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာ ယူ-၁၉ အသင်း ဂိုးပြတ်နိုင်ပွဲရရှိခဲ့သည်။ မြန်မာ ယူ-၁၉ အသင်းသည် ဘရူနိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာ ယူ-၁၉ အသင်းသည် နှစ်ပွဲဆက်ဂိုးပြတ်အနိုင်ရခဲ့သောကြောင့် ဆီမီးဖိုင်နယ်တက်ရန် မျှော်လင့်ချက်ပိုကောင်းသွားခဲ့သည်။ **စာမျက်နှာ ၈ ကော်လံ ၃ သို့** ❍

